မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်   ၂၀၂၀ ပြည့်နှစ်၊ သြဂုတ် ၁၇ ရက်၊ တနင်္လာနေ့   အတွဲ (၅၉)၊ အမှတ် (၃၁၉)

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝင် (ဓမ္မပဒ – ၇၈)

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးဒေသ၌ ဘိလပ်မြေစက်ရုံ (တန်-၅၀၀၀) တည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေး

ဂန့်ဂေါ သြဂုတ် ၁၆

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ချင်းပြည်နယ်၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဟားခါးမြို့ View Point သို့ ရောက်ရှိပြီး ဟားခါးမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လေအွမ်(ခ)ကျေးရွာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ဓာတ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရီဗားချောင်းကူးတံတား တည်ဆောက်ပြီးစီး

ထို့နောက် Brick Mountain Industrial Company Limited မှ ဘူမိဗေဒပညာရှင် ဦးသိန်းဆင့်က ချင်းပြည်နယ် ဟားခါးမြို့နယ် ဘုံဖုံးဒေသ Lungrang Klang တောင် ထုံးကျောက်တူးဖော်ထုတ်လုပ်ရေးနှင့် ဘိလပ်မြေစက်ရုံ (တန် – ၅၀၀၀) တည်ဆောက်နိုင်ရေး ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး MICEG (Chin Chapter)မှ ဦးငွန်ဆန်းအောင်က ရီဗားချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻



ဟားခါးမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ ကြည့်ရှု

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးနှင့် အဖွဲ့ဝင်များ ဟားခါးမြို့ View Point မှ ဟားခါးမြို့ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစဉ်။

သတင်းစဉ်

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း

ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် အဖိုးတန်လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင်ခြင်းပင်ဖြစ်သည်။ ကလေးသူငယ်ဟု ဆိုရာတွင် ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေအရ အသက် ၁၆ နှစ်မပြည့်သူကို ကလေးသူငယ်ဟု သတ်မှတ်ထားပြီး အသက် ၁၆ နှစ်ပြည့်ပြီး အသက် ၁၈ နှစ် မပြည့်သေးသူကို လူငယ်ဟူ၍ သတ်မှတ်ခဲ့သည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ပြဋ္ဌာန်းခဲ့သည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ အသက် ၁၈ နှစ်မပြည့်သေးသူဟူသမျှ ကလေးသူငယ်သာဖြစ်သည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ ကလေးသူငယ်များဖြစ်ကြပြီး အများစုမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ ယင်းကလေးသူငယ်များအနက် မိဘအုပ်ထိန်းသူများနှင့်အတူ နေထိုင်ပြီး လူမှုပတ်ဝန်းကျင်၌ ပုံမှန်ဖွံ့ဖြိုးခွင့်ရသည့် ကလေးသူငယ်များရှိသလို လူမှုဘဝအကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သည့်ကလေးသူငယ်များလည်း ရှိနေသည်။ အဆိုးဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခံရသည့် ကလေး၊ လမ်းပေါ်နေကလေး၊ အကျဉ်းကျကလေး၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်ခံရသည့်ကလေး၊ လူကုန်ကူးခံရသည့်ကလေး၊ မိဘများ ကွဲကွာနေသည့်ကလေး၊ ခုခံအားကျရောဂါ ခံစားနေရသည့်ကလေး၊ မိဘများခုခံအားကျရောဂါဖြစ်နေသည့်ကလေး၊ တောင်းရမ်းစားနေသည့်ကလေး၊ မူးယစ်ဆေးဝါးလုပ်ငန်းများတွင် အသုံးချခံနေရသည့်ကလေး၊ မိဘ/အုပ်ထိန်းသူမရှိသောကလေး၊ စိတ်ပေါ့သွပ်နေသည့်ကလေး၊ ကူးစက်ရောဂါစွဲနေသည့်ကလေး၊ သဘာဝဘေး၊ စစ်မက်ဘေးတို့ ခံစားနေရသည့်ကလေး၊ ချို့တဲ့ နွမ်းပါးမသန်စွမ်းသည့်ကလေးတို့မှာ ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သည့်ကလေးများပင်ဖြစ်သည်။

ကလေးသူငယ်တိုင်း ရပိုင်ခွင့်ရှိသည့် အခြေခံအခွင့်အရေး ၄ ရပ်အရ (၁) ကလေးသူငယ်တိုင်း အသက်ရှင်သန်ခွင့်ရှိသည်။ (၂) ကလေးသူငယ်တိုင်း ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခွင့်ရှိသည်။ (၃) ကလေးသူငယ်တိုင်း ကာကွယ်စောင့်ရှောက်မှု ရပိုင်ခွင့်ရှိသည်။ (၄) ပါဝင်ဆောင်ရွက်ခွင့်အရ ကလေးများနှင့် သက်ဆိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု စသည့် လှုပ်ရှားမှုများတွင် အသက်အရွယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအလိုက် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

မြန်မာနိုင်ငံတွင် မိသားစုဘဝအခြေအနေအရ ကလေးသူငယ်များမှာ မိသားစု၏ စားဝတ်နေရေးအတွက် ပါဝင်ဆောင်ရွက်နေကြရသလို ပညာသင်ကြားခွင့် ဆုံးရှုံးနေရသည့်ကလေးများလည်း ရှိသည်။ ထို့အပြင် မိသားစု၏ ကောင်းစွာထိန်းသိမ်းစောင့်ရှောက်မှုကို မရရှိဘဲ လမ်းပေါ်လေလွင့်နေသည့် ကလေးများ၊ မူယစ်ဆေးဝါး၊ ဒုစရိုက်တို့နှင့် ဆက်နွှယ်နေသည့် ကလေးများလည်း ရှိနေရာ ၎င်းတို့အား စာရိတ္တပြုပြင်ရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ပြီး အသက် ၈ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကာကွယ်စောင့်ရှောက်မှုပေးရန်လိုသော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိသည်။ ကလေးသူငယ်များ၏ကျန်းမာရေး၊ပညာရေး၊အားကစား၊သက်မွေးဝမ်းကျောင်းပညာအပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်း ဖွံ့ဖြိုးတိုးတက်ရေး စာရိတ္တကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ တွံတေး၊ သန်လျင်၊ ကျိုက်ဝိုင်း၊ မော်လမြိုင်၊ မန္တလေး၊ လားရှိုး၊ လပွတ္တာမြို့များတွင် လူငယ်သင်တန်းကျောင်းများ ဖွင့်လှစ်ထားရာ အချို့သင်တန်းကျောင်းများတွင် ဝန်နှင့်အား မမျှအောင် ကာကွယ်စောင့်ရှောက်မှု ပေးနေရကြောင်းလည်း သိရသည်။ စင်စစ်အားဖြင့် ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်မှုတွင် လူမှုအသိုင်းအဝိုင်း၊ အဖွဲ့အစည်းများကလည်း ပါဝင်ကြရန် လိုအပ်မည်ဖြစ်သည်။

ကလေးတိုင်း ကလေးသူငယ်အခွင့်အရေးကို အပြည့်အဝရရှိရေး ဆောင်ရွက်ပေးခြင်းက နိုင်ငံတော်၏အနာဂတ်ကို တည်ဆောက်နေခြင်း၊ အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ အရင်းအနှီး များများပြုသည်နှင့်အမျှ လူ့စွမ်းအားအရင်းအမြစ်တန်ဖိုး မြင့်မားလာမည်ဖြစ်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် အင်အားကြီးမားစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

တောင်ငူခရိုင်အတွင်း ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းထားမှုကို တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စိစစ်ဆောင်ရွက်

တောင်ငူ ဩဂုတ် ၁၆

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တောင်ငူခရိုင်အတွင်း ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်တင်သွင်းလွှာများ စိစစ်ခြင်းကို ဩဂုတ် ၁၁ ရက်မှ ၁၇ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ရာ ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် အခြားပါတီစုံမှ ကိုယ်စားလှယ်လောင်းများ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းထားမှုကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်သည်။ (အောက်ပုံ)

ထိုသို့စိစစ်ဆေးရာတွင် တောင်ငူခရိုင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင် ခုနစ်ဦးက ကိုယ်စားလှယ်လောင်းအမည်တင်သွင်းလွှာ တင်သွင်းသူများ၏ ရှေ့မှောက်တွင် ကိုယ်စားလှယ်လောင်း တစ်ဦးချင်းအလိုက် အမည်စာရင်းတင်သွင်းလွှာတွင် ဖော်ပြထားသော အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်တို့ မှန်ကန်ခြင်းရှိ/မရှိ၊ မူရင်းများတင်ပြနိုင်မှုနှင့် မြန်မာနိုင်ငံတွင် တစ်ဆက်တည်း ၁၀ နှစ် နေထိုင်ခြင်း ရှိ/မရှိများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များအတိုင်း စိစစ်ကြောင်း သိရသည်။

အဆိုပါ လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ခြင်းတွင် တောင်ငူခရိုင်အတွင်း နိုင်ငံရေးပါတီ ၁၅ ပါတီ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းမှု တစ်ဦးရှိပြီး အမျိုးသား လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ၁၂ ဦး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း တင်သွင်းသူ ၃၀၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၈ ဦးအား စိစစ်ပြီးကြောင်း၊ တိုင်းဒေသကြီး အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၈ ဦးတွင် ဩဂုတ် ၁၅ ရက်၌ ကိုယ်စားလှယ်လောင်း ၁၃ ဦးအား တောင်ငူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ စိစစ်လျက်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တောင်ငူခရိုင်အနေဖြင့် ဆန္ဒမဲပေးနိုင်ရန် မဲရုံပေါင်း ၉၇၁ ရုံ လျာထား ဆောင်ရွက်ထားကြောင်း၊ ပါဝင်ယှဉ်ပြိုင်မည့် လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းသူ ၁၁၈ ဦးရှိကြောင်း သိရသည်။

တောင်ငူခရိုင်အနေဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ရှစ်သိန်းခြောက်သောင်းကျော်ရှိပြီး ပထမအကြိမ် မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာရာ၌ ပုံစံ (၃) တောင်းဆိုသူ ဦးရေ ၂၄၅၇၁ ဦး၊ ပုံစံ (၃-က) တောင်းဆိုသူဦးရေ ၃၈၁ ဦး၊ ပုံစံ (၄-ဂ) ပြင်ဆင်သူ ဦးရေ၁၀၁၃၃ ဦး၊ ပုံစံ (၄) ကန့်ကွက်လွှာအတွက် ဦးရေ ၅၀၁၀ အထိ ရှိကြောင်း လာရောက်ကြည့်ရှုသူ ၂၉ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

သူရ (တောင်ငူ)

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုမှ နှစ်လတ်သီးနှံနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

ကျိုက်ထို ဩဂုတ် ၁၆

ပြည်တွင်း၌ အရည်အသွေးမြင့်သစ်များ ထုတ်လုပ်အသုံးပြုနိုင်ရန် ရည်ရွယ်၍ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုမှ အသင်းပိုင်မြေများပေါ်တွင် ပိတောက်အစားထိုးသီးနှံအဖြစ် မန်ဂျန်ရှားပင် ၄၃၀၀ ကို ပင်ကြား၊ တန်းကြား ၉ ပေကွာ၍ စိုက်ပျိုးပြီး သီးညှပ်အဖြစ် ခရမ်းပင် ၄၆၀၀ နှင့် နနွင်းမျိုးပိဿာ ၃၀၀ တို့ကိုလည်း စိုက်ပျိုးထားသည်။ မန်ဂျန်ရှားပင်မှာ အပင်ငယ်ဘဝတွင် စက္ကူပျော့ဖတ်နှင့် အရည်အသွေးမြင့်စက္ကူများကို ထုတ်လုပ်နိုင်ကာ ၆ နှစ်မှ ၁၀ နှစ် သက်တမ်းရှိလာပါက ရောင်းတန်းဝင် အရည်အသွေးမီ သစ်မျိုးကောင်းဖြစ်လာပြီး ပင်စည်လုံးပတ်ဖြောင့်စင်းသည့်အတွက်ဒေသအတွင်း အိမ်သုံးပရိဘောဂအဖြစ် အသုံးပြုနိုင်သည်။

ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစုအနေဖြင့် နှစ်လတ်သီးနှံနှင့် ရာသီပေါ်သီးနှံများ စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ပြီး ကျေးရွာနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိခြင်းနှင့် ရာသီပေါ်သီးနှံများ ထွက်ရှိပါက ဒေသခံပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဖောင်းပြင်မြို့အနီး အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် ဩဂုတ် ၁၆

ဩဂုတ် ၁၆ ရက် မြန်မာစံတော်ချိန် ၁၀ နာရီ ၃၆ မိနစ် ၀၆ စက္ကန့်အချိန်တွင် တမူးမြေငလျင်စခန်းမှ အရှေ့-အရှေ့တောင်ဘက် ၃၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဖောင်းပြင်မြို့၏ တောင်ဘက် ၁၄ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၀၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၈၁ ဒီဂရီ၊ အနက် ၈၉ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၅ အဆင့်ရှိအင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။



မြန်မာ့အလင်း

ဩဂုတ် ၁၉ ရက်တွင် လေဖိအားနည်း ရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၆

ယနေ့ မွန်းလွဲ ၁ နာရီခွဲ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဩဂုတ် ၁၉ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားသည်။

မြန်မာ့အလင်း

ပြည်သူသာလျှင် အဓိက

❊ ရှေ့ဖုံးမှ

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက နိုင်ငံ၏ ဘိလပ်မြေလိုအပ်ချက်ကို နိုင်ငံခြားငွေသုံးစွဲ၍ ပြည်ပမှ ဝယ်ယူတင်သွင်းနေရပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ပိုမိုလုပ်ဆောင်လာကြမည်ဖြစ်သည့်အတွက် နိုင်ငံ၏ဘိလပ်မြေလိုအပ်ချက်သည် ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း၊ ယခု ဘိလပ်မြေစက်ရုံ တည်ဆောက်မည့်နေရာသည် ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ ဆုံရပ်တွင် တည်ရှိသဖြင့် ယင်းဒေသများအတွက် ဘိလပ်မြေအသုံးပြုနိုင်ရန် သယ်ယူပို့ဆောင်စရိတ်ကုန်ကျမှု သက်သာခြင်း၊ သက်သာသည့်ငွေကြေးဖြင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်လာနိုင်မည်ဖြစ်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းစသည့် တိုက်ရိုက်အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပါကြောင်း။

နိုင်ငံခြားငွေရရှိနိုင်

ဘိလပ်မြေစက်ရုံအား ပထမအဆင့် တန် -၅၀၀၀ ကျ တည်ဆောက်မည်ဖြစ်ပြီး ဒုတိယအဆင့် (တန်-၅၀၀၀) ကျ ဆက်လက်တည်ဆောက်ပြီးပါက နေ့စဉ် (တန်- ၁၀၀၀၀) ထုတ်လုပ်နိုင်မည် ဖြစ်သည့်အတွက် ပြည်တွင်း ဘိလပ်မြေလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ နိုင်ငံခြားငွေရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စက်မှုကုန်ကြမ်းများ အနီးအနားတွင် အလွယ်တကူရရှိနိုင်ပြီး ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုနိုင်မည့် ဘိလပ်မြေစက်ရုံ အလျင်အမြန်အကောင်အထည်ဖော်တည်ဆောက်သွားနိုင်ရေး ဝိုင်းဝန်းပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့နယ် ဘုံဖုံးဒေသ Lungrang Klang တောင် ထုံးကျောက်တူးဖော်ထုတ်လုပ်ရေးနှင့် ဘိလပ်မြေစက်ရုံ (တန်- ၅၀၀၀) တည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။ သတင်းစဉ်

ပြန်လည်ရှင်းလင်းဖြေကြား

ယင်းနောက် ဒေသခံပြည်သူ ဒေါ်ထောင်ပဲင်က ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာရဲမြင့်ဆွေနှင့် ဦးခင်မောင်ဝင်း၊ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘုံဖုံးကျေးရွာခန်းမ၌ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံရာ ကျေးရွာတာဝန်ရှိသူတစ်ဦးက သစ်တောကြိုးပြင်ကာကွယ်တောရှိ လယ်ယာမြေများအား ပုံစံ (၇) ရရှိရေးအတွက် သစ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးနိုင်ရေး၊ ဇဟောချောင်းကူးတံတား တည်ဆောက်ပေးနိုင်ရေး၊ ပလက်ဝဒေသမှ ရောက်ရှိလာသည့် ခမီးလူမျိုး တိုက်ပွဲရှောင်ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ကျေးရွာချင်းဆက်လမ်း ကျောက်ခင်းလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် ဟားခါး-ဂန့်ဂေါလမ်းတွင် တိုက်နယ်ဆေးရုံတစ်ရုံ တည်ဆောက်ပေးနိုင်ရေးတို့ကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် ဦးပေါင်လွှန်းမင်ထန်နှင့် ဦးရွှေထီးအိုးနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဦးတို့က ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

အလေးထားဆောင်ရွက်

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက တောင်သူများ ဈေးငွေရရှိရေးဆောင်ရွက်ရာတွင် အရေးပါသည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ပေးနိုင်ရေးကို အလေးထား ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးလိုသော်လည်း ဘဏ္ဍာရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ အခက်အခဲဟူသမျှကို ကျော်လွှားသွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

> ❑ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များအားလုံးကို ဖြည့်ဆည်းပေးလိုသော်လည်း ဘဏ္ဍာရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟားခါးမြို့နယ် ဘုံဖုံးကျေးရွာခန်းမ၌ ကျေးရွာတာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူငယ်သင်တန်းကျောင်းများတွင် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက် လေ့ကျင့်ပေးနိုင်ရန် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဩဂုတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် ဩဂုတ် ၁၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင် လူငယ်သင်တန်းကျောင်းသို့ လည်းကောင်း၊ ဩဂုတ် ၁၅ ရက်တွင် မွန် ပြည်နယ် မော်လမြိုင် လူငယ်သင်တန်းကျောင်းသို့ လည်းကောင်း သွားရောက်ကြည့်ရှုသည်။

သင်တန်းကျောင်းများသို့ ရောက်ရှိစဉ် သင်တန်းကျောင်းအုပ်များနှင့် တာဝန်ခံဆရာ၊ ဆရာမများက သင်တန်းကျောင်း၏ အဆောက်အအုံအခြေအနေ၊ သင်တန်းကျောင်းတွင် လက်ခံစောင့်ရှောက်ထားသော ကလေးအမျိုးအစား၊ နေ့စဉ်အစားအသောက်ကျွေးမွေးမှု၊ သင်တန်းကျောင်းနေလူငယ်များအတွက် နေ့စဉ်လုပ်ငန်းဆောင်ရွက်မှု၊ ကျောင်းပညာသင်ယူနေသည့် ကလေးသူငယ်များအတွက် ပညာရေးဆောင်ရွက်ထားမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ အားကစား၊ ဂီတနှင့် အသိပညာပေးခြင်းလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများနှင့် တွေ့ကြုံရသော အခက်အခဲများကို တင်ပြကြသည်။

ပူးပေါင်းကူညီ

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ သင်တန်းကျောင်းများတွင် ကာကွယ်စောင့်ရှောက်မှု ပေးရန်နှင့် စာရိတ္တပြုပြင်ပေးရန် လိုအပ်သော ကလေးသူငယ်ဦးရေသည် များပြားလာခဲ့ပါကြောင်း၊ စီမံခန့်ခွဲမှုလုပ်ငန်းများကိုညွှန်ကြားချက်များ၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများဖြင့် အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယခုထက် ပိုမိုစနစ်ကျစေရန် လူငယ်သင်တန်းကျောင်း လက်စွဲစာအုပ်ကို ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လက်စွဲစာအုပ်ရေးဆွဲကြရာတွင် လက်တွေ့ကြုံတွေ့ရသည့် အခြေအနေများ၊ ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာများအပေါ် အခြေခံ၍ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏ တာဝန်ဝတ္တရားများအလိုက် ဆောင်ရွက်ရမည့် အသေးစိတ်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးပြီး ထည့်သွင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ လူငယ်သင်တန်းကျောင်းသို့ ရောက်ရှိလာကြသည့် လူငယ်များထဲတွင် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ခိုးမှု၊ လုယက်မှုအများဆုံးဖြစ်ပြီး ယင်းအမှုများကို ကျူးလွန်ရခြင်း၏ အခြေခံအကြောင်းရင်းများစွာ ရှိမည်ဖြစ်ပါကြောင်း၊ မိဘမဲ့ဖြစ်ခြင်း၊ မိဘအုပ်ထိန်းမှုမခံရခြင်း၊ မိသားစုပြဿနာရှိခြင်း၊ ဆင်းရဲခြင်း၊ မိသားစုနှင့် ကင်းကွာလာခြင်းနှင့် မူးယစ်ဆေးဝါးသားကောင် ဖြစ်လာခြင်းများသည် အဓိကအကြောင်းရင်းများဖြစ်ပြီး ထိုအခြေအနေများကြောင့် ပြစ်မှုများကျူးလွန်ခြင်း ဖြစ်ပါကြောင်း၊ ကိုယ်လက်လှုပ်ရှားအားကစားများ ပြုလုပ်စေခြင်း၊ ဂီတအနုပညာတွင် မွေ့လျော်စေခြင်း၊ သတင်းစာများ၊ စာစောင်များ ဖတ်ရှုစေခြင်းဖြင့် ခေတ်ကာလအခြေအနေများကို သိရှိနားလည်စေခြင်း၊ လူငယ်များကို ပြုပြင်ပြောင်းလဲရာတွင် လူငယ်အချင်းချင်းက ထိရောက်စွာစည်းရုံးဆောင်ရွက်ခြင်း၊ သင်တန်းကျောင်းများတွင်လည်း ဝန်ထမ်းအင်အားနည်းပါးသည့်အတွက် လူငယ့်ရေးရာ ကော်မတီဝင်လူငယ်များ၏ ဆန္ဒအရ ပူးပေါင်းကူညီမှု ရယူခြင်းတို့ကို ပြုလုပ်သင့်ပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး၊ ဖွံ့ဖြိုးရေးနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းဥပဒေများအရ ကာကွယ်စောင့်ရှောက်မှုလိုအပ်သော ကလေးသူငယ်များ၊ စာရိတ္တပြုပြင်ရန်လိုအပ်သော ကလေးသူငယ်များအတွက် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင် လူငယ်သင်တန်းကျောင်း၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးလူငယ် သင်တန်းကျောင်းနှင့် မွန်ပြည်နယ် မော်လမြိုင် လူငယ်သင်တန်းကျောင်းတို့ကို ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

အလားတူ ဒုတိယဝန်ကြီး ဦးစိုးအောင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုရာ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတာဝန်ခံက သင်တန်းကျောင်းနှင့် ပတ်သက်၍ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ လိုအပ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အဆောင်အလိုက်တာဝန်ယူဆောင်ရွက်နေသော ဝန်ထမ်းများက လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းတွင် ပြစ်မှုကျူးလွန်၍ ကလေးသူငယ်တရားရုံးက ပြစ်ဒဏ်စီရင်ခြင်းခံရသော အမိန့်ကျကလေးသူငယ် ၅၂၅ ဦး၊ သင်တန်းကျောင်းက ပြုစုစောင့်ရှောက်ထားသော ကလေး ၈၂ ဦး စုစုပေါင်း ၆၀၇ ဦး၊ သန်လျင်လူငယ်သင်တန်းကျောင်းတွင် အမှုရင်ဆိုင်ဆဲ ရမန်ကလေး ၄၇၈ ဦး၊ သင်တန်းကျောင်းက ပြုစုစောင့်ရှောက်ထားသော ကလေး ၂၇ ဦး စုစုပေါင်း ၅၀၅ဦးနှင့် မော်လမြိုင် လူငယ်သင်တန်းကျောင်းတွင် အမှုရင်ဆိုင်ဆဲ ရမန်ကလေး ၁၁၄ ၊ ပြစ်မှုကျူးလွန်၍ ကလေးသူငယ်တရားရုံးက ပြစ်ဒဏ်စီရင်ခြင်းခံရသော အမိန့်ကျပြီး ကလေးသူငယ် ၁၁၀ ၊ သင်တန်းကျောင်းက ပြုစုစောင့်ရှောက်ထားသော ကလေး ၂၀ စုစုပေါင်း ၂၄၄ ဦးရှိပြီး ကလေးသူငယ်အခွင့်အရေးများ ချိုးဖောက်ခံရမှုမရှိစေရေး၊ လုံခြုံမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးများကို ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရန်နှင့် လိုအပ်ချက်များအတွက် အတတ်နိုင်ဆုံး စနစ်တကျ ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

ထန်းတပင်၌ မဲဆန္ဒရှင် အမည်စာရင်းများ ကပ်ထားကြေညာထားရှိမှု မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

ထန်းတပင် ဩဂုတ် ၁၆

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ထန်းတပင်မြို့နယ်၌ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ယမန်နေ့က မြို့ပေါ်ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ မဲဆန္ဒရှင်အမည်စာရင်းများ ကပ်ထားကြေညာထားရှိမှုများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ထန်းတပင်မြို့နယ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း လျာထားစာရင်းအရ ၉၅၀၀၀ ကျော်အထိ ရှိကြောင်း၊ မြို့နယ်အတွင်း ရပ်ကွက်နှင့်ကျေးရွာများရှိ ရပ်၊ ကျေးကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်များ၏ စာရင်းများ ကပ်ထားကြေညာရာတွင် စနစ်တကျရှိစေရေး၊ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို ဩဂုတ် ၁၄ ရက်အထိ တိုးမြှင့်ကြေညာပေးခဲ့ကြောင်း ၎င်းကာလအတွင်း မဲဆန္ဒရှင်စာရင်း၌ မိမိအမည်မပါရှိလျှင် ပုံစံ(၃)ဖြင့် တောင်းယူဖြည့်စွက်ရန်၊ မဲစာရင်း၌ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် တောင်းယူဖြည့်စွက်ကန့်ကွက်ရန်၊ မဲစာရင်း၌ ပါနေသည့် အချက်အလက်များကို ပြင်ဆင်လိုလျှင် ပုံစံ (၄-ဂ) ဖြင့် တောင်းယူဖြည့်စွက်ပြင်ဆင်ရန်တို့ကို ပြည်သူများအား အသိပေးဆွေးနွေးခြင်း၊ ပြန်လည် ပြင်ဆင်ပေးရန် လျှောက်ထားလာမှုများရှိပါက ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲအနေဖြင့် သတ်မှတ်ထားသော ပုံစံများဖြင့် စနစ်တကျ ဆောင်ရွက်ရန် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ပြန်လည်ကပ်ထားကြေညာချိန်၌ ပိုမိုတိကျပြီး စာရင်းမှန်ကန်မှုရရှိစေရေးအတွက် ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် အသီးသီး ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်တွင် ဆန္ဒမဲပေးနိုင်သည့် မဲရုံပေါင်း ၉၄ ရုံထားရှိပြီး ဩဂုတ်လ ဒုတိယပတ်အတွင်း ပုံစံ(၃) တောင်းဆိုသူ ဦးရေ ၁၃၉ ဦး၊ ပုံစံ(၃-က) တောင်းဆိုသူဦးရေ တစ်ဦး၊ ပုံစံ (၄-ဂ) ပြင်ဆင်သူဦးရေ ၁၃၄ ဦး၊ ပုံစံ(၄) ကန့်ကွက်လွှာအတွက် ဦးရေ ၅၉ ဦးအထိ ရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။ **သန်းလွင်**

ဖျာပုံမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ထောက်ပံ့ငွေပေးအပ်

ဖျာပုံ ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းအခမ်းအနားကို ဩဂုတ် ၁၆ ရက်က ဖျာပုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေ၊ ဖျာပုံခရိုင် ပညာရေးမှူး နန့်စယ်လီလှိုင်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ ထောက်ပံ့ငွေများအား စနစ်တကျသုံးစွဲရန်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ငွေများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိမ်းဆွေနှင့် တာဝန်ရှိသူများက အမာမြို့ အထကကျောင်းအားကစားကွင်း သဲဖို့ရန် ငွေကျပ်သိန်း၂၀၊ ဆိပ်မ အထကကျောင်း ရေစင်တည်ဆောက်ရန် ငွေကျပ် ၁၅ သိန်း၊ ကျုံကဒွန်းကျေးရွာ တံတားပြုပြင်ဆောင်ရွက်ရန် ငွေကျပ်သိန်း ၃၀၊ ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း သင်ရိုးညွှန်းတမ်းစာအုပ်လိုအပ်ချက်အတွက် ငွေကျပ် ၁၅ သိန်း၊ အောက်ကွင်းကျေးရွာ နာရေးကူညီမှုအသင်း လိုအပ်ချက်များအသုံးပြုရန် ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံယူခဲ့သည်။ **(အောက်ပုံ)** ထို့နောက် ကရင်စာပေဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မန်းနံ့သာက ကျေးဇူးတင်ဝမ်းမြောက်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **အောင်ဝင်းနိုင်(ပြန်/ဆက်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကော့မှူးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ မိုးစပါးမျိုးစေ့ထုတ်စိုက်တောင်သူများအား ထောက်ပံ့ပေးနိုင်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် မကျီးတန်းဘက်စုံအဆင့်မြင့် နည်းပညာသုံးစံပြကျေးရွာ မိုးစပါးမျိုးစေ့ထုတ် စိုက်ကွင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းဆောင်တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ မိုးစပါးမျိုးစေ့ထုတ်စိုက် တောင်သူများအား ထောက်ပံ့ပေးခြင်းနှင့်အတူ နည်းပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်နေမှု၊ မျိုးစေ့ထုတ်စိုက်ကွင်းများ၌ စိုက်ပျိုးရေးပညာရှင်ဝန်ထမ်းများ တာဝန်ချထားပေးပြီး မျိုးစေ့ထုတ်တောင်သူများအား အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးနေမှုတို့ကိုလည်းကောင်း၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမအသင်းများ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကော့မှူးမြို့နယ် စက်မှုလယ်ယာစခန်း၌ တောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်စဉ်။ သတင်းစဉ်

ဈေးကွက်ထိခိုက်နိုင်မှုကို ထိန်းသိမ်း

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့မှူးမြို့နယ် မိုးစပါးမျိုးစေ့ထုတ်တောင်သူများနှင့် တွေ့ဆုံသည်။ တွေ့ဆုံစဉ် ဒေသခံသမဝါယမအသင်းများက အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလတွင် သမဝါယမလုပ်ငန်း၏ စွမ်းဆောင်နိုင်မှုကို အထင်အရှားမြင်တွေ့ရပါကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်းများ ခက်ခဲနေချိန်တွင် ဒေသတစ်ခု၏ လယ်ယာထွက်ကုန်များကို အခြားလိုအပ်သည့်ဒေသများသို့ သမဝါယမအသင်းစုချုပ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့သဖြင့် လယ်ယာထွက်ကုန်များ၏ ဈေးကွက်ထိခိုက်နိုင်မှုကို ထိန်းသိမ်းပေးနိုင်လျက်ရှိကြောင်း၊ လယ်ယာကုန်ထုတ်လုပ်မှုနှင့် သမဝါယမလုပ်ငန်း ခွဲခြားမရနိုင်သည်ကို တွေ့မြင်နိုင်ပါကြောင်း။

တောင်သူတစ်ဦးချင်းက တန်ဖိုးကြီး လယ်ယာသုံးစက်ကိရိယာ အပိုင်ဝယ်ယူ အသုံးပြုရန်ခက်ခဲနိုင်သော်လည်း တောင်သူများ စုပေါင်းထူထောင်သည့် သမဝါယမအသင်းအနေဖြင့် ဝယ်ယူပြီး အလှည့်ကျမျှဝေသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ စိုက်စရိတ်အရင်းအနှီးအတွက် သမဝါယမချေးငွေရရှိနိုင်သကဲ့သို့ စုပေါင်းရောင်းချမှုကြောင့် ထွက်ကုန်ပမာဏအရ လက်ကားဈေးကွက်အထိ ဝင်ရောက်နိုင်မည်ဖြစ်ပြီး ဈေးကွက်အကျိုးအမြတ် ရရှိနိုင်ပါကြောင်း၊ တစ်ဦးချင်း မအောင်မြင်သော်လည်း စုပေါင်းဆောင်ရွက်ပါက အောင်မြင်မှုရနိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါ၍ တောင်သူများ စုပေါင်းဆောင်ရွက်သည့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းနှင့် ဥပဒေနှင့်အညီ ထူထောင်ဆောင်ရွက်နိုင်ရေး ကူညီပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းများကို သွားရောက်ကြည့်ရှုအားပေးပြီး တောင်သူများအတွက် CERP ထောက်ပံ့ငွေများကို ပေးအပ်သည်။

ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)အရ မိုးစပါးမျိုးစေ့ထုတ် စိုက်ဧရိယာအဖြစ် ကော့မှူးမြို့နယ်တွင် ၃၈၃ ဧက၊ ကွမ်းခြံကုန်းမြို့နယ်တွင် ၄၅၂ ဧကအပါအဝင် ရန်ကုန်တိုင်းဒေသကြီး၌ မိုးစပါးမျိုးစေ့ထုတ် ၅၉၂၉ ဧက စိုက်ပျိုးမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရန် စုစုပေါင်းဧက ၁၁၉၀၀၀၀ လျာထားကာ ယနေ့အထိ ဧကကိုးသိန်းကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ငါးသားပေါက်များ ထောက်ပံ့

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကော့မှူးမြို့နယ် စက်မှုလယ်ယာစခန်း၌ ကျင်းပသည့် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက် (CERP) အရ ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲနှင့် ကျေးရွာမတည်ရန်ပုံငွေ(VRFP) နှင့် Cash for Work စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ငါးမွေးတောင်သူများအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် (VRFP) စီမံကိန်းကျေးရွာ ရှစ်ရွာနှင့် Cash for Work စီမံကိန်းကျေးရွာ ၁၀ ရွာအတွက် ရန်ပုံငွေများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ကော့မှူးမြို့နယ်ရှိ ငါးမွေးကန် ၃၅၆၂ ဒသမ ၁၇ ဧက အပါအဝင် ရန်ကုန်တိုင်းဒေသကြီး၌ ငါးမွေးကန် ၆၇၃၂၈ ဒသမ ၁၉ ဧကအတွက် ငါးသားပေါက်များ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ငါးမွေးကန် တစ်ဧကလျှင် ငွေကျပ်လေးသောင်းဖိုးရှိ ငါးသားပေါက်များ ထောက်ပံ့သွားမည်ဖြစ်၍ တစ်နိုင်ငံလုံးရှိ ငါးမွေးမြူရေးကန် ဧက ၁၅၀၀၀၀ အတွက် ငွေကျပ်သန်း ၆၀၀၀ အကုန်အကျခံ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စပါးခွဲလောင်စာသုံးအခြောက်ခံစက်ကို သွားရောက်ကြည့်ရှုပြီး ကော့မှူးမြို့နယ် အမှတ်(၂)မြောင်းကို ဆက်လက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေလှောင်တမံ ကိုးခုမှ အကျိုးပြု ၇၉၀၂၂ ဧက၊ ရေဘေးကာကွယ်ရေးတမံ ၂၂ ခုမှ အကျိုးပြု ၁၀၂၁၄၉ ဧက၊ ရေငန်တားတမံ ၂၇ ခုမှ အကျိုးပြု ၂၁၉၀၉၂ ဧက၊ ရေကြီးနစ်မြုပ်ကာကွယ်ရေး ရေနုတ်မြောင်း ၈၅ ခုမှ အကျိုးပြု ၃၅၇၅၅၀ ဧက၊ ရေတံခါး ၁၅၄ ခုမှ အကျိုးပြု ၁၈၈၇၀၂ ဧက၊ လျှပ်စစ်ရေတင်ဖြင့် အကျိုးပြု ၂၄၅၁၈ ဧကရှိကြောင်း သိရသည်။

သတင်းစဉ်

ရွှေဘိုမြို့ CERP အစီအစဉ်အရ ငါးသားပေါက်များ ထောက်ပံ့ပေးအပ်

ရွှေဘို ဩဂုတ် ၁၆

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း COVID-19 -CERP အစီအစဉ်အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ထူထောင်ရန်အတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် မဟာနန္ဒာကန်အပိုင်း(၂)အတွင်း ငါး/ရေချိုပုစွန် မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ရွှေဘိုမြို့ မဟာ နန္ဒာကန်၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူ၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ ဦးစီးဌာနမှူးများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် (ရွှေဘို) မှ အဖွဲ့ဝင်များ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအဖွဲ့ဝင်များ၊ ရွှေဘိုခရိုင်အတွင်းရှိ လူမှုရေးအဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှ တိုင်း / ခရိုင်/ မြို့နယ်/ စခန်းတာဝန်ခံများ၊ ဝန်ထမ်းများနှင့် ငါးမွေးတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးတို့က အမှာစကားပြောကြားကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးတို့က တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးတို့က ငါးမွေးတောင်သူ ၁၉ ဦး၊ ငါးမွေးကန်ဧက ၁၄၈ ဒသမ ၅၉ ဧကအတွက် ငါးသားပေါက်ကောင်ရေ၂၉၇၇၂၀ ကို ပေးအပ်သည်။ ထို့နောက် တောင်သူ ဦးဇော်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မဟာနန္ဒာကန် အပိုင်း(၂) အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀၊ ရေချိုပုစွန်တုပ်ကြီး သက်ကြီးကောင် ၁၀၀၀ နှင့် ပုစွန်သားပေါက်ကောင်ရေ ၂၀၀၀၀ တို့ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

မွန်ပြည်နယ်အတွင်း CERP အစီအစဉ်အရ ငါးသားပေါက်များ ပထမအကြိမ် ထောက်ပံ့ပေးအပ်

သထုံ ဩဂုတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ COVID-19 Economic Relief Plan (CERP)၏ Action Plan အစီအစဉ်အရ နိုင်ငံတော် အစိုးရမှ မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများအား ပထမအကြိမ် ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က မွန်ပြည်နယ် သထုံငါးလုပ်ငန်း သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်တို့က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ငါးမွေးတောင်သူများအား ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမငါးသားပေါက်များကို ထောက်ပံ့ပေးအပ်ကြသည်။ **(အောက်ပုံ)**

ထို့နောက် မွန်ပြည်နယ်အတွင်းရှိ ငါးမွေးတောင်သူများကိုယ်စား ပေါင်မြို့နယ် ကဒုံစီးရပ်နေ ငါးမွေးတောင်သူ ဦးနိုင်ဝင်းဗိုလ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားတွင် မွန်ပြည်နယ် သထုံမြို့နယ်နှင့် ပေါင်မြို့နယ်ရှိ ငါးမွေးတောင်သူ ၁၈ ဦး၏ ငါးမွေးကန် ၆၉ ဒသမ ၅၃ ဧကအတွက် ငါးသားပေါက်ကောင်ရေ ၁၃၉၀၆၀ ကောင်ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

ကမ္ဘာ့အမွေအနှစ်ဂုဏ်ရည်လက္ခဏာများနှင့် ပြည့်စုံထိုက်တန်ခဲ့သည့် မြန်မာတို့၏ အမျိုးသားအမွေအနှစ်ဒေသပုဂံ

(မြန်မာနိုင်ငံ၏ ဒုတိယမြောက်ကမ္ဘာ့အမွေအနှစ် ပုဂံ)

မောင်ဇေ

လူသားတို့၏ စိတ်ကူး၊ စိတ်သန်း ဉာဏ်ပညာ စိတ်ခံစားမှု ၊ ယုံကြည်မျှော်လင့်မှု စသည်တို့အပေါ် မူတည်၍ အကောင်အထည်ဖော်မှုကြောင့် ပေါ်ထွက်လာသည့် ရုပ်ဝတ္ထုပစ္စည်း အဆောက်အအုံများသည် ယဉ်ကျေးမှုထွန်းကားမှုဖြစ်စဉ်နှင့် အမွေအနှစ်ဖြစ်တည်မှုကို ဖော်ပြနေသည်။ လူသားမျိုးနွယ်အလိုက်၊ ကိုးကွယ်ယုံကြည်မှု ဘာသာတရားများအလိုက် ပုံဖော်မှုအတတ်ပညာများက နေရာဒေသများအလိုက် အသွင်သဏ္ဌာန်ကွဲပြားလျက် ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် တည်ရှိနေစေခဲ့ခြင်းဖြစ်သည်။

မိမိတို့နိုင်ငံတွင်း ခေတ်ကာလအလိုက် ယဉ်ကျေးမှုအသွင်အပြင် ကွဲပြားမှုများစွာ ရှိနေကြောင်းကို သမိုင်းမတင်မီခေတ်မှသည် သမိုင်းတင်ခေတ်များဖြစ်သည့် ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် စသည်များမှ ဘုရင်အုပ်စိုးမှု ပျက်သုဉ်းခဲ့ရသည့်ကာလအထိ တည်ရှိခဲ့သော သမိုင်းခေတ်များ၏ ကြွင်းကျန်ရစ်ခဲ့သော ယဉ်ကျေးမှုအထောက်အထား အဆောက်အအုံနှင့် ရှေးဟောင်းပစ္စည်းတို့ တည်ဆောက်ပုံနှင့် ထုဆစ်မှုအသွင်သဏ္ဌာန်များကို လေ့လာကြည့်ရှု တွေ့ရှိကြရမည်ဖြစ်ပါသည်။

ခေတ်ကာလအလိုက် တည်ရှိနေကြသော အမွေအနှစ်များအနက် ပျူမြို့ဟောင်း သုံးမြို့ဖြစ်သော ဟန်လင်းမြို့ဟောင်း၊ သရေခေတ္တရာမြို့ဟောင်းနှင့် ဗိဿနိုးမြို့ဟောင်းတို့သည် ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံးသော မြန်မာနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရပြီး ဆက်လက်၍လည်း မြန်မာတို့၏ အမျိုးသားအမွေအနှစ်ဖြစ်သည့် ပုဂံအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဦးဆောင်မှုဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး လုပ်ငန်းအစီအစဉ်

နိုင်ငံအသီးသီးရှိ အမျိုးသားအဆင့် အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရန်အတွက် အဆင့်အတန်းမြင့်မားသည့် အမွေအနှစ်များ တည်ရှိနေရုံမျှမက အောက်ပါအစီအစဉ်များအတိုင်း ကမ္ဘာ့အမွေအနှစ်ဝင်ရောက်ရေးအတွက် ကနဦး ဆောင်ရွက်ခဲ့ရပါသည်-

(က) ၁၉၇၂၊ WHC Convention အဖွဲ့ဝင်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးပါဝင်ခြင်း၊

(ခ) ကမ္ဘာ့အမွေအနှစ်အဖြစ် စာရင်းတင်သွင်းရန် မိမိရှိ ယဉ်ကျေးမှုဆိုင်ရာ (သို့မဟုတ်)သဘာဝဆိုင်ရာ ထူးခြားထင်ရှားသည့်နေရာဒေသများကို ဦးစွာရှာဖွေလေ့လာပြုစုခြင်း၊

(ဂ) ယင်းပြုစုထားသော အဆိုပြုတင်ပြလွှာကို ပဏာမစာရင်း (Tentative List) တင်သွင်းမှု ဆောင်ရွက်ခြင်း၊

(ဃ) တင်သွင်းလာသည့် အဆိုပြုတင်ပြလွှာအပေါ် မူတည်ကာအကြံပေးအဖွဲ့များက အကဲဖြတ်စစ်ဆေးခြင်း၊

(င) ထို့နောက် တင်သွင်းလာသော အဆိုပြုနေရာဒေသများကို ကမ္ဘာ့အမွေအနှစ် ကော်မတီ(World Heritage Committee)၏ သဘောတူဆုံးဖြတ်ခြင်းဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းဖြစ်ခြင်း။

မြန်မာနိုင်ငံ၏အဆိုပြုလျာထားဒေသများ

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့သည်။ နိုင်ငံအတွင်း များပြားစွာတည်ရှိနေသည့် အမွေအနှစ်များကို နိုင်ငံတော်အဆင့် ကာကွယ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ မိမိတို့အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်အဖြစ် အမြင့်ဆုံးအဆင့် ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(ယခင်ယဉ်ကျေးမှုဝန်ကြီးဌာန)က ယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှစ်ခု၊ ၂၀၁၇ ခုနှစ်တွင် ဒေသနှစ်ခု (ရွှေတိဂုံစေတီတော်နှင့် ပုံတောင်ဒေသ) စုစုပေါင်းဒေသ ၁၀ ခုကို အဆိုပြုအမည်စာရင်း တင်သွင်းခဲ့ပါသည်-

(က) မြန်မာနိုင်ငံ အထက်ပိုင်းဒေသများမှ ရှေးဟောင်းမြို့များ၊ (အင်းဝ၊ အမရပူရ၊ စစ်ကိုင်း၊ မင်းကွန်း၊ မန္တလေး)

(ခ) ပြဒါးလင်းဂူ၊

(ဂ) ပုဂံရှေးဟောင်းအမွေအနှစ်ဒေသရှိ အဆောက်အအုံများ၊

(ဃ) အင်းလေးကန်၊

(င) ပဲခူး၊ ဟံသာဝတီ စသည့် မွန်ရှေးဟောင်းမြို့တော်များ၊

(စ) မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသ၊

(ဆ) ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ စသည့် ပျူရှေးဟောင်းမြို့များ၊

(ဇ) အုံတုံ၊ စလေ၊ ပခန်းကြီး၊ ပခန်းငယ်၊ လယ်ကိုင်း၊ စကု၊ ရွှေကျောင်း (မန္တလေး)၊

(ဈ) ရွှေတိဂုံစေတီတော်၊

(ည) ပုံတောင်ဒေသ။

ကမ္ဘာ့အမွေအနှစ်အဖြစ် တင်သွင်းခြင်း

ပုဂံအမွေအနှစ်ဒေသအား ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့တွင် စံနှုန်းသတ်မှတ်ချက် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆) တို့ဖြင့် ကမ္ဘာ့အမွေအနှစ်စာရင်းကို ပထမအကြိမ် တင်သွင်းခဲ့သော်လည်း ၂၈-၁၂-၁၉၉၇ ရက်နေ့မှ ၂၉-၁၂-၁၉၉၇ နေ့အထိ ကျင်းပသည့် (၂၁)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံတွင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် ဥပဒေမရှိခြင်း၊ တိကျသော ဇုန်နယ်နိမိတ် သတ်မှတ်ချက်မရှိခြင်း၊ စနစ်ကျသော စီမံခန့်ခွဲမှုမရှိခြင်း အပါအဝင် ပြည့်စုံစွာ တင်သွင်းနိုင်ခဲ့ခြင်းမရှိသဖြင့် Refer back အဖြစ် ပြန်လည်ပေးပို့ခဲ့၍ ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး နှောင့်နှေးခဲ့ပါသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ၂၀၁၅ ခုနှစ်တွင် ပြန်လည်ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ UNESCO ၊ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပူးပေါင်းကာ လိုအပ်သော အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ Nomination Dossier ရေးသားခြင်း၊ ဇုန်နယ်နိမိတ်စီမံကိန်း ရေးဆွဲခြင်း၊ Master Plan ရေးဆွဲခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ Inventory မှတ်တမ်းများ အသေးစိတ်ကောက်ယူခြင်း၊ ဥပဒေညှိနှိုင်းဆောင်ရွက်ခြင်း၊ အစည်းအဝေးများ အလုပ်ရုံဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပခြင်း၊ သင်တန်းများပေးခြင်း၊ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

စံနှုန်းသတ်မှတ်ချက်များ

ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအမွေအနှစ်နှင့် ယဉ်ကျေးမှုနှင့် သဘာဝရောယှက်အမွေအနှစ်တို့အတွက် ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး တင်ပြရာတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် စံနှုန်း(၁ မှ ၆)၊ သဘာဝအမွေအနှစ်အတွက် (၇ မှ ၁၀) အဖြစ် အောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပြီး ယင်းအနက်မှ စံနှုန်းသတ်မှတ်ချက် (၃၊ ၄၊ ၆) တို့ဖြင့် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး တင်ပြခဲ့ပါသည်။

ယဉ်ကျေးမှုအမွေအနှစ်အတွက်စံနှုန်း(၆)ချက်

(၁) လူသားတို့ဖန်တီးပြုလုပ်ထားသည့် အံ့ဖွယ်အရည်အသွေး၏ အပြောင်မြောက်ဆုံးသော လက်ရာတစ်ရပ်အား ဖော်ပြရန်၊

(၂) အချိန်ကာလမှတ်တမ်းတစ်ခုအပေါ် (သို့) ကမ္ဘာ့ယဉ်ကျေးမှုနေရာဒေသတစ်ခုအတွင်း၊ ဗိသုကာဆိုင်ရာ (သို့) နည်းပညာပိုင်းဆိုင်ရာ၊ အဆောက်အအုံပိုင်းဆိုင်ရာ အနုပညာမြို့ပြခင်းကျင်းစီမံခန့်ခွဲမှု (သို့) ပတ်ဝန်းကျင်အခင်းအကျင်းပုံစံတို့တွင် ဖွံ့ဖြိုးတိုးတက်မှုများအပေါ်ရှိ လူသားတန်ဖိုးများ၏ အရေးပါသော အပြန်အလှန် ကူးလူးယှက်နွယ်မှုတစ်ရပ်ကို ဖော်ထုတ်ပြသရန်၊

(၃) ပျောက်ဆုံးသွားခဲ့ပြီးဖြစ်သော (သို့) ဆက်လက်ရှင်သန်တည်ရှိနေသော ယဉ်ကျေးမှုနှင့်သက်ဆိုင်သည့် ရိုးရာအစဉ်အလာတစ်ရပ် (သို့) မြို့ပြယဉ်ကျေးမှုတစ်ရပ်၏ ပြိုင်ဘက်ကင်းသော (သို့) အနည်းဆုံး ထူးခြားသော ပြယုဂ်တစ်ခုအား ဖော်ဆောင်ရန်၊

(၄) လူ့ဘောင်သမိုင်းတွင် အရေးပါသောအခြေအနေတစ်ရပ် (သို့) အခြေအနေများကို သရုပ်ဖော်ထားသည့် အဆောက်အအုံဆိုင်ရာ၊ ဗိသုကာဆိုင်ရာ (သို့) နည်းပညာပိုင်းဆိုင်ရာ အပေါင်းအစု (သို့) ပုံဖော်ထားသော ပတ်ဝန်းကျင်အခင်းအကျင်းများ၏ ထင်ရှားသော နမူနာပုံစံတစ်ရပ်ဖြစ်ရန်၊

(၅) အထူးသဖြင့် နဂိုမူရင်းအခြေအနေအတိုင်း ပြန်၍မဖြစ်နိုင်သော ထိခိုက်မှုများကြောင့် အန္တရာယ်ပေါ်ပေါက်သည့်အချိန်တွင် ပတ်ဝန်းကျင်နှင့် လူသားအပြန်အလှန်ဆက်စပ်တုံ့ပြန်မှု (သို့) ယဉ်ကျေးမှု (သို့) ယဉ်ကျေးမှုများအား ကိုယ်စားပြုထားသည့် အစဉ်အလာ လူသားအခြေချနေထိုင်မှု၊ ကုန်းမြေအသုံးပြုမှု (သို့) ပင်လယ်ပြင်အသုံးပြုမှုတစ်ရပ်တို့၏ ထင်ရှားသောနမူနာပုံစံဖြစ်စေရန်၊

(၆) အဖြစ်အပျက်များ (သို့) ဆက်လက်ရှင်သန်နေသော ရိုးရာအစဉ်အလာ၊ စိတ်ကူးအကြံဉာဏ်များ(သို့) ယုံကြည်မှုများ၊ တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သည့် တန်ဖိုးများပါဝင်သည့် အနုပညာဆိုင်ရာနှင့် စာပေလက်ရာများ စသည်တို့နှင့် တိုက်ရိုက်(သို့) ထိတွေ့ကိုင်တွယ်နိုင်သည့် သက်ဆိုင်မှုရှိစေရန်။

> **“ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် ဆောင်ရွက်နေစဉ်ကာလအတွင်း ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ငလျင်လှုပ်ခတ်ခဲ့ခြင်းကြောင့် ဌာနအနေဖြင့် လုပ်ငန်းများကို ပိုမိုအားစိုက် ဆတိုးဆောင်ရွက်ခဲ့ရသည်။ တစ်ဖက်က ငလျင်ကြောင့်ပျက်စီးသည့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရန် ဆောင်ရွက်သကဲ့သို့ တစ်ဖက်ကလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကိစ္စကို အရှိန်မပြတ် ဆောင်ရွက်ကြရသည်။ ငလျင်ကိစ္စ ဖြေရှင်းဆောင်ရွက်ခြင်းနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အချက်အလက်များ ရွေးချယ်ခြင်း၊ ရေးသားခြင်း၊ တိကျသည့် သတ်မှတ်ချက်များ ပါဝင်သော မြေပုံစသည်များကို အဖွဲ့အသီးသီးခွဲကာ ပိုမိုအားစိုက်ဆောင်ရွက်ခဲ့ကြသည်”**

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ

သဘာဝအမွေအနှစ်အတွက် စံနှုန်း(၄)ချက်

(၇) ကြီးကျယ်ခမ်းနားသည့် သဘာဝဖြစ်စဉ်များ (သို့) အထူးထင်ရှားမှုရှိသည့် သဘာဝအလှတရားများရှိရာ ဒေသများနှင့် ရသခံစားမှုဆိုင်ရာ အရေးပါမှုများ ပါဝင်ရန်၊

(၈) သက်ရှိလောကနှင့်သက်ဆိုင်သည့် မှတ်တမ်း၊ ကုန်းမြေဖွဲ့စည်းမှုပုံစံများ တိုးတက်မှုတွင် ထင်ရှားသည့် လတ်တလော ဘူမိဗေဒဖြစ်စဉ်များ (သို့) ထင်ရှားသည့် ဘူမိသွင်ပြင် (သို့) ဇီဝကမ္မဗေဒဆိုင်ရာ သွင်ပြင်လက္ခဏာများအားလုံး အပါအဝင်ဖြစ်သည့် ကမ္ဘာမြေသမိုင်းနှင့် သက်ဆိုင်သည့် အဓိကကျသည့် အဆင့်အတန်းများကို ကိုယ်စားပြုသည့်၊ ထင်ရှားသည့် နမူနာပုံစံများဖြစ်ရန်၊

(၉) ကုန်းမြေနယ်နိမိတ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင့်ကဲဖြစ်စဉ်များတွင် ထင်ရှားသည့် လတ်တလောဂေဟစနစ်ဆိုင်ရာနှင့် ဇီဝဗေဒဆိုင်ရာဖြစ်စဉ်များ၊ သန့်ရှင်းသောရေချို၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဆိုင်ရာဂေဟစနစ်များနှင့် အပင်၊ တိရစ္ဆာန်များ၏ ရှင်သန်နေထိုင်ရာ ပုံစံများအား ကိုယ်စားပြုသည့်၊ ထင်ရှားသည့်နမူနာပုံစံများဖြစ်ရန်၊

(၁၀) သိပ္ပံ(သို့) ထိန်းသိမ်းစောင့်ရှောက်ခြင်း အမြင်ရှုထောင့်မှ ကမ္ဘာ့လူသားများနှင့်ဆိုင်သည့် အထင်ကရ တန်ဖိုးရှိနေသည့် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များပါဝင်နေသည့် ဇီဝမျိုးစုံကွဲများ၏မူရင်းအနေအထားအတိုင်း ထိန်းသိမ်းပြုပြင် စောင့်ရှောက်ခြင်းအတွက် အရေးပါဆုံးနှင့် အထင်ရှားဆုံးသော သဘာဝမှီတင်းနေထိုင်မှုများ ပါဝင်ရန်။

ကမ္ဘာ့အမွေအနှစ် တင်သွင်းစဉ်ကာလအတွင်း လျှော်လှုပ်ခတ်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးအတွက် ဆောင်ရွက်နေစဉ်ကာလအတွင်း ၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် လျှော်လှုပ်ခတ်ခဲ့ခြင်းကြောင့် ဌာနအနေဖြင့် လုပ်ငန်းများကို ပိုမိုအားစိုက်ဆတိုးဆောင်ရွက်ခဲ့ရသည်။ တစ်ဖက်က လျှော်ကြောင့်ပျက်စီးသည့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရန် ဆောင်ရွက်သကဲ့သို့ တစ်ဖက်ကလည်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးကိစ္စကို အရှိန်မပြတ် ဆောင်ရွက်ကြရသည်။ လျှော်ကိစ္စ ဖြေရှင်းဆောင်ရွက်ခြင်းနှင့်အတူ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးသတ်မှတ်ချက်နှင့် ကိုက်ညီသည့် အချက်အလက်များ ရွေးချယ်ခြင်း၊ ရေးသားခြင်း၊ တိကျသည့် သတ်မှတ်ချက်များပါဝင်သော မြေပုံစသည်များကို အဖွဲ့အသီးသီးခွဲကာ ပိုမိုအားစိုက် ဆောင်ရွက်ခဲ့ကြသည်။

ယခုကဲ့သို့ လျှော်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခြင်းအတွက် UNESCO အပါအဝင် နိုင်ငံတကာယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေး ပညာရှင်များ အကြိမ်ကြိမ် လာရောက်လေ့လာ၍ အကူအညီများပေးသကဲ့သို့ UNESCO ပညာရှင်ကလည်း လျှော်အလွန် ထိခိုက်ပျက်စီးမှုများ ပြုပြင်ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို အကြံပြုခဲ့သည်။ ပြည်တွင်း/ ပြည်ပပညာရှင်များ ပါဝင်သော အစည်းအဝေးများတွင် ညှိနှိုင်းဆွေးနွေး အတည်ပြုထုတ်ပြန်ပြီး ထိုလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းလက်တွဲ၍ စနစ်တကျ ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့ရာ ပုဂံဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရာ၌ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအစီအစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ကြောင်း အကောင်းဆုံးပြယုဂ်တစ်ခု ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကို စနစ်တကျ တုံ့ပြန်နိုင်မှုလည်းဖြစ်ခဲ့သည်။

ပြည်သူ့ အကူအညီ၊ ပြည်သူပူးပေါင်းပါဝင်မှု ၊ ပြည်တွင်းပညာရှင်များနှင့် ကူညီပံ့ပိုးသူများ၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်မှာ အမွေအနှစ်ထိန်းသိမ်းရေး လုပ်ငန်းဆိုင်ရာ ကြီးမားသော သင်ခန်းစာ၊ အဖိုးမဖြတ်နိုင်သည့် ရလဒ်များပင် ဖြစ်သကဲ့သို့ ကမ္ဘာ့အမွေအနှစ်ဝင်ရောက်ရေး အထောက်အကူတစ်ရပ်ပင် ဖြစ်သည်။

အဆိုပြုစာတွဲ(အပြည့်အစုံ) တင်သွင်းခဲ့ပြီ

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးအတွက် အဆိုပြုစာတွဲ(အပြည့်အစုံ)Nomination Dossier(Complete) တွင် ပါဝင်သည့် Volume I(Nomination Dossier), Volume II(Annex A to Q), Volume III(Integrated Management System), Volume IV(Annex S to W)နှင့် Volume V(Annex X, Y) စာတွဲများကို ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် အကြိမ်ကြိမ်ညှိနှိုင်းရေးဆွဲကာ ပိုမိုပြည့်စုံစေရန် ပြင်ဆင် ဖြည့်စွက်မှုများစွာဖြင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီ တင်ပြနိုင်ခဲ့သည်။

ထိုသို့တင်ပြခဲ့သည့် တင်ပြချက်စာတွဲများကို နိုင်ငံတကာအထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ(International Council On Monuments and Sites–ICOMOS) စုံညီအဖွဲ့က ဖတ်ရှုပြီး အဖွဲ့၏ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဩစတြေးလျနိုင်ငံသား Mr. Richard Mackay သည် ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသို့ လာရောက်၍ အကဲဖြတ်လေ့လာခြင်း၊ ဒေသအတွင်း အသေးစိတ် ကွင်းဆင်း ဆန်းစစ်ခြင်း၊ ဒေသခံများနှင့် တွေ့ဆုံခြင်းများကို ဆောင်ရွက်ခဲ့သည်။

ကမ္ဘာ့အမွေအနှစ်ညီလာခံသို့ တက်ရောက်

ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ် သတ်မှတ်ခြင်း/မသတ်မှတ်ခြင်း ဆုံးဖြတ်မည့် ညီလာခံမတိုင်မီ တစ်နှစ်အလိုတွင် ဘာရိန်းဘုရင့်နိုင်ငံ မနာမားမြို့၌ ကုလသမဂ္ဂ၊ ပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) ကမ္ဘာ့အမွေအနှစ်သဘောတူညီချက်ကို လက်မှတ်ရေးထိုးသည့် နိုင်ငံများနှင့် ဘာရိန်းဘုရင့်နိုင်ငံတို့ ပူးပေါင်း၍ (၄၂)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးကို ၂၄–၆–၂၀၁၈ မှ ၆–၇–၂၀၁၈ ရက်အထိ စုစုပေါင်း ၁၃ ရက်ကြာ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံကိုယ်စားလှယ်များအနေဖြင့် အဆိုပါညီလာခံသို့ တက်ရောက်ခဲ့ပြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီကြောင်းကို တက်ရောက်လာသည့် နိုင်ငံအသီးသီးက ကိုယ်စားလှယ်များအား ကမ္ဘာ့အမွေအနှစ်အဖြစ် ထောက်ခံမှုရရှိနိုင်ရေး ရှင်းလင်းတင်ပြခြင်း၊ လက်ကမ်းစာစောင်များ၊ စာအုပ်များ၊ ဖန်တီးပြုလုပ်ထားသည့် video clip များ၊ ဓာတ်ပုံမှတ်တမ်းများ ဖြန့်ဝေခြင်း စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မိမိတို့ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်သတ်မှတ်နိုင်ရေး ဆုံးဖြတ်မည့် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ ဘာကူကွန်ဗင်းရှင်းစင်တာ၌ ၃၀–၆–၂၀၁၉ ရက်မှ ၁၀–၇–၂၀၁၉ ရက်အထိ ကျင်းပခဲ့သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံအစည်းအဝေးကျင်းပရာသို့ ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် UNESCO ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ် ဦးကျော်ဇေယျ ဦးဆောင်သော ဌာနမြန်မာကိုယ်စားလှယ်အဖွဲ့မှ ရှစ်ဦး၊ ပညာရှင် လေးဦးနှင့် အမွေအနှစ် ချစ်မြတ်နိုးသူ ပရဟိတအဖွဲ့နှင့်နှလုံးသားထဲကပုဂံအဖွဲ့မှ ကိုယ်စားလှယ် ၂၆ ဦး၊ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ပြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ အမွေအနှစ်များသည် ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် ထိုက်တန်မှုရှိကြောင်းကို အထက်ဖော်ပြပါအတိုင်း ညီလာခံ မစတင်မီ တက်ရောက်လာသူ ကိုယ်စားလှယ်များအား လိုက်လံရှင်းလင်းဆွေးနွေးပြောကြားခြင်း အသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ခဲ့ကြသည်။

ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ပြီ

ပုဂံဒေသနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်းကို ၆–၇–၂၀၁၉ ရက် နေ့လယ်ပိုင်းအစီအစဉ် (ဒေသစံတော်ချိန်) (၁၅:၀၀–၁၈:၀၀)နာရီ အစီအစဉ် အစပိုင်းတွင် စတင်ဆွေးနွေးခဲ့သည်။ ယူဂန္ဓာနိုင်ငံ၊ စပိန်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ နော်ဝေနိုင်ငံ၊ Saint kitts and Nevis နိုင်ငံနှင့် ကျန်ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်နိုင်ငံများ၏ အသီးသီး ထောက်ခံမှုဖြင့် ကမ္ဘာ့အမွေအနှစ်ကော်မတီက လက်ခံအတည်ပြုပြီး ကမ္ဘာ့အမွေအနှစ်ကော်မတီ၏ ဆုံးဖြတ်ချက်အမှတ် 8B(20 COM) ဖြင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသသည် အဇာဘိုင်ဂျန်နိုင်ငံ ဘာကူမြို့ ဘာကူကွန်ဗင်းရှင်းစင်တာ၌ ၃၀–၆–၂၀၁၉ ရက်မှ ၁၀–၇–၂၀၁၉ ရက်အထိ ကျင်းပခဲ့သည့် (၄၃)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံ အစည်းအဝေးတွင် ကမ္ဘာ့အမွေအနှစ်နေရာဖြစ်လာခဲ့သည်။

ပုဂံ ယဉ်ကျေးမှုအမွေအနှစ်ဒေသတွင် ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီနှင့် အုတ်ကျောင်းတိုက်စသည့် ရှေးဟောင်းအဆောက်အအုံတို့ တစုတစည်းပေါင်းစပ်တည်ရှိနေခြင်း၊ အင်္ဂတေပန်းလက်ရာ၊ နံရံဆေးရေးပန်းချီနှင့် ခိုင်လုံသော စာပေအထောက်အထား ကျောက်စာများ မျက်မြင်လက်တွေ့ တွေ့ရှိနေခြင်းသည် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ခိုင်လုံပြည့်စုံနေသည့် အထောက်အထား၊ အထောက်အပံ့များဟု ဆိုနိုင်သည်။ ထို့အပြင် နဂိုကတည်းက ကျန်ရှိခဲ့သည့် မြေယာရှုခင်း သွင်ပြင်လက္ခဏာတို့ကလည်း ပုဂံဒေသ ရှေးဟောင်းအဆောက်အအုံတို့နှင့် တွဲဖက်၍ လှပစွာ တည်ရှိနေမှုသည်လည်း ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် အလားအလာကောင်းများဟု ဆိုနိုင်ပေသည်။

ထို့အတူ ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် အခြေခံအားဖြင့် ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများဖြစ်သည့် ခိုင်မာမှု၊ စစ်မှန်မှု စသည့် အချက်များနှင့် ပြည့်စုံလုံလောက်မှုရှိရန် လိုအပ်ပြီး ယင်းအချက်များနှင့် ပြည့်စုံနေသည့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ရေး UNESCO နှင့် အဖွဲ့ဝင် ထောက်ခံသည့် နိုင်ငံများအနေဖြင့် များစွာစဉ်းစားခဲ့ကြရဟန်မတူဘဲ တစ်ခဲနက် ထောက်ခံခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာ့အမွေအနှစ်ဖြစ်ရန် ဌာနအသီးသီး၊ ပြည်တွင်း/ပြည်ပမှ ပညာရပ်အသီးသီးမှ ပညာရှင်များ၊ ဒေသရှိ အမွေအနှစ် ချစ်မြတ်နိုးသူများ ပူးပေါင်းမှုဖြင့် နှစ်ရှည် အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ကြရခြင်းဖြစ်ပြီး ဒေသခံနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ ကမ္ဘာ့အမွေအနှစ်ဖြစ်ရေး ဆန္ဒပြင်းပြမှု၊ UNESCO ပြည်တွင်း/ပြည်ပပညာရှင်များ၊ ဆက်စပ်ဌာနဆိုင်ရာများ၊ အမွေအနှစ် ချစ်မြတ်နိုးသူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဒုတိယမြောက် ကမ္ဘာ့အမွေအနှစ် ပုဂံဒေသအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ကြွားနိုင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့အမွေအနှစ်ဖြစ်ခြင်းအတွက် ဂုဏ်ယူဝင့်ကြွားမှုဖြင့်ပင် ပုဂံဒေသရှိ အမွေအနှစ်တို့အား နောင်နှစ်ပေါင်းများစွာအထိ ရေရှည်တည်တံ့စေခြင်းကို ဒေသနေပြည်သူများနှင့်အတူ မြန်မာနိုင်ငံသားများ အားလုံးကပါ မြတ်နိုးတန်ဖိုးထား၍ ဆက်လက်ရှင်သန်မည့် အမွေအနှစ်ဒေသဖြစ်စေရေးအတွက် အမွေအနှစ်များကို ထိခိုက်နိုင်မည့် လုပ်ဆောင်မှု မှန်သမျှအား ပူးပေါင်းကာကွယ်စောင့်ရှောက်ကာ ဝိုင်းဝန်းထိန်းသိမ်းကြပါစို့ဟု တိုက်တွန်းလျက် ပုဂံဒေသ ကမ္ဘာ့အမွေအနှစ်ဖြစ်ခြင်း တစ်နှစ်ပြည့်အဖြစ် တန်ဖိုးထား ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ရေးသားဖော်ပြလိုက်ရပါသည်။ ။

ကိုးကား

ကမ္ဘာ့အမွေအနှစ်တင်သွင်းခြင်းမှတ်တမ်းစာများ

ကျိုက်ထိုမြို့နယ်ရှိ ကျေးရွာငါးရွာအတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၃၀၀ လွှဲပြောင်းပေးအပ်

နေပြည်တော် ဩဂုတ် ၁၆

ကိုဗစ်–၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျေးရွာ ငါးရွာတွင် ဆောင်ရွက်မည့် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ်ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်နေပြည်သူများ လုပ်ကွက်ငယ်တောင်သူများ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေး လုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိနိုင်စေရန်၊ ရရှိသော ငွေကြေးအရင်းအနှီးဖြင့် မိသားစုဝင်ငွေ တိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာမှပိုင်ဆိုင်သော မတည်ရန်ပုံငွေ ထူထောင်၍ စဉ်ဆက်မပြတ် ငွေကြေးအရင်းအမြစ်ရရှိနိုင်စေရန်နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ဖြစ်ကြောင်း စီမံကိန်းမှ ထောက်ပံ့ပေးသည့် မတည်ရန်ပုံငွေများကို ကျေးလက်နေ ပြည်သူများ၏ သဘောတူညီချက်ဖြင့် ကျေးရွာလူထုကိုယ်တိုင် စီမံခန့်ခွဲအကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောသည်။

ထို့နောက် ကျိုက်ထိုမြို့နယ်အတွင်း စီမံကိန်းဆောင်ရွက်မည့် မဲရုံကြီးကျေးရွာ၊ ကျောက်ရေကန်ကျေးရွာ၊ ပိတောက်ကုန်းကျေးရွာနှင့် ဆောင်နိုင်ဂွကျေးရွာများအတွက် ငွေကျပ်သိန်း ၃၀၀ စီကိုလည်းကောင်း၊ ပိန္နဲကုန်းကျေးရွာအတွက် ငွေကျပ်သိန်း ၁၀၀ ကိုလည်းကောင်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၃၀၀ ကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းကော်မတီဝင်များထံသို့ လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

သီဟစည်သူ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တွေ့ဆုံ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၁၆

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မုံခုံကျေးရွာအုပ်စု နန်းတော်ကျေးရွာ၌ ဝဥ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများနှင့် တွေ့ဆုံပြီး ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်ရွှေ၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝဥလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းဖြစ်သဖြင့် ပိုမိုတိုးချဲ့ စိုက်ပျိုးတင်ပို့ကြစေလိုပါကြောင်း၊ မိမိတို့ဝန်ကြီးဌာန အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူ လျင်မြန်စေရေးအတွက် ဖြေလျှော့မှုများ ပြုလုပ်ပေးနေပါကြောင်း၊ ဝဥများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်တင်ပို့ရောင်းချပါက နိုင်ငံခြားဝင်ငွေ များစွာရရှိမည်ဖြစ်ပါကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့်လည်း လုပ်ငန်းအခက်အခဲများကို ပွင့်လင်းစွာ တင်ပြကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဝဥစိုက်ပျိုးထုတ်လုပ်သူ ဦးညီဇော်ထိုက်က ကုန်ထုတ်လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရေး အတွက် ပံ့ပိုးဆောင်ရွက်ပေးရန်နှင့် မုံခုံကျေးရွာအုပ်ချုပ်ရေးမှူးက လမ်းမကြီးနှင့် ဆက်စပ်လမ်းများအပေါ် မော်တော်ယာဉ်များသွားလာမှုကြောင့် လမ်းများပျက်စီးနေမှုကို ပြန်လည်ပြုပြင်ပေးရန် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုံခုံကျေးရွာနေ တောင်သူဦးမောင်ငယ်၏ စိုက်ခင်း၌ A.T.I စပါး ၁၁ ဧက စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

သံရည်ကျိုလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပဲခူးမြို့ ရွာသစ်ကျေးရွာရှိ "အေးမြကြည်"ကုမ္ပဏီလီမိတက် သံရည်ကျို၊ သံနန်းဆွဲ၊ တွင်ခုံလုပ်ငန်းသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း သံရည်ကျိုသွန်းလောင်းနေမှု၊ ထုတ်လုပ်ပြီး မီးသတ်ပိုက်ခေါင်းများနှင့် စိုက်ပျိုးရေးသုံး စက်ကိရိယာများကို ကြည့်ရှုအားပေးကာ သံရည်ကျိုလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းရှင်များ အနေဖြင့် တစ်ဦးချင်း၊ တစ်ယောက်ချင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းထက် အသင်းအဖွဲ့ ဖွဲ့၍ လုပ်ငန်းများကို ဆောင်ရွက်စေလိုပါကြောင်း၊ အခက်အခဲများရှိပါက သက်ဆိုင်ရာ အသင်းအဖွဲ့များမှတစ်ဆင့် ဌာနဆိုင်ရာများသို့ တင်ပြပေးကြစေလိုပါကြောင်း၊ သို့မှသာ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သံထည်ပစ္စည်း လုပ်ငန်းများအတွက် နည်းပညာဈေးကွက်ချဲ့ထွင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် သံရည်ကျိုလုပ်ငန်းရှင်များက သံရည် ကျိုချက်ရာတွင် အသုံးပြုသည့် ရေနံချေးများ ရရှိစေရေးနှင့် စက်မှုဇုန်များ၌ စက်ရုံတည်ထောင်ရန် မြေနေရာရရှိရေးတို့ အတွက် ကူညီဆောင်ရွက်ပေးရန်၊ သံရည်ကျိုလုပ်ငန်းများ ရေရှည်တည်တံ့ လည်ပတ်ဆောင်ရွက်နိုင်ရန်နှင့် ကျေးရွာ အတွင်းရှိ လူငယ်များ၏ အလုပ်အကိုင် အခွင့်အလမ်း ရရှိရန်၊ နိုင်ငံတော်က ချေးငွေနှင့် စက်ရုံတည်ထောင်ရန် မြေနေရာရရှိအောင် စီစဉ်ဆောင်ရွက်ပေးရန် တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြား သည်။

သီးနှံစိုက်ပျိုးထုတ်လုပ်သူများနှင့်တွေ့ဆုံ

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင် များနှင့်အတူ ပြွန်တန်ဆာမြို့ ဘိုင်းဒါးကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအစည်းအဝေးခန်းမ၌ သီးနှံစိုက်ပျိုး ထုတ်လုပ်သူများနှင့် တွေ့ဆုံကာ တောင်သူများ၏ လုပ်ငန်းခွင်အခက်အခဲများအား ကူညီဖြေရှင်းပေးနိုင်ရန် အတွက် တက်ရောက်လာကြသူများအနေဖြင့် အခက်အခဲ များကို ပွင့်လင်းစွာ တင်ပြကြစေလိုကြောင်း ပြောကြား သည်။

ယင်းနောက် တက်ရောက်လာကြသော ကုန်သည် လုပ်ငန်းရှင်များ၊ တောင်သူများက နိုင်ငံတော်က ဝယ်ယူ သည့် ဆန်စပါးအခြေခံဈေးနှုန်းကို တိုးမြှင့်သတ်မှတ်ပေးရန်၊ ဖရဲသီးများ ဆုံးရှုံးမှုနည်းပါးစေရေးအတွက် ပြည်တွင်း သယ်ယူမှု လွယ်ကူစေရန် ကူညီဆောင်ရွက်ပေးရန်၊ လယ်ယာသီးနှံအတွက် အသုံးပြုသော သွင်းအားစုများဖြစ် သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို အရည်အသွေး မှန်ကန်စွာရရှိရေး စိစစ်ဆောင်ရွက်ပေးရန်၊ လယ်ယာမြေ ပိုင်ဆိုင်မှု ပုံစံ-၇ ရရှိရေးနှင့် ချေးငွေအမြန်ဆုံးရရှိရေးဆိုင်ရာ ကိစ္စရပ်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး သက်ဆိုင်ရာများနှင့် ပေါင်းစပ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ မြို့မ(၃)ရပ်ကွက်ရှိ 'ACT' သဘာဝ သစ်သီးကုန်သည်လုပ်ငန်းသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း သစ်သီးများမှ သဘာဝသစ်သီးအရည် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညောင်လေးပင်မြို့ "ဟုတ်လင် ကွမ်းအင်း" ဘုရားကျောင်း ခန်းမ၌ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်ကာလ အလွန်တွင် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ အားကောင်းလာစေရေး ဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းအခက်အခဲများကိုလည်း ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စီးပွားရေး လုပ်ငန်းရှင်များက မိမိတို့ထုတ်လုပ်သည့် လယ်ယာ သုံးစက်ပစ္စည်းများကို တောင်သူများထံ ဈေးနှုန်းသက်သာ စွာ ပြန်လည်ရောင်းချပေးနိုင်ရန်အတွက် နိုင်ငံတော်အနေ ဖြင့် ပံ့ပိုးကူညီပေးရန် တင်ပြရာ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်လေး ပင်မြို့ တော်ဝိစံပြကျေးရွာသို့ ရောက်ရှိပြီး မဟာသကျရုံသီ ရောင်တော်ပြန် စေတီတော်မြတ်ကြီး၏ ဓမ္မာရုံ၌ သီးနှံစိုက် တောင်သူများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် သီးနှံစိုက်တောင်သူများက ရဲနွယ် ရေသောက်စီမံကိန်း ရေပေးဝေမှုနှင့် ပြောင်းစိုက်ပျိုးရေး ရာသီ၌ ရေရရှိရေး ဆောင်ရွက်ပေးရန်၊ ကုန်ထုတ်လမ်းများ ပြန်လည်ပြုပြင်ပေးရန်နှင့် ရေထွက်ပြွန်ပေါက်များ ကျဉ်းမြောင်းနေမှုအား ပြုပြင်ဆောင်ရွက်ပေးရန် ကိစ္စရပ် များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြား ခဲ့သည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးလှကျော် ကရင်ပြည်နယ်အတွင်းရှိ တောင်သူလယ်သမားများ ကိုဗစ်ကာလအလွန် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် ကွင်းဆင်းကြည့်ရှုကူညီထောက်ပံ့

နေပြည်တော် ဩဂုတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးလှကျော်သည် ယမန်နေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် သမ္ဘာန်နည်းပညာ ပြန့်ပွားရေးစခန်းသို့ ရောက်ရှိပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီ အစဉ်(CERP)အရ ဆောင်ရွက်သည့် မိုးစပါးမျိုးစေ့ထုတ် တောင်သူများနှင့် တွေ့ဆုံကာ ထောက်ပံ့ငွေများ ပေးအပ် သည်။ **(ယာပုံ)**

တွေ့ဆုံစဉ် တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ CERP Plan အရ မိုးစပါး မျိုးစေ့ထုတ် စိုက်ခင်းများ ဆောင်ရွက်ထားရှိမှု၊ IFAD နှင့် ပူးပေါင်းကာ စိုက်ပျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြင့် ဆောင်ရွက်ထားသော ရေပေးမြောင်း ပြင်ဆင် ဆောင်ရွက်ထားမှုတို့ကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး က လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးလှကျော်၊ ကရင်ပြည်နယ် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစောမြင့်ဦးနှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို တို့က မျိုးစေ့ထုတ်တစ်ဧကလျှင် ငွေကျပ် ၈၃၅၀၀ နှုန်းဖြင့် မျိုးစေ့ထုတ် ဧက ၂၁၄ ဧကအတွက် ငွေကျပ် ၁၇၈၆၉၀၀၀ ကို ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ် အကျိုးဆောင် တောင်သူကိုယ်စားလှယ်များထံ ပေး အပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် YSI အဖွဲ့များ၏ မျိုးစေ့ထုတ် နည်းပညာပေးစံပြ စိုက်ခင်း ငါးဧက၊ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်(CERP)ဖြင့် စိုက်ပျိုး ထားသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း နှင့် အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုး စီးပွားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ရေပေးမြောင်းမှ စိုက်ပျိုးရေပေးဝေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် ၂၀၂၀ ပြည့်နှစ် မိုးစပါး စိုက်ဧက ၄၃၁၃၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၇၃၁၇ ဧက စိုက်ပျိုးပြီး ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း မြို့နယ် ခုနစ်မြို့နယ်၊ ကျေးရွာ ခုနစ်ရွာ ရှိ တစ်မြို့နယ် တစ်ရွာ ဘက်စုံအဆင့် မြင့် နည်းပညာသုံး စံပြကျေးရွာများ တွင် လယ်မြေဧရိယာ ၂၈၃၉ ဧက ကို လည်းကောင်း၊ ကိုဗစ်-၁၉ စီးပွားရေး ကုစားမှုအစီအစဉ်(CERP)အရ မျိုးစေ့ ထုတ် ဧက ၇၆၀ ကိုလည်းကောင်း၊ CERP Plan အရ ကျေးရွာ ၁၉ ရွာ တွင် Contract Farming ဧက ၃၀၀၀ ကို လည်းကောင်း လျာထားစိုက်ပျိုး ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ နိုင်ငံ အရှေ့ပိုင်းပြည်နယ်များ စိုက်ပျိုး စီးပွား ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ်၊ ကော့ကရိတ်မြို့နယ်တို့တွင် စီမံကိန်း လုပ်ငန်းများ ဆောင်ရွက်သွားမည် ဖြစ်ပြီး စီမံကိန်းကာလ (၂၀၁၉-၂၀၂၀) ခုနှစ်အတွင်း စီမံကိန်းဧရိယာများ တွင် စိုက်ပျိုးပညာပေးရေးစခန်း တည်ဆောက်လျက်ရှိကြောင်း သိရ သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လှိုင်းဘွဲမြို့နယ် ထီလုံ ကျေးရွာအုပ်စု ထီလုံကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လူထုဗဟိုပြုစီမံကိန်း (CDD) (တတိယနှစ်စက်ဝန်း) ဖြင့် ဆောင်ရွက်ထားသည့် ကျေးလက် မီးလင်းရေးကိုလည်းကောင်း၊ အထက် ရေပူကျေးရွာအုပ်စု ထီလင်းဝင်းသာ ကျေးရွာတွင် Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်ထားသည့် ရေနုတ်မြောင်း တူးဖော်ခြင်းနှင့် ကျောက်ရောမြေသားလမ်းခင်းခြင်း လုပ်ငန်းကိုလည်းကောင်း ကြည့်ရှု စစ်ဆေးပြီး ကျေးရွာသူ၊ ကျေးရွာသား များနှင့် ရင်းနှီးစွာတွေ့ဆုံ၍ လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် ပေးသည်။

ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနှင့် ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း (VRFP)ဖြင့် ကျေးရွာ ၅၀ တွင် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်း၊ ကော်မတီ များ ဖွဲ့စည်းခြင်း၊ ကျေးရွာစာရင်းရှင် ဖွင့်လှစ်ခြင်း၊ မြို့နယ်မှ ကျေးရွာသို့ ရန်ပုံငွေ လွှဲပြောင်းခြင်း၊ ချေးငွေ အဆိုပြုလွှာခေါ်ယူခြင်း၊ ချေးငွေ အဆိုပြုလွှာ စိစစ်ခြင်း၊ ချေးငွေ ထုတ်ချေးခြင်းများအား ရာခိုင်နှုန်း ပြည့်ဆောင်ရွက်ပြီးဖြစ်သည်။ Cash For Work စီမံကိန်းဖြင့် မြို့နယ် ခုနစ် မြို့နယ်ရှိ ကျေးရွာ ၁၁၀ တွင် စီမံကိန်းလုပ်ငန်းခွဲပေါင်း ၁၃၀ လျာထား ဆောင်ရွက်လျက်ရှိပြီး ပြည်နယ်တစ်ခုလုံးအနေနှင့် ၃၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကာ လျာထား ချက်ပြည့်မီအောင် ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

သတင်းစဉ်

မကွေးတိုင်းဒေသကြီးအတွင်း သဘာဝဘေးကြောင့် သီးနှံမျိုးစုံစိုက်ဧက တစ်သိန်းသုံးသောင်းကျော် ပျက်စီး

မကွေး ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီးအတွင်းတွင် ရေကြီးနစ်မြုပ်ခြင်း၊ မိုးခေါင်ခြင်း၊ ပိုးမွှားကျခြင်း စသည့် သဘာဝဘေးများကြောင့် ၂၀၁၉-၂၀၂၀ ပြည့်နှစ်၌ နှမ်းစပါး၊ မိုးစပါး၊ ဖူးစားပြောင်း၊ မြေပဲ၊ နှမ်းနှမ်း၊ မိုးနှမ်း၊ ပဲတီစိမ်း၊ ချည်မျှင် ရှည်ဝါ၊ ဟင်းသီးဟင်းရွက်၊ ပဲစင်းငုံ၊ နေကြာ စသည့် သီးနှံမျိုးစုံစိုက်ဧက သုံးသိန်းငါးသောင်းကျော် ထိခိုက်ခဲ့ကာ ဧကတစ်သိန်းသုံးသောင်းကျော် ပျက်စီးခဲ့ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အများဆုံး ထိခိုက်ပျက်စီးတာက မိုးနှမ်းပါ။ မိုးလေဝသက ပြောင်းလဲသွားလို့ လိုက်လျောညီထွေဖြစ်တဲ့ စိုက်ပျိုးမှုပုံစံတွေ ဖြစ်အောင် လုပ်ရပါတော့မယ်။ သက်တမ်းတိုတဲ့မျိုးတွေ၊ အထွက်ကောင်းတဲ့မျိုးတွေ ရှာစိုက်ရတော့မယ်။ ဧရာဝတီ မြစ်ရေ တက်တာခံရတဲ့ဒေသတွေမှာ ရေကြီး ဒဏ်ခံနိုင်တဲ့ မျိုးတွေစိုက်ဖို့၊ မိုးခေါင်တဲ့ဒေသတွေမှာ ရေငတ်ဒဏ်ခံနိုင်တဲ့ မျိုးတွေစိုက်ဖို့ ဒါကိုပြောင်းလဲ ရပါမယ်" ဟု မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်က ပြောသည်။

၂၀၁၈ ခုနှစ်က ရေကြီးနစ်မြုပ်မှုကြောင့် နှမ်းနှမ်းနှင့် မိုးနှမ်း စိုက်ဧက ၁၅၈၆၂ ဧက၊ ၂၀၁၉ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှုနှင့် မိုးခေါင်မှုတို့ကြောင့် မိုးနှမ်းဧက ၂၁၀၆၆ ဧက၊ ၂၀၂၀ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှုနှင့် မိုးခေါင်မှုကြောင့် နှမ်းနှမ်းနှင့် မိုးနှမ်း စိုက်ဧက ၂၉၈၀၁၇ ဧက ထိခိုက်ခဲ့ရကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ပျက်စီးမှုများကြောင့် သီးနှံများကို သမားရိုးကျသတ်မှတ်ထားကြသည့် ရက်များတွင် မစိုက်ဘဲ စော၍ စိုက်ရန် (သို့မဟုတ်) နောက်ကျ၍ စိုက်ရန်ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ရေစုကန်များ ထားရှိခြင်းနည်းလမ်းကိုလည်း လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလင်းမြတ်က အကြံပြုပြောကြားသည်။

ဇေယျာတု (မကွေး)

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ယခုနှစ်တွင် ဒေသစာရီကြွချီပူဇော်ခံခြင်းမပြုကြောင်း ဆုံးဖြတ်

ညောင်ရွှေ ဩဂုတ် ၁၆

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နမ့်ဟူးကျေးရွာရှိ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူသည် ယခုနှစ် (၁၃၈၂ ခုနှစ်) တွင် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံခြင်း မပြုကြောင်း သိရသည်။

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များ ဒေသစာရီကြွချီ ပူဇော်ခံရေးနှင့်ပတ်သက်၍ ယနေ့ နံနက် ၉ နာရီက အင်းလေးဖောင်တော်ဦးဘုရား ထိန်ထိန်လင်းကျောင်း၌ ကျင်းပသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များက ယခုနှစ် (၁၃၈၂ ခုနှစ်) တွင် ဒေသစာရီကြွချီပူဇော်ခံခြင်းမပြုကြောင်း ဆုံးဖြတ်ခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အင်းလေးဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်များသည် နှစ်စဉ် သီတင်းကျွတ် လဆန်း ၁ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက်ထိ အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ ကြွချီပူဇော်ခံခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကာကွယ်ထိန်းချုပ်နေသည့် ကာလဖြစ်ခြင်း၊ လူစုလူဝေးနှင့် ပွဲလမ်းသဘင်များကို ရှောင်ကြဉ်ခြင်း စသည်တို့ကြောင့် ဒေသစာရီကြွချီ ပူဇော်ခံခြင်း မပြုကြောင်း သိရသည်။

နေမျိုးသူရိန်

မနက်ဖြန်အတွက် ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၁၆

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးဆက်လက်ပိုနေမည်။ နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

နမ့်ခမ်းမြို့နယ်၌ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရန် ကွင်းဆင်းစိစစ်မှုများဆောင်ရွက်

မူဆယ် ဩဂုတ် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက သစ္စာစီမံချက်ဖြင့် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာ၊ မန်းပူးကျေးရွာနှင့် အနီးအနားရှိကျေးရွာများမှ လူဦးရေစုစုပေါင်း ၄၁၅၆ ဦးအတွက် ဩဂုတ် ၁၃ ရက်မှစတင်ပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စု လုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။

"အခုကွင်းဆင်းစိစစ်မှုတွေ ဆောင်ရွက်နေတဲ့ ကျေးရွာတွေဟာဆိုရင် နမ့်ခမ်းမြို့ကနေ ၃၄ မိုင်ကွာဝေးပြီး သွားလာရန် အင်မတန်ခက်ခဲပါတယ်။ ဒါကြောင့် ဒေသခံပြည်သူတွေအနေနဲ့ မြို့ပေါ်ကို လာရောက်ပြီး စိစစ်မှုတွေ ဆောင်ရွက်မယ်ဆိုရင် သူတို့အတွက် အချိန်ကြန့်ကြာမှုတွေဖြစ်မယ်။ ခရီးစရိတ်တွေလည်း ကုန်မှာဖြစ်တဲ့အတွက် အခုလို ကျွန်တော်တို့ ဌာနအနေနဲ့ ဝေးလံတဲ့ နယ်မြေဒေသအရောက် သွားရောက်ပြီး ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးခြင်းအားဖြင့် တစ်နေရာတည်းမှာပဲ တစုတစည်းနဲ့ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါတယ်" ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လုပ်ငန်းများ ကွင်းဆင်းစီမံချက်လုပ်ငန်းကို နမ့်ခမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနမှ ဦးစီးအရာရှိဦးစန်းလွင်နှင့် တာဝန်ရှိသူများ၊ တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များနှင့် OSS အဖွဲ့ဝင်များ ပူးပေါင်း၍ ကွင်းဆင်းစိစစ်ခြင်းများ ဆောင်ရွက်သည်။

ဆက်လက်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ကွင်းဆင်းစိစစ်မှုများ ဆောင်ရွက်သည့်အပြင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲစာရင်းများကို နယ်မြေဒေသအရောက် စိစစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ကြိုးကြာခေါင်းနီငှက် ကွင်းဆင်းလေ့လာထိန်းသိမ်းရေးလုပ်ငန်းများ ပြန်လည်စတင်

ရန်ကုန် ဩဂုတ် ၁၆

ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားသည့် ကြိုးကြာခေါင်းနီငှက် ကွင်းဆင်းလေ့လာရေး လုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပြန်လည်စတင် လုပ်ကိုင်နေပြီဖြစ်ကြောင်း ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာန ကထိက ဒေါက်တာမျိုးစန္ဒာဝင်းထံမှ သိရသည်။

နှစ်စဉ်ပြုလုပ်ခဲ့သော ကွင်းဆင်းလေ့လာရေး လုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ယခုနှစ်တွင်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါကြောင့် မတ်လတွင် စတင်ရပ်နားထားရပြီး ဇူလိုင်လဆန်းပိုင်းမှသာ ပြန်လည်စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

"၂၀၁၅ ခုနှစ်ကစပြီး ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနနဲ့ International Crane Foundation တို့ပူးပေါင်း၍ ကြိုးကြာခေါင်းနီငှက်တွေ အများဆုံးနေထိုင်ကျက်စားတဲ့ ဧရာဝတီတိုင်းဒေသကြီးမှာ အကောင်ရေကိုသိရှိနိုင်ဖို့ စစ်တမ်းကောက်ယူခြင်း၊ ပျံ့နှံ့နေထိုင်မှု၊ သားပေါက်ဖွားခြင်း၊ နေထိုင်ရာ စားကျက်တွေနဲ့ သူတို့အပေါ်ကျရောက်နေတဲ့ ခြိမ်းခြောက်မှုတွေကို လေ့လာမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ကွင်းဆင်းလေ့လာမှု မှတ်တမ်းတွေအရ ဧရာဝတီတိုင်းဒေသကြီးမှာ ကြိုးကြာခေါင်းနီငှက်ကောင်ရေ ၃၀၀ ကျော်လောက် ရှင်သန်နေထိုင်ကျက်စားလျက်ရှိပါတယ်။ အဲဒီပမာဏဟာ မြန်မာနိုင်ငံအတွင်း နေထိုင်ကျက်စားနေတဲ့ ကြိုးကြာခေါင်းနီငှက်အကောင်ရေ စုစုပေါင်းရဲ့ ၉၀ ရာခိုင်နှုန်းခန့်ရှိပါတယ်" ဟု ရန်ကုန်တက္ကသိုလ် သတ္တဗေဒဌာနမှ ကထိက ဒေါက်တာမျိုးစန္ဒာဝင်းက ပြောသည်။

ကြိုးကြာခေါင်းနီငှက်များကို ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝရေဝပ်ဧရိယာများနှင့် ရေနက်ကွင်းစပါးစိုက်ခင်းများတွင် အများဆုံးတွေ့ရှိရကြောင်း၊ ဥဥ သားပေါက်သည့်ရာသီမကျရောက်ခင် ဒီဇင်ဘာလမှ ဇွန်လခန့်အထိ အုပ်စုဖွဲ့နေထိုင်ကြပြီး ဇူလိုင်လဆန်းပိုင်းလောက်မှစ၍ ဥဥသားပေါက်ရန်အတွက် အုပ်စုအတွင်းမှ ကြိုးကြာစုံတွဲများသည် ခွဲထွက်လာပြီး နယ်ပယ်များသတ်မှတ်၍ မိမိတို့သက်ဆိုင်ရာ နယ်ပယ်များအတွင်း အသိုက်များဆောက်လုပ်၍ ဥဥသားပေါက်ကြကြောင်း၊ အသိုက်များကို စပါးကွင်းများနှင့် သဘာဝရေဝပ်ဧရိယာများအနီးရှိမြက်ရိုင်းတောများတွင် ပြုလုပ်လေ့ရှိကြပြီး ဥဥပြီး ရက် ၃၀ ခန့်အကြာတွင် သားပေါက်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးတွေ့ရသော ကြိုးကြာခေါင်းနီ။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သဘာဝရေဝပ်ဧရိယာများနှင့် ရေနက်ကွင်းစပါး စိုက်ခင်းများသည် ကြိုးကြာခေါင်းနီငှက်များအတွက် လွန်စွာမှ အရေးပါသော စားကျက်နှင့်သားပေါက်ရာနေရာများဖြစ်ပြီး ယခုအခါ အဆိုပါနေရာများမှာ လယ်ယာမြေများ ချဲ့ထွင်ခြင်း၊ ငါးကန်များတူးဖော်ခြင်း စသည့်အကြောင်းများကြောင့် တဖြည်းဖြည်း ကျဉ်းမြောင်းလာလျက်ရှိသကဲ့သို့ ကြိုးကြာဥများနှင့် အကောင်ပေါက်ကလေးများမှာလည်း အိမ်မွေးတိရစ္ဆာန်များ၊ သဘာဝတောရိုင်းတိရစ္ဆာန်များ၏ ဖမ်းယူစားသောက်ခြင်း၊ ဒေသခံများ၏ အိမ်မွေးတိရစ္ဆာန်အဖြစ် ဖမ်းဆီးယူဆောင်ခံရခြင်းတို့ကြောင့် ကြိုးကြာခေါင်းနီငှက်များ ရေရှည်ရှင်သန်နိုင်ရန်အတွက် စိန်ခေါ်လျက်ရှိသည်။

ကြိုးကြာခေါင်းနီငှက်သည် မြန်မာနိုင်ငံတွင် တွေ့ရှိရသော ဌာနေငှက်မျိုးစိတ်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တွေ့ရှိရကြောင်း၊ အစိုးရတာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထုတို့ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းပေးကြမှသာ ကြိုးကြာခေါင်းနီ ငှက်များ၏ ရေရှည်ရှင်သန်နိုင်ရေးနှင့် ၎င်းတို့၏ နေထိုင်ကျက်စားရာနေရာများ မပျောက်ကွယ်စေရန် ဆောင်ရွက်ရာတွင် အောင်မြင်နိုင်မည်ဖြစ်ကြောင်း ဒေါက်တာ မျိုးစန္ဒာဝင်းက အကြံပြုပြောကြားသည်။

သတင်း-ပိန်းဇလုပ်သိန်းညွန့်
ဓာတ်ပုံ-တင်အောင်ထွန်း

အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာတည်ဆောက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၆

နိုင်ငံတော်အစိုးရအနေဖြင့် အိမ်ရာဝယ်ယူနိုင်စွမ်းမရှိသည့် အငြိမ်းစားဝန်ထမ်းများနှင့် ပြည်သူများအတွက် အခန်းပေါင်း ငါးထောင်ကျော်ပါဝင်သည့် ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၇) လမ်းမကြီးနှင့် အမှတ်(၂)လမ်းဆုံအနီး စံပြစိုက်ပျိုးရေးအထူးဇုန်၌ အကောင်အထည်ဖော်တည်ဆောက်လျက်ရှိကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်ထံမှ သိရသည်။

စတင်အကောင်အထည်ဖော်

"ဆောက်လုပ်ရေးအသင်းသုံးသင်းက ငွေကြေးအရင်းအနှီး စိုက်ထုတ်ပြီး တည်ဆောက်မယ်။ အိမ်ရာဝယ်ယူနိုင်စွမ်းမရှိတဲ့ ပြည်သူတွေကို အငှားအိမ်ရာ တင်ပေးမှာဖြစ်ပါတယ်။ အငှားအိမ်ရာစီမံကိန်းကို ၆ လအတွင်း အပြီးတည်ဆောက်မှာပါ။ စတင်အကောင်အထည်ဖော်နေပါပြီ။ ဒီဇိုင်းတွေကတော့ အဆင်သင့်ရှိနေပါပြီ။ တည်ဆောက်ပြီးသွားရင် အငှားအိမ်ရာတွေကို တိုင်းဒေသကြီးအစိုးရတွေက တကယ်နေထိုင်ဖို့ လိုအပ်နေပြီး ဝယ်နိုင်စွမ်းမရှိတဲ့ ပြည်သူတွေကို ချပေးသွားဖို့ ရည်ရွယ်ထားပါတယ်" ဟု မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မူဝါဒနှင့်စီမံကိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင်က ပြောသည်။

အဆိုပါ ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရန်ကုန်တိုင်းဒေသကြီး

ဒေါ်မီမီတင် (မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန မူဝါဒနှင့်စီမံကိန်း ဒုတိယညွှန်ကြားရေးမှူးချုပ်)

အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်၊ လိုင်စင်ရ ကန်ထရိုက်တာများအသင်းနှင့် မြို့ပြနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းတို့က စံပြစိုက်ပျိုးရေး အထူးဇုန်အတွင်းရှိ မြေဧက ၁၇၁ ဧကပေါ်တွင် အခန်းပေါင်း ၅၀၇၂ ကို အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ကနဦးအနေဖြင့် အခန်း

> **"ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအပြင် နေပြည်တော်တွင် အခန်းပေါင်း ၇၀၀ ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အခန်းပေါင်း ၃၀၀၀ ကိုလည်းကောင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်"**

ပြည်သူ့အငှားအိမ်ရာစီမံကိန်း ပုံစံငယ်။

ဦးရှိန်ဝင်း (မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ)

ပေါင်း ၅၀၇၂ ကို စတင်အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ပြီး ကျန်ရှိသည့်အခန်း ၁၂၀၀ ကျော်ကို မြေနေရာရရှိမှုအပေါ်မူတည်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်းလည်း သိရသည်။

"ဒီဇိုင်းရေးဆွဲပြီးပါပြီ။ ဩဂုတ်လမှာ စတင်အကောင်အထည်ဖော် တည်ဆောက်ပြီး ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်မတိုင်ခင် အပြီးတည်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်။ အဆောက်အအုံက ငါးထပ်ဆောက်ပြီး အောက်ဆုံးထပ်ကို Community Hall သဘောမျိုးထားပြီး အပေါ် ၄ ထပ်ကို ငှားရမ်းတဲ့စနစ်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီမှာ ဆေးရုံ၊ ကျောင်း၊ ဈေး၊ ပန်းခြံနဲ့ အားကစားကွင်းတွေ ထည့်သွင်းတည်ဆောက်သွားမှာပါ" ဟု မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောက်လုပ်ရေးအသင်း သုံးသင်းမှ ပြည်သူများအတွက် အငှားအိမ်ရာစီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီးအပြင် နေပြည်တော်တွင် အခန်းပေါင်း ၇၀၀ ကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အခန်းပေါင်း ၃၀၀၀ ကိုလည်းကောင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဘဏ်ချေးငွေနှင့် ရောင်းချပေး

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မူဝါဒနှင့်စီမံကိန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် က " အငှားအိမ်ရာစီမံကိန်းက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မှာ အခန်းပေါင်း တစ်သောင်း အကောင်အထည်ဖော် တည်ဆောက်ဖို့ ရည်ရွယ်ထားပါတယ်။ ဒီအခန်းတွေကို တည်ဆောက်ပေးရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်မတို့ဌာနမှာ အရောင်းအိမ်ရာတွေ စတင်ခဲ့ပါတယ်။ အရောင်းအိမ်ရာတွေ ဝယ်နိုင်စွမ်းမရှိတဲ့ ပြည်သူတွေကို ဘဏ်နဲ့ ချိတ်ဆက်တဲ့စနစ်နဲ့ လုပ်ပေးခဲ့ပါတယ်။ ကျပ်သိန်းတစ်ရာကျော် တန်ဖိုးရှိတဲ့ အခန်းတွေကို ကျပ်သိန်း ၃၀ ဘဏ်မှာစုပြီးရင် ၇၀ ရာခိုင်နှုန်းကို ဘဏ်ချေးငွေနှင့် ရောင်းချပေးပါတယ်။ ဘဏ်မှာစုဆောင်းထားတဲ့ လူသုံးသောင်းကျော်ထဲကလည်း အခန်းတွေကို ဝယ်နိုင်တဲ့အင်အား အပြည့်မရှိဘူး။ အဲဒါကြောင့် နိုင်ငံတော်ရဲ့ လမ်းညွှန်မှုနဲ့ အငှားအိမ်ရာစီမံကိန်းတွေကို လုပ်ပေးမှာဖြစ်မယ်။ ကိုဗစ်ကာလမှာ အလုပ် အကိုင်ရရှိရေးအတွက်လည်း ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ဒါမျိုးနှစ်ပေါင်း ၃၀ကျော်ပြီ မလုပ်နိုင်ခဲ့တာ။ နောက်ဆုံးလုပ်ခဲ့တာ ရန်ကင်း၊ သုဝဏ္ဏလိုနေရာမျိုးတွေမှာ ပြည်သူ့အငှားအိမ်ရာတွေကို လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀၊ ၄၀ က ပေးခဲ့တာ။ အခု ၂၀၂၀ မှာ ပြန်ပြီး အကောင်အထည်ဖော်တာ ဖြစ်ပါတယ်"ဟု ပြောသည်။

ပြည်သူ့အငှားအိမ်ရာစီမံကိန်းကို Private Finance Initiative စနစ်ဖြင့် ပုဂ္ဂလိက ကုမ္ပဏီအသင်းအဖွဲ့များက ဦးစွာပထမ ငွေကြေးအရင်းအနှီးစိုက်ထုတ်၍ တည်ဆောက်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပိုလျှံလာမည့် ဘတ်ဂျက်ထဲမှ ပြန်လည်ပေးချေမည့်စနစ်ဖြင့် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မီမီတင် က "ဖွံ့ဖြိုးဆဲတိုင်းပြည်တစ်ခုအနေနဲ့ အငှားအိမ်ရာ လုပ်ပေးရတာ ကုန်ကျစရိတ်များပါတယ်။ ဒီအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို အများကြီးလုပ်ပေးလိုက်ရတယ်။ သင့်တင့်လျောက်ပတ်တဲ့ အခန်းငှားခတွေပြန်ဝင်လာပြီး ရလာတဲ့အခန်းငှားခတွေကို နောက်နှစ်နောက်နှစ်တွေမှာ တခြားလိုအပ်တဲ့နေရာတွေမှာ ထပ်ဆောက်သွားပါမယ်" ဟု ဆိုသည်။

အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ လူမှု၊ စီးပွားဘဝကို ကာကွယ်နိုင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍမှ တစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးတို့အတွက် လူဦးရေများသော မြို့ကြီးများဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့တွင် ပြည်သူ့အငှားအိမ်ရာ ယူနစ် ၁၀၀၀၀ ဆောက်လုပ်ဖြည့်ဆည်းပေးရန် စီမံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးရှိန်ဝင်း က " ဝင်ငွေနည်း ပြည်သူတွေရှိသလို အိမ်ရာအခက်အခဲရှိတဲ့ ဝန်ထမ်းတွေအားလုံးအတွက် တကယ်ကို မင်္ဂလာရှိတဲ့ သတင်းဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ နေမယ်ဆိုရင် အိမ်ရာမရှိရင် ရပ်တည်ဖို့ခက်ခဲပါတယ်။ နေစရာနေရာတစ်ခုရဖို့က ပြည်သူတွေအတွက် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။ ကိုဗစ်-၁၉ အချိန်အခါမှာ ပြည်သူတွေအတွက် အိမ်ရာလိုအပ်ချက်ဖြစ်တဲ့ ဒီအိမ်ရာတွေ ဆောက်တာရယ်၊ အိမ်ရာတွေဆောက်တဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းနဲ့ပတ်သက်တဲ့ လုပ်သားတွေ၊ အင်ဂျင်နီယာတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီး ရရှိမှာဖြစ်ပါတယ်။ ဆောက်လုပ်ရေးကဏ္ဍနဲ့ ပတ်သက်တဲ့ လုပ်ငန်းတွေအားလုံးလည်း အလုပ်အကိုင် အခွင့်အလမ်းတွေရလာမှာဖြစ်ပါတယ်။ ဒီဆုံးဖြတ်ချက်က နိုင်ငံတော်အနေနဲ့ မှန်ကန်တဲ့ ဆုံးဖြတ်ချက်၊ မှန်ကန်တဲ့စေတနာတွေနဲ့ အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်နေတယ်လို့ မြင်ပါတယ်" ဟု ပြောသည်။

အလုပ်အကိုင် အခွင့်အလမ်းပေါများသည့် မြို့ကြီးများတွင် အိမ်ရာလိုအပ်ချက် မြင့်မားလေ့ရှိပြီး ဝင်ငွေနည်းပြည်သူများအတွက် လုံခြုံစိတ်ချရသည့် သွားလာရေးလွယ်ကူပြီး ငှားရမ်းခသက်သာသည့် အိမ်ရာများတွင် နေထိုင်ခွင့် ဖန်တီးပေးနိုင်ခြင်းဖြင့် အိမ်ခြေရာမဲ့များ တိုးပွားလာမှုကို စည်းကမ်းတကျ ထိန်းကျောင်း ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူ့အငှားအိမ်ရာစနစ်ကို ၁၉၅၁ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့ပြီး ပါလီမန်ဒီမိုကရေစီခေတ်တွင် အိမ်ခန်းပေါင်း ၉၀၀၀ ကျော်၊ ဆိုရှယ်လစ်ခေတ်တွင် အိမ်ခန်းပေါင်း ၁၁၀၀၀ ကျော်နှင့် ဒီမိုကရေစီအစိုးရလက်ထက်တွင် အိမ်ခန်းပေါင်း ၁၄၀၀၀ ကျော် ဆောက်လုပ်ပေးခဲ့ပြီး ဝန်ထမ်းများနှင့် ဝင်ငွေနည်းပြည်သူများကို ဈေးကွက်တွင်ရှိသည့် ငှားရမ်းခထက် များစွာသက်သာသည့် နှုန်းထားဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မျိုးမြင့်၊ မင်းသစ်(MNA)
ဓာတ်ပုံ - ဇော်မင်းလတ်

တောင်ငူမြို့ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

တောင်ငူ ဩဂုတ် ၁၆

တောင်ငူမြို့ရှိ ကိုဗစ်-၁၉ ကြောင့် ပိတ်ထားခဲ့သော ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ကြီးကြပ်မှုကော်မတီနာယက ဒေါက်တာမာမာဝေ(ပါမောက္ခငြိမ်း)နှင့် ဥက္ကဋ္ဌ ဒေါက်တာဘဆွေတို့က အမှာစကားပြောကြားကြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်းစာကြည့်တိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာ၍ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် တက်ရောက်လာကြသည့် ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဝ၄၈

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံတွင် အွန်လိုင်းဂိမ်းကစားသူ ၂၀၀၀၀ ကျော်ခန့်အထိ တိုးလာ

ရန်ကုန် ဩဂုတ် ၁၆

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် Stay Home ကာလအတွင်း ဂိမ်းကစားခြင်းနှင့် Esports Industry အပေါ် ပိုမိုစိတ်ဝင်စားမှုများ ဖြစ်ပေါ်လာခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကာလအတွင်း PUBG MOBILE၊ DOTA 2၊ League of Legends စသည့် PC Game များ၊ Mobile Game များကို ဆော့ကစားသူများ ပိုမိုများပြားလာမှုနှင့်အတူ Esports Industry အပေါ် စိတ်ဝင်စားမှုမှာလည်း တစ်ရှိန်ထိုး မြင့်မားလာခဲ့ကြောင်း သိရသည်။ ကိုဗစ်-၁၉ ကာလအတွင်း မြန်မာနိုင်ငံတွင် အွန်လိုင်းဂိမ်းကစားသူဦးရေမှာ ၂၀၀၀၀ ကျော်ခန့်အထိ တိုးလာခဲ့ကာ Esports Industry တွင်လည်း နှစ်စဉ်နှစ်တိုင်း ၁၀၀ ရာခိုင်နှုန်းအထိ ဂိမ်းကစားသူများ တိုးတက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ Esports တွင် နေရာတစ်ခုအခိုင်အမာရရှိထားသော PUBG MOBILE (Player Unknown's Battlegrounds Mobile) ဂိမ်းကစားသူများတွင် အမျိုးသားများသာမက အမျိုးသမီးများလည်း ပိုမိုပါဝင်လာကြပြီး အမျိုးသမီး ၂၀ ရာခိုင်နှုန်းနှင့် အမျိုးသား ၈၀ ရာခိုင်နှုန်း ဝင်ရောက်ကစားခဲ့ကြသည်။ ထို့ပြင် Esports အသင်းများလည်း အများအပြားပေါ်ပေါက်လာခဲ့ပြီး နောက်ဆုံးကျင်းပခဲ့သော PUBG Mobile Myanmar Championship ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂၀၀ ကျော် စာရင်းပေးသွင်းခဲ့ကာ ရန်ကုန်မှ ၃၅ ရာခိုင်နှုန်း၊ မန္တလေးမှ ၂၅ ရာခိုင်နှုန်းနှင့် ကျန်ရာခိုင်နှုန်းများမှာ အခြားမြို့များမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

PUBG သည် မြန်မာနိုင်ငံ Gamer များအတွက် ဒေသတွင်း ပြိုင်ပွဲများသာမက နိုင်ငံတကာအထိ တက်ရောက်နိုင်မည့် ပြိုင်ပွဲများလည်း ကျင်းပပေးလျက်ရှိရာ အရှေ့တောင်အာရှဒေသအတွင်း PUBG MOBILE ၏ အကြီးမားဆုံး နိုင်ငံတကာအဆင့် ပြိုင်ပွဲကြီးများဖြစ်သည့် PMCO (PUBG MOBILE Club Opens) SEA Final၊ PMPL (PUBG Mobile Pro League) စသည့် ပြိုင်ပွဲများတွင် အခြားနိုင်ငံလက်ရွေးစင်အသင်းများနှင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

"မြန်မာနိုင်ငံက အသင်းတွေက ဒီနှစ်အတွင်း တိုးတက်လာတာကို အားရဖွယ် မြင်တွေ့ခဲ့ရပါတယ်။ မြန်မာနိုင်ငံ လက်ရွေးစင်အသင်းအတွက် ဒီနှစ်ကစပြီး SEA Qualifiers မှာ Direct Spot ကို ပေးသွားမှာပါ။ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ဖို့ Professional Tournaments တွေကို ပါဝင်တက်လှမ်းနိုင်စေမယ့် အခြေခံပြိုင်ပွဲတွေလည်း အများကြီးကျင်းပပေးဖို့ အစီအစဉ်ရှိပါတယ်။ နိုင်ငံတကာအဆင့် ပွဲတွေမှာလည်း အရင်နှစ်တွေကလို ကောင်းမွန်တဲ့ရလဒ်တွေ ရယူလာနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု PUBG MOBILE မှ Mr. Andrew Manugian က ပြောကြားသည်။

အာကာလင်း

မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း ကျွန်းစိုက်ခင်းအတွင်း တောဆင်ရိုင်းတစ်ကောင် ဝင်ရောက်

မြန်အောင် ဩဂုတ် ၁၆

မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ်(၅၉) ကျွန်းစိုက်ခင်းဟောင်းအတွင်း ဩဂုတ် ၁၅ ရက်က တောဆင်ရိုင်း(ဟိုင်းဆင်) တစ်ကောင် ဝင်ရောက်နေကြောင်း ဒေသခံများ၏ သတင်းပေးမှုကြောင့် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးအောင်မျိုး ခေါင်းဆောင်သော သစ်တောဝန်ထမ်းများ၊ သစ်တောရဲတပ်ကြပ်ကြီး ရာဇာသူနှင့် တပ်ဖွဲ့ဝင်များ၊ အင်ပင်နယ်မြေရဲစခန်းမှ တပ်ကြပ်ကြီး ကျော်ဝင်းလှိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဆင်အုပ် ဦးဟန်ညွန့် EERU (MTE)၊ ဆင်ခေါင်း၊ ဆင်ဦးစီးများနှင့် ကြိုးဝိုင်းအနီးမှ ဒေသခံပြည်သူများက စုပေါင်းခြောက်လှန့်မောင်းထုတ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါတောဆင်ရိုင်းဝင်ရောက်မှုကြောင့် လူနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

ထွန်းဇော်ထွန်း(ပြန်/ဆက်)၊ ဓာတ်ပုံ-မြို့နယ်သစ်တောဦးစီးဌာန

ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၆

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၈ စီး၊ သွင်းကုန် ၄၂၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၆၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၀ ဒသမ ၂၆၂ သန်း တန်ဖိုးရှိ တင်သွင်းရန် ကန့်သတ်တားမြစ်ထားသည့် အေးခဲကြက်သား (1 x 30 kg) (4Pkgs) နှင့် (1 x 10kg) (3Pkgs) ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျွန်းလှမြို့၌ တရားမဝင်ကျွန်းခွဲသားများ ဖမ်းမိ

ကျွန်းလှ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့အဝင်နေရာတွင် ရပ်ထားသောယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသားများ ဖမ်းမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က ကျွန်းခွဲသားများ တင်ဆောင်ထားသော ယာဉ်တစ်စီး ရပ်နားထားကြောင်း သတင်းအရ ကျွန်းလှမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းလှိုင် ဦးစီးသောအဖွဲ့၊ မြို့မရဲစခန်းမှ ဒုရဲအုပ် ရဲရန်အောင် ဦးစီးသော ပူးပေါင်းအဖွဲ့သည် ကျွန်းလှ-ကောလင်းကားလမ်း ကျွန်းလှမြို့အဝင် မြတ်လေးရွှေကြည် လက်ဖက်ရည်ဆိုင်အနီးတွင် ရပ်ထားသောယာဉ်ကို ရှာဖွေစစ်ဆေးရာ ကောလင်းမြို့ ကျော်ဇေယျာရပ်ကွက်နေ ဦးဇော်လင်း မောင်းနှင်ခဲ့သော 5M/---- ယာဉ်အတွင်းမှ တရားမဝင်ကျွန်းခွဲသား ၁၁၄ ချောင်း (၁ ဒသမ ၈၉၂၂ တန်)ကို ရှာဖွေတွေ့ရှိသဖြင့် ဦးဇော်လင်းကို ကျွန်းလှမြို့မရဲစခန်းက ဖမ်းဆီးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

လူအောင်(ကသာ)

မန္တလေး - သီပေါ - လားရှိုး - မူဆယ်ပြည်ထောင်စုလမ်းမကြီး နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာအနီး ယာဉ်နှစ်စီးတိုက်မှုဖြစ်

သီပေါ ဩဂုတ် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း မန္တလေး-သီပေါ-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးမှ နောင်ချိုမြို့နယ် ဘန့်ဘွေးကုန်းကြီးရွာမအုပ်စု ရေဝင်ကျေးရွာအနီး သီပေါမြို့နယ်မှ နာနတ်သီးများတင်ဆောင်လာသော ယာဉ်မောင်း ဝေလျှံလင်း မောင်းနှင်သော ၁၂ ဘီးယာဉ်နှင့် မန္တလေးမှ ယာဉ်မောင်း အောင်ဆန်းမင်း မောင်းနှင်သော ၁၂ ဘီး နွားတင်ယာဉ်တို့ ယနေ့နံနက် ၈ နာရီက မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် နာနတ်သီးတင်ယာဉ်မောင်း ဝေလျှံလင်း၊ ယာဉ်နောက်လိုက် ဝေယံထွန်းတို့နှင့် နွားတင်ယာဉ်မောင်း အောင်ဆန်းမင်း၊ ယာဉ်နောက်လိုက် ကျော်မျိုးထူး၊ အောင်လင်းတို့မှာ ဒဏ်ရာများရရှိသဖြင့် နောင်ချိုမြို့မှ စေတနာမွန်၊ ဘန့်ဘွေးမှ ကရုဏာရှင်ဖြူစင်မေတ္တာလူမှုကူညီရေးအသင်းများနှင့် နောင်ချိုမြို့နယ် သန္တေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် လူနာများကို ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးကြောင်း သိရသည်။

စိုင်း(သီပေါ)

❑ *ကျောဖုံးမှ*

မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု (F) ၌ ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားအသင်းတို့နှင့် ကျရောက်နေပြီး ငါးပွဲကစား ခြောက်မှတ် ရရှိထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် တာဂျစ်ကစ္စတန်အသင်းကို အိမ်ကွင်း၌ လေးဂိုး-သုံးဂိုး၊ မွန်ဂိုလီးယားအသင်းကို အိမ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မွန်ဂိုလီးယားအသင်းကို အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းကို အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ၊ ကာဂျစ္စတန်အသင်းကို အဝေးကွင်း၌ ခုနစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ကျန်ပွဲများအဖြစ် ဂျပန်အသင်းနှင့် အဝေးကွင်း၊ ကာဂျစ္စတန်အသင်းနှင့် အိမ်ကွင်း၊ တာဂျစ်ကစ္စတန်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် လက်ကျန်ပွဲများတွင် ရလဒ်ကောင်းပါက အုပ်စုဒုတိယနေရာအထိ မျှော်လင့်နိုင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်း ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲနှင့် အာဆီယံဆုဇူးကီးဖလားပြိုင်ပွဲတို့ ရွှေ့ဆိုင်းခဲ့သောကြောင့် ယှဉ်ပြိုင်ရန်ပြိုင်ပွဲမရှိတော့ဘဲ လာမည့်နှစ်မှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာ့လက်ရွေးစင်အသင်းသည် နှစ်ကုန်ပိုင်းမှသာ အစောဆုံးလေ့ကျင့်ဖွယ်ရှိနေသည်။

ညီမြတ်သော်တာ

❍ *ကျောဖုံးမှ*

ဒုတိယအအောင်မြင်ဆုံးအသင်းအဖြစ် လီဗာပူး၊ ဂျူဗင်တပ်စ်၊ အက်သလက်တီကို မက်ဒရစ်အသင်းတို့နှင့်အတူ ပူးတွဲရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။ ယူရိုပါလိဂ်သမိုင်းတစ်လျှောက် အအောင်မြင်ဆုံးအသင်းအဖြစ် စပိန်ကလပ် ဆီဗီလာအသင်းက ငါးကြိမ်ဖြင့် အများဆုံးဆွတ်ခူးကာ စံချိန်တင်ထားသည်။ အင်တာမီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ရှက်တာဒိုးနက်အသင်းက ၂၀၁၉ ခုနှစ် ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲတွင် ဝါဒါဘရီမင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ်ဖလားကို ပထမဆုံးအကြိမ်ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အင်တာမီလန်အသင်းနှင့် ရှက်တာဒိုးနက် အသင်းတို့ ၂၀၁၅ ခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ နှစ်ကြိမ်ထိပ်တိုက်တွေ့ဆုံဖူးထားပြီး ရှက်တာဒိုးနက်အိမ်ကွင်းတွင် အင်တာမီလန်အသင်းက နှစ်ဂိုးပြတ်အနိုင်ရရှိကာ အင်တာမီလန်အိမ်ကွင်းတွင် တစ်ဖက်တစ်ဂိုးစီ သရေကျထားသည်။ ထို့ကြောင့် ရှက်တာဒိုးနက်အသင်းသည် အင်တာမီလန်အသင်းနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့်အစဉ်အလာကို သတိပြုရပေမည်။

ယူရိုပါလိဂ်ပြိုင်ပွဲတွင် လေးပွဲကစားထားပြီး လေးဂိုးသွင်းယူပေးထားနိုင်သည့် အင်တာမီလန်အသင်းမှ တိုက်စစ်ကစားသမားဖြစ်သူ လူကာကူသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၄၉ ပွဲပါဝင်ကစားထားပြီး ၃၁ ဂိုး သွင်းယူပေးထားနိုင်သူဖြစ်သည်။

အင်တာမီလန်အသင်းမှ ကွင်းလယ်ကစားသမားဖြစ်သူ အဲရစ်ဆင်သည် ယူရိုပါလိဂ်တွင် လေးပွဲကစားပြီး နှစ်ဂိုး သွင်းယူထားနိုင်ကာ ဂိုးရရှိအောင် တစ်ကြိမ် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။ ရှက်တာဒိုးနက်အသင်းမှ ကွင်းလယ်ကစားသမား ပတ်ထရစ်သည် ယူရိုပါလိဂ်တွင် ငါးပွဲကစားထားပြီး သုံးဂိုးအထိ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ အင်တာမီလန်ဂိုးသမား ဟန်ဒါနိုဗီသည် ယူရိုပါလိဂ်နှစ်ပွဲကစားထားပြီး တစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်ကာ ဂိုးပေါက်ကာကွယ်မှု သုံးကြိမ်ပြုလုပ်ထားနိုင်သည်။ ရှက်တာဒိုးနက်ဂိုးသမားဖြစ်သူ ပယာတော့ဗ်သည် ယူရိုပါလိဂ်တွင် ငါးပွဲကစားထားရာ ဂိုးမပေးရအောင် တစ်ပွဲစွမ်းဆောင်ထားနိုင်ပြီး ဂိုးပေါက်ကာကွယ်မှု ၁၃ ကြိမ်အထိ ပြုလုပ်ထားနိုင်ကြောင်း သိရသည်။

ယူရိုပါလိဂ်ဖလားဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ဂျာမနီနိုင်ငံ ကိုလုံးမြို့ရှိ Rhein Energie Stadion ကွင်း၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

အောင်ဇော်

လိုင်ယွန်တို့ နာမည်ကြီး မန်စီးတီးကို အနိုင်ယူပြီး အကြိုဗိုလ်လုပွဲ တက်ရောက်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်နောက်ဆုံးပွဲစဉ် တစ်ပွဲဖြစ်သော အင်္ဂလန်ကလပ်မန်စီးတီးနှင့် ပြင်သစ်ကလပ် လိုင်ယွန်ပွဲကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့ရာ သုံးဂိုး-တစ်ဂိုးဖြင့် လိုင်ယွန်အသင်း အနိုင်ရရှိခဲ့ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

ယင်းပွဲတွင် ပွဲချိန် ၂၄ မိနစ်၌ လိုင်ယွန်တောင်ပံ ကစားသမား မက်စ်ဝဲလ်ကော်နက်က ဦးဆောင်ဂိုးသွင်းခဲ့ပြီး ၆၉ မိနစ်တွင် ဒီဘရိုင်းက ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၇၉ မိနစ် လူစားဝင်ကစားသမား ဒမ်ဘီလီသည် မန်စီးတီးဂိုးသမားနှင့် တစ်ယောင်းချင်းတွေ့ဆုံခဲ့ရာမှ လိုင်ယွန်အတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ လိုင်ယွန်အတွက် အနိုင်သေချာမည့် ဂိုးကို ပွဲချိန် ၈၇ မိနစ်တွင် ဒမ်ဘီလီက အနီးကပ်ပိတ်သွင်းယူခဲ့သည်။ ယနေ့ပွဲတွင် မန်စီးတီးသည် ကစားကွက် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ၁၈ ကြိမ်အထိ ရရှိကာ ၇ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ လိုင်ယွန်အသင်းသည် တန်ပြန်တိုက်စစ်ဖြင့် ၇ ကြိမ်သာ ကန်သွင်းခွင့်ရခဲ့ပြီး ၆ ကြိမ်အထိ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲကို နာမည်ကြီးစပိန်နှင့် အင်္ဂလန်ကလပ်အသင်းများ တက်ရောက်နိုင်ခြင်းမရှိဘဲ ဂျာမန်ကလပ်နှစ်သင်းနှင့် ပြင်သစ်ကလပ် နှစ်သင်းတို့ တက်ရောက်ခဲ့ကြသည်။ ဩဂုတ် ၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁ နာရီခွဲတွင် ဂျာမန်ကလပ်လိုက်ပ်ဇစ်နှင့် ပြင်သစ်ကလပ် ပီအက်စ်ဂျီတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ဩဂုတ် ၂၀ ရက် (ကြာသပတေးနေ့) နံနက် ၁ နာရီခွဲတွင် ပြင်သစ်ကလပ် လိုင်ယွန်နှင့် ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန်မြူးနစ်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို ဩဂုတ် ၂၄ ရက် (တနင်္လာနေ့) နံနက် ၁ နာရီခွဲတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

သီဟ

ဒိုက်ဦး - စစ်တောင်းလမ်းတွင် လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိ

ဒိုက်ဦး ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အောင်စိုးမိုးကျေးရွာအနီးတွင် ဩဂုတ် ၁၅ ရက်က လိုင်စင်မဲ့ယာဉ်နှစ်စီး ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ ဒိုက်ဦးမြို့နယ် ဒိုက်ဦး-စစ်တောင်း မိုင်တိုင်အမှတ် (၂၁/၃)(၂၁/၄) အကြား၊ ဒိုက်ဦးမြို့နယ် အောင်စိုးမိုးကျေးရွာအနီး မြို့မစခန်းမှ စခန်းမှူးဦးစီးသော ပူးပေါင်းအဖွဲ့သည် ပိတ်ဆို့စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ဝေါမှ ဒိုက်ဦးဘက်သို့ နေပြည်တော်နေ ယာဉ်မောင်း ဦးနန်းဦး(၃၈ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် MPW RLG/---- NISSAN X-TRAIL ယာဉ်နှင့် နောက်မှ နေပြည်တော်နေ ယာဉ်မောင်း ဦးမောင်စိုး(၄၆ နှစ်) မောင်းနှင်လာသည့် ယာဉ်အမှတ် RLG/---- NISSAN X-TRAIL ယာဉ်တို့ကို စစ်ဆေးရာ အဆိုပါယာဉ်များနှင့် ပတ်သက်၍ ကညနရုံးတွင် တရားဝင်မှတ်ပုံတင်ထားခြင်း အထောက်အထားများ မတွေ့ရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်၏ ညီ သေဆုံး

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်၏ ညီဖြစ်သူ ရောဘတ်သည် ဩဂုတ် ၁၅ ရက်က ဆေးရုံပေါ်တွင်သေဆုံးသွားပြီဟု သိရသည်။

မည်သည့်ရောဂါကြောင့် သေဆုံးရသည်ကိုမူ ကြေညာခဲ့ခြင်းမရှိပေ။ ၎င်းသေဆုံးမှုအတွက် ဝမ်းနည်းကြောင်း သမ္မတက သတင်းထုတ်ပြန်ခဲ့သည်။ ညီဖြစ်သူ ရောဘတ်သေဆုံးသည့်သတင်းကို ဝမ်းနည်းကြေကွဲစွာ အသိပေးခြင်းဖြစ်ကြောင်း အိမ်ဖြူတော်၏ ထုတ်ပြန်ချက်တွင် ပါဝင်သည်။ ညီအစ်ကိုသံယောဇဉ်သာမက သူငယ်ချင်းဆက်ဆံရေးပါရှိသော ရောဘတ်သေဆုံးသွားသည့်အတွက် လွမ်းဆွတ်နေရဦးမည်ဖြစ်ပြီး နှလုံးသားထဲမှ ပုံရိပ်မှာ ပျောက်ကွယ်သွားမည်မဟုတ်ဟု ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

အသက် ၇၄ နှစ် အရွယ် သမ္မတထရမ့်သည် ဩဂုတ် ၁၄ရက်က နယူးယောက်မြို့ရှိ ရောဘတ်တက်ရောက်ကုသနေသည့်ဆေးရုံသို့ သွားရောက်ခဲ့ပြီး ၄၅ မိနစ်ကြာနေခဲ့သည်။ ရောဘတ်ထရမ့်မှာ ရောဂါသည်းနေသော်လည်း မည်သည့်ရောဂါ ဖြစ်သည်ကိုမူ မသိရကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြကြသည်။ ရောဘတ်ထရမ့်မှာ အသက် ၇၁ နှစ်တွင် ကွယ်လွန်သွားခြင်းဖြစ်ကြောင်း အမေရိကန် မီဒီယာများတွင်ဖော်ပြကြသည်။ ဒေါ်နယ်ထရမ့်၏သမီးဖြစ်သူ အိုင်ဗန်ကာထရမ့်ကလည်း ဦးလေးဖြစ်သူအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့သည်။

၁၉၄၈ ခုနှစ်တွင် မွေးဖွားသည့် ရောဘတ်သည် ထရမ့်မိသားစု၏ ငါးယောက်မြောက်အငယ်ဆုံး မိသားစုဝင်ဖြစ်ပြီး အိမ်ခြံမြေလုပ်ငန်းမလုပ်ကိုင်မီ ဝေါစထရီတွင် အလုပ်လုပ်ကိုင်ခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းက ရောဘတ်သည် ဒေါ်နယ်ထရမ့်ကို ရာခိုင်နှုန်းပြည့် ထောက်ခံကြောင်းပြောကြားခဲ့သည်။ သို့သော်လည်း ဒေါ်နယ်ထရမ့် သမ္မတမဖြစ်မီ နှစ်များက ညီအစ်ကိုနှစ်ဦး ခပ်တန်းတန်းဖြစ်နေခဲ့ကြောင်း နယူးယောက်တိုင်းမ်တွင် ဖော်ပြခဲ့သည်။

အေအက်ဖ်ပီ

၂၀၁၆ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲညတွင် ဒေါ်နယ်ထရမ့်နှင့် ရောဘတ်ထရမ့်တို့ ပွေ့ဖက်နေကြစဉ်။

တောင်အာဖရိကတွင် ကိုဗစ် - ၁၉ ကူးစက်မှု အမြင့်ဆုံးအချိန်မှ ကျော်လွန်ခဲ့ပြီဟု ပြော

ကိပ်တောင်း ဩဂုတ် ၁၆

တောင်အာဖရိကတွင်ကိုဗစ် –၁၉ ကူးစက်မှုမှာ အမြင့်ဆုံးရောက်ရှိပြီးခဲ့ပြီဟု သမ္မတ စီရယ် ရမ်မာဖိုဆာက ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းများ အပေါ် ပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားနေသည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ပြီးခဲ့သည့် သီတင်းသုံးပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၁၂၀၀၀ ထိကျဆင်းပြီး ပျမ်းမျှအားဖြင့် ၅၀၀၀ ဝန်းကျင် ကျဆင်းသည်ဟု ဩဂုတ် ၁၅ ရက်က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် တောင်အာဖရိကတွင် ကူးစက်မှု အထွတ်အထိပ် အခြေအနေကို ကျော်လွန်ခဲ့ပြီဟု မျှော်လင့်ရကြောင်း သမ္မတက ပြောကြားခဲ့သည်။ ပြည်နယ်များအကြား ခရီးသွားလာခွင့် ပိတ်ဆို့ ကန့်သတ်ထားမှုများကို ဖယ်ရှားပေးမည်ဖြစ်ပြီး ဆေးရွက်ကြီးနှင့် အရက်ရောင်းချမှုများကိုလည်း ဖြေလျှော့ပေးသွားမည်ဟု သိရသည်။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာမှ လေကြောင်းပျံသန်းမှုများကိုမူ ကန့်သတ်ထားဦးမည် ဖြစ်သည်။ ကန့်သတ်မှုများ ဖြေလျှော့ပေးမည်ဖြစ်သော်လည်း ကူးစက်မှုအန္တရာယ်ကို လျှော့မတွက်သင့်ဘဲ သတိကြီးကြီး ထားရမည်ဟု ရမ်မာဖိုဆာက သတိပေးခဲ့သည်။ ပြည်သူများအနေဖြင့် ပါးစပ် နှာခေါင်းစည်း ဆက်လက်တပ်ဆင်ရန်နှင့် လူအချင်းချင်း ခပ်ခွာခွာနေသည့် စည်းမျဉ်းများကို လိုက်နာကြရန်လည်း တောင်းဆိုခဲ့သည်။ တောင်အာဖရိကတွင် ကိုဗစ်–၁၉ ကူးစက်ခံရသူ ၅၇၀၀၀၀ ရှိပြီး အာဖရိကတစ်တိုက်လုံး၏ ထက်ဝက်နီးပါးခန့် ရှိသည်။ တောင်အာဖရိကသည် ကမ္ဘာပေါ်တွင် ကူးစက်မှု ပဉ္စမမြောက် အမြင့်ဆုံးနိုင်ငံဖြစ်ပြီး မကြာသေးမီကမှ ကူးစက်မှုနှုန်း လျော့ကျလာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

ကိုဗစ် –၁၉ ကူးစက်ရောဂါပျံ့နှံ့နေစဉ်အတွင်း ရေထောက်ပံ့ရေးအတွက် တောင်အာဖရိက သမ္မတ ညွှန်ကြားနေစဉ်။

ပိုလန်နှင့်အမေရိကန်တို့ စစ်ရေးသဘောတူညီမှု လက်မှတ်ရေးထိုး

ဝါဆော ဩဂုတ် ၁၆

ပိုလန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး မိုက်ပွန်ပီအိုနှင့် ပိုလန်ကာကွယ်ရေးဝန်ကြီး မာရီယုဇ်ဘလက်ချက်တို့ ဩဂုတ် ၁၅ ရက်က စစ်ရေးသဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ပိုလန်နိုင်ငံတွင် အမေရိကန်၏စစ်ရေးအရပ်ပါဝင်မှုကို ပိုမိုတိုးချဲ့ရန်နှင့် ပိုလန်တွင် ဒေသတွင်းစစ်ဌာနချုပ် တည်ဆောက်ရန်တို့အတွက် သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ စစ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ခြင်းသဘောတူညီမှုဟု အမည်ပေးထားပြီး နှစ်နိုင်ငံအကြား စစ်ရေးအရ နက်နက်နဲနဲ ပူးပေါင်းမှုကို တရားဝင်မှု ဘောင်အတွင်းမှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ပိုလန်နိုင်ငံတွင် အမေရိကန်၏ ငါးခုမြောက် တပ်မကြီးကို ၂၀၂၁ ခုနှစ်တွင် တပ်စွဲနိုင်ရန် ရည်ရွယ်ထားပြီး ယခုသဘောတူညီမှု၏ အဓိကအကြောင်းအရာလည်း ဖြစ်သည်။

ပိုလန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကိုလည်း ၁၀၀၀ မှ ၅၅၀၀ အထိ တိုးမြှင့်သွားမည်ဖြစ်သည်။ ယခုသဘောတူညီမှုအတွက် ပိုလန်နိုင်ငံသည် ယူရို ၁၁၃ သန်း ဝန်းကျင် ကျသင့်မည်ဖြစ်သည်ဟု ပိုလန်ကာကွယ်ရေးဝန်ကြီးက ပြောသည်။

ဆင်ဟွာ

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် ပိုလန်ကာကွယ်ရေးဝန်ကြီး မာရီယုဇ်ဘလက်ချက်တို့ သဘောတူလက်မှတ်ရေးထိုးနေစဉ်။

နိုင်ဂျီးရီးယားတွင် ပြန်ပေးဆွဲခံရသည့် တရုတ် အလုပ်သမားလေးဦး လွတ်မြောက်

အဘူဂျာ ဩဂုတ် ၁၆

နိုင်ဂျီးရီးယားနိုင်ငံတောင်ပိုင်း ကျောက်မိုင်းတွင် အလုပ်လုပ်ကိုင်နေသူ တရုတ် အလုပ်သမားလေးဦးမှာ ပြန်ပေးဆွဲခံရပြီးနောက် ပြန်လည်လွတ်မြောက်လာပြီဟု ရဲများက ဩဂုတ် ၁၆ ရက်တွင် ပြောကြားခဲ့သည်။

ကြိုးပမ်းနိုင်ခဲ့

သေနတ်သမားများမှာ လွန်ခဲ့သည့်လက အစောင့်ရဲကိုသတ်ဖြတ်ကာ အက်ပါဘူယိုဒေသမှ တရုတ်အလုပ်သမားများကိုဖမ်းဆီးခဲ့သည်။ ဩဂုတ် ၁၅ ရက်တွင် ဖမ်းဆီးခံထားရသည့်တရုတ်အလုပ်သမားများလွတ်မြောက်ရေးအတွက် ကြိုးပမ်းနိုင်ခဲ့သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ အိုင်ရီနီအက်ဘိုက အေအက်ဖ်ပီသို့ပြောသည်။ ပြန်ပေးငွေပေးခဲ့ရခြင်း ရှိမရှိကိုမူ ပြောကြားခဲ့ခြင်း မရှိပေ။

ပစ်မှတ်ထားခံရ

ယခုအခါ လွတ်မြောက်လာသူများကို ဆေးရုံပေါ်တွင် ကုသမှုခံယူစေပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ဖမ်းဆီးခြင်းမျိုး မလုပ်ဆောင်ခဲ့ပေ။ တရုတ်ကုမ္ပဏီများသည် နိုင်ဂျီးရီးယားတွင် ဒေါ်လာဘီလီယံနှင့်ချီ ရင်းနှီးမြှုပ်နှံကာ ရထားလမ်း၊ လေဆိပ်နှင့်လမ်းလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ ၎င်းတို့၏ အလုပ်သမားများမှာ မကြာခဏဆိုသလို ပြန်ပေးအဖွဲ့များ၏ ပစ်မှတ်ထားခြင်းခံနေရသည်။ ပြန်ပေးဆွဲခံရသူကို ပြန်ပေးငွေပေး၍ ရွေးရသည်မှာ နိုင်ဂျီးရီးယားတွင်ထုံးစံလိုဖြစ်နေသည်။ ပြန်ပေးဆွဲခံရသူများမှာ ပြန်ပေးငွေပေးလျှင် ပြန်လွတ်လာလေ့ရှိသည်။ **အေအက်ဖ်ပီ**

ကိုဗစ် -၁၉ ကူးစက်မှုမြင့်တက်နေသော်လည်း ကျောင်းများ ပြန်ဖွင့်ရန် သမ္မတထရမ့် တွန်းအားပေး

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ကူးစက်မှုမြင့်နေသော်လည်း ကျောင်းများ ပြန်ဖွင့်ရန် တွန်းအားပေးသွားမည်ဟု ဂါဒီယန်သတင်းစာတွင် ဖော်ပြထားသည်။

သတိပေးထား

စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများကိုပြန်ဖွင့်သွားမည်ဟု အမေရိကန်သမ္မတထရမ့်က ဩဂုတ် ၁၂ ရက်တွင်ပြောကြားခဲ့သည်။ ကလေးများတွင် ရောဂါအပျော့စားများ မကြာခဏဆိုသလို ပြလေ့ရှိပြီး ဆေးပညာပိုင်းဆိုင်ရာကုသရာတွင်လည်း ရှုပ်ထွေးခက်ခဲမှုဖြစ်စဉ်မှာလည်း ရှားပါးကြောင်း သမ္မတထရမ့်ကပြောသည်။ လက်ရှိအခြေအနေမှာ အန္တရာယ်ကြီးနေဆဲဖြစ်သော်လည်း ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများပြန်ဖွင့်ရန် အစီအစဉ်ကိုမူ ထရမ့်က မရပ်တန့်လိုပေ။ ကလေးများစာသင်ခန်းသို့ မရောက်ပါက အခြားသောပြဿနာများ ရှိလာနိုင်ကြောင်း ထရမ့်ကသတိပေးထားသည်ဟု ဂါဒီယန်တွင် ဖော်ပြထားသည်။

အရေးကြီး

အမေရိကန် သမ္မတထရမ့်နှင့် ၎င်း၏အစိုးရအဖွဲ့သည် ကျောင်းများပြန်ဖွင့်ရန် တွန်းအားပေးလျက်ရှိပြီးကျောင်းများဘက်မှ လိုက်နာခြင်းမရှိလျှင် ရန်ပုံငွေကို ဆိုင်းငံ့သွားရန်လည်း ခြိမ်းခြောက်ထားသည်။ တိုင်းပြည်စီးပွားရေးပြန်လည်မစတင်မီ ကျောင်းများပြန်ဖွင့်ရန်မှာ အရေးကြီးသည့်အချက်ပင်ဖြစ်သည်။

ဆင်ဟွာ

ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးလောင်ရာမှ ထွက်ပေါ်လာသည့် မီးခိုးများကြောင့် လေထုညစ်ညမ်းမှုဖြစ်ပွား

လော့အိန်ဂျလိစ် ဩဂုတ် ၁၆

ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးလောင်မှုများဖြစ်ပွားလျက်ရှိရာ မီးလောင်ရာမှထွက်ပေါ်လာသည့် မီးခိုးများကြောင့် အန္တရာယ်ရှိသည့် လေထုညစ်ညမ်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

Lake Fire မှအစပြုကာလောင်ခဲ့သည့် တောမီးကြောင့် ဆန်တာ ကလာရီတာတောင်ကြား၊ ဆန်ဖာနန်ဒို တောင်ကြား၊ ပိုမိုနာဝေါလ်နတ် တောင်ကြားနှင့် ဆန်ဂါဘရီရယ်လ် တောင်ကြားအပါအဝင် လော့အိန်ဂျလိစ်ခရိုင်ရှိ အစိတ်အပိုင်းအများတစ်လျှောက် လေထုညစ်ညမ်းမှုများ ဖြစ်ပွားလျက်ရှိကြောင်း လေထုညစ်ညမ်းမှုစီမံခန့်ခွဲရေး အဖွဲ့က ပြောသည်။

အရှိန်အဟုန်ကောင်း

အပူလှိုင်းကျရောက်နေချိန်တွင် ကယ်လီဖိုးနီးယား တောင်ပိုင်း၌ အရှိန်အဟုန်ကောင်းစွာဖြင့် မြန်မြန်ဆန်ဆန် လောင်နေသည့်တောမီးကို ထိန်းချုပ်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားလျက်ရှိသည်။ လော့အိန်ဂျလိစ် မြောက်ပိုင်း Lake Hughes အနီး လောင်နေသည့် တောမီးကြောင့် မြေကေပေါင်း ၁၄၀၀၀ (၅၆ဒသမ ၅၆ စတုရန်း ကီလိုမီတာ)အထိ မီးလောင်ပျက်စီးခဲ့ကြောင်း ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေးဌာနက ပြောကြားခဲ့သည်။

ကျန်းမာရေးထိခိုက်စေ

တောမီးသည် ပြီးခဲ့သည့် ရက်သတ္တပတ်တွင် စတင်လောင်ခဲ့သည်။ မီးခိုးများ၊ပြာများနှင့် မီးတောက်များ မည်သည့်အရပ်သို့ ဆက်သွားမည် သို့မဟုတ် လေတိုက်ခတ်မှုက အဆိုပါမီးခိုးပြာများကို လေထုအတွင်း မည်မျှအတိုင်းအတာအထိ ပျံ့လွင့်မည်ကို မှန်းဆရန်ခက်ခဲသည်ဖြစ်ရာ မိမိတို့အနေဖြင့် မီးခိုးများနှင့်ပြာမှုန်များက ကျန်းမာရေးကောင်းမွန်သူတစ်ဦးကိုပင် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း သတိပေးလျက်ရှိကြောင်း လော့အိန်ဂျလိစ်ခရိုင် ကျန်းမာရေး အရာရှိ မန်တူ ဒါဗစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**



ကယ်လီဖိုးနီးယား တောင်ပိုင်းတွင် တောမီးလောင်မှုမှ ထွက်ပေါ်လာသည့် မီးခိုးပြာမှုန်များကို တွေ့ရစဉ်။

နီပေါနိုင်ငံ၌ မြေပြိုမှုတစ်ခုဖြစ်ပွားရာ ၁၈ ဦးသေဆုံးပြီး ၂၁ ဦး ပျောက်ဆုံးနေ

ခတ္တမန္ဒူ ဩဂုတ် ၁၆

နီပေါနိုင်ငံ အလယ်ပိုင်းတွင် မြေပြိုမှုတစ်ခုဖြစ်ပွားရာ ၁၈ ဦးထက် မနည်း သေဆုံးခဲ့ပြီး နီပေါရဲတပ်ဖွဲ့နှင့် ဒေသခံပြည်သူများက ဩဂုတ် ၁၆ ရက်တွင် ပျောက်ဆုံးနေသူများအား ရှာဖွေလျက်ရှိကြောင်းသိရသည်။

ဆင်ဒူပါချောက်ခရိုင် ဂျူဂယ်လ်ကျေးလက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဩဂုတ် ၁၄ ရက် နံနက်အစောပိုင်းတွင် မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြေပြိုကျမှုကြောင့် နေအိမ်အလုံးရေ ၁၇၀ နီးပါးရှိသည့် လီဒီကျေးရွာရှိ နေအိမ် ၃၇ လုံး ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားပြီးနောက် လူ ၁၈ ဦးတို့၏ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ပြီး ၂၁ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။ သေဆုံးသူ ၁၈ဦးအနက် ၁၁ ဦးမှာ ကလေးငယ်များဖြစ်ကြပြီး အမျိုးသမီး လေးဦးနှင့် အမျိုးသား သုံးဦး ပါဝင်ကြောင်း ဒေသရဲတပ်ဖွဲ့အကြီးအကဲ ပရာဂျိမဟာရာဂျန်က ဩဂုတ် ၁၅ ရက် ညနေပိုင်းတွင် ဆင်ဟွာသို့ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများကို ဒေသအစိုးရအဖွဲ့က အနီးအနားရှိဘေးကင်းရာနေရာများဆီသို့ ရွှေ့ပြောင်းကာ အမိုးအကာများဖြင့် နေရာချထားပေးခဲ့သည်။ အမျိုးသားပြန်လည်တည်ဆောက်ရေးအာဏာပိုင်အဖွဲ့၏ ပြောပြချက်အရ ယခုမြေပြိုမှုဖြစ်ပွားခဲ့သည့်ကျေးရွာသည် ၂၀၁၅ ခုနှစ် က နီပေါလျှင်လှုပ်ပြီးနောက်တွင် အကာအကွယ်လိုအပ်သည့် အခြေချအိမ်ရာစာရင်းတွင် ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

နီပေါနိုင်ငံအလယ်ပိုင်းရှိ မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။

မလေးရှားနိုင်ငံ၌ ကိုဗစ် - ၁၉ ထပ်မံကူးစက်ခံရသူ ၂၅ ဦး တွေ့ရှိ

ကွာလာလမ်ပူ ဩဂုတ် ၁၆

မလေးရှားနိုင်ငံတွင် ဩဂုတ် ၁၆ ရက်၌ ကိုဗစ်– ၁၉ ထပ်မံကူးစက်ခံရသူ ၂၅ ဦး တွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူအရေအတွက် စုစုပေါင်း ၉၂၀၀ ဖြစ်လာကြောင်း သိရသည်။

ရောဂါကူးစက်ခံရသူများအနက် ၁၆ ဦးမှာ ပြည်ပမှ ကူးစက်ခံခဲ့ရခြင်းဖြစ်ပြီး ကိုးဦးမှာ ပြည်တွင်း၌ ပြည်သူအချင်းချင်းကူးစက်ခံရခြင်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အထွေထွေညွှန်ကြားရေးမှူး နော်ဟီရှမ် အဗ္ဗဒူလာက ပြောကြားခဲ့သည်။ ရောဂါကူးစက်မှုမှ ပြန်ကောင်းလာသူ ၂၈ ဦးပေါ်ထွက်လာခဲ့ရာ ရောဂါပျောက်ကင်း၍ ဆေးရုံမှပြန်ဆင်းလာသူအရေအတွက် ၈၈၅၉ဦး ရှိပြီး ယင်းအရေအတွက်သည် ရောဂါကူးစက်ဖြစ်ပွားမှု၏ ၉၆ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ လက်ရှိတွင် ရောဂါကူးစက်ခံရပြီး ဆေးရုံတက်ကုသမှုခံယူနေသူ ၂၁၆ ဦးရှိကာ ခုနစ်ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသလျက်ရှိပြီး အသက်ရှူစက်အထောက်အကူကိရိယာပေးရသည့် လူနာ နှစ်ဦး ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

အရေးယူပိတ်ဆို့မှုများနှင့် ခြိမ်းခြောက်မှုများဖြင့် တူရကီကို မဟန့်တားနိုင်ကြောင်း သမ္မတ အာဒိုဂန်ပြော

အစ္စတန်ဘူလ် ဩဂုတ် ၁၆

အငြင်းပွား မြေထဲပင်လယ်အရှေ့ပိုင်းရေပိုင်နက်ထဲတွင် စွမ်းအင်သုတေသနဆောင်ရွက်မည့် တူရကီ၏ အစီအစဉ်ကို နိုင်ငံတကာ၏ အရေးယူပိတ်ဆို့မှုများနှင့် ခြိမ်းခြောက်မှုများဖြင့် ဟန့်တားနိုင်လိမ့်မည်မဟုတ်ကြောင်း တူရကီသမ္မတ ရီဆက်တေယစ်အာဒိုဂန်က ဩဂုတ် ၁၆ ရက်တွင်ပြောကြားခဲ့သည်။ ဆိုက်ပရပ်စ်အနီးရှိ စွမ်းအင်ကြွယ်ဝသည့် ရေပိုင်နက်ထဲတွင် ရေနံနှင့် ဓာတ်ငွေ့တူးဖော်ရှာဖွေရန် တူရကီက သုတေသနသင်္ဘောတစ်စင်းကို စေလွှတ်ခဲ့ရာ ဂရိနိုင်ငံက ဒေါသထွက်ခဲ့သည်။ **အေအက်ဖ်ပီ**

တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်သူ ၆၀၀၀၀ ကျော်ကို ကယ်ဆယ်ရွှေ့ပြောင်း

ချန်ဒူ ဩဂုတ် ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ စီချွမ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်လျက်ရှိရာ ဒေသခံပြည်သူ ၆၀၀၀၀ ကျော် ကို ရေဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသအာဏာပိုင်များက ဩဂုတ် ၁၆ ရက်တွင် ပြောကြားသည်။

စိုးရိမ်ရေမှတ်ကျော်လွန်

စီချွမ်ဘာဆင် အနောက်ပိုင်းနှင့် စီချွမ်အနောက်ပိုင်းတို့တွင် မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြည်နယ်အတွင်းရှိ မြစ် ၃၁ ခုတို့တွင် စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိကြောင်း သိရသည်။ စီချွမ်ပြည်နယ်အတွင်းရှိ ချန်ဒူမြို့၊ ဒီယန်မြို့နှင့် မီယန်ရန်မြို့များ အပါအဝင် စိုက်ပျိုးမြေ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးနှင့် အခြားသော အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

ကယ်ဆယ်ရွှေ့ပြောင်းခဲ့

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် စီချွမ်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူ ၆၀၀၀၀ ခန့်ကို ကယ်ဆယ် ရွှေ့ပြောင်းခဲ့ရပြီး လတ်တလောတွင် သေဆုံးသူနှင့် ပျောက်ဆုံးနေသူ မရှိသေးကြောင်း စီချွမ်ပြည်နယ် ရေဘေးအန္တရာယ်ထိန်းချုပ်ရေးနှင့် မိုးခေါင်ရေရှားဖြစ်ပွားမှုလျော့ပါးသက်သာစေရေးရုံးက ပြောကြားခဲ့သည်။

ဩဂုတ် ၁၅ ရက် ညနေ ၄နာရီတွင် မိုးရွာသွန်းမှုကို ပြည်နယ်မိုးလေဝသ လေ့လာစောင့်ကြည့်ရေးအဖွဲ့က အဝါရောင်သတိပေးချက်အဆင့် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံတွင် ရေဘေးအန္တရာယ်ထိန်းချုပ်ရေး အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုစနစ် အဆင့်လေးဆင့်သတ်မှတ်ထားပြီး အဆင့်တစ်သည် အပြင်းထန်ဆုံး အခြေအနေ ဖြစ်သည်။ လက်ရှိတွင် စီချွမ်ပြည်နယ်၏ အရေးပေါ် တုံ့ပြန်ဆောင်ရွက်မှု အဆင့် (၃)အဖြစ် ဖော်ပြထားသည်။ **ဆင်ဟွာ**

စီချွမ်ပြည်နယ်၌ ရေလွှမ်းမှုဖြစ်ပေါ်ခဲ့သည့်နေရာမှ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရွှေ့ပြောင်းပေးနေစဉ်။

အီရန်အရေးမှာ သီးခြားဆန်ဆန် အမေရိကန်

ကလျာမိုးမြင့်

အီရန်အပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးဖို့ အမေရိကန်ရဲ့ အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပယ်ချလိုက်ပြီဖြစ်တယ်လို့သိရပါတယ်။ သို့သော်လည်းပဲ သမ္မတထရမ့်အစိုးရအဖွဲ့အတွက်ကတော့ လက်နက်ကုန်သွယ်ခွင့်ကိစ္စနဲ့ပတ်သက်ပြီး လုံခြုံရေးကောင်စီရဲ့ မဲခွဲဆုံးဖြတ်မှုဟာ အီရန်ကို အကြီးအကျယ်ထိခိုက်ခံစားရစေဖို့ ကြိုးစားရေးအတွက် လမ်းကြောင်းတစ်ခုကို ဖွင့်ပေးလိုက်တဲ့ မဲခွဲဆုံးဖြတ်မှုတစ်ခု ဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။

သီးခြားဆန်နေတဲ့ အမေရိကန်

ဩဂုတ် ၁၄ ရက်က အီရန်အပေါ်လက်နက်ကုန်သွယ်ခွင့် ပိတ်ပင်ထားမှုကို အချိန်ထပ်တိုးဖို့ အမေရိကန်ရဲ့အဆိုပြုချက်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ငြင်းဆန်လိုက်တဲ့အတွက်ကြောင့် အမေရိကန်ဟာ ရက်ရှိဖွယ် သံတမန်ရေးရာ ရှုံးနိမ့်မှုတစ်ခုကို ခံစားခဲ့ရပါတယ်။ အဲဒီနေ့က ရင်ဆိုင်ခဲ့ရတဲ့ ရှုံးနိမ့်မှုက အီရန်အရေးကိစ္စမှာ အမေရိကန်ဟာ တစ်ကမ္ဘာလုံးနဲ့ ကွဲထွက်ပြီး သီးခြားဆန်နေတယ်ဆိုတဲ့ အခြေအနေကို မီးမောင်းထိုးပြလိုက်သလိုပါပဲ။

သို့သော်လည်းပဲ သမ္မတထရမ့်အတွက်ကတော့ အဲဒီနေ့က မဲခွဲဆုံးဖြတ်မှုဟာ လာမယ့်နိုဝင်ဘာလမှာကျင်းပမယ့် အမေရိကန်သမ္မတ ရွေးကောက်ပွဲမတိုင်ခင် အီရန်အပေါ် ကြီးကြီးမားမားထိခိုက်အောင်လုပ်ဖို့ လမ်းပွင့်သွားနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြပါတယ်။

ပြန်အသက်သွင်းမယ်

လပေါင်းများစွာကြာအောင် ထရမ့်ရဲ့အစိုးရအဖွဲ့ အာဏာပိုင်တွေက သတိပေးခဲ့ဖူးတဲ့ အချက်တစ်ခုရှိပါတယ်။ အဲဒီအချက်ကတော့ အကယ်၍ လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို အချိန်ထပ်တိုးဖို့ ကုလသမဂ္ဂအတွင်း မဲခွဲဆုံးဖြတ်ရာမှာ မအောင်မြင်ခဲ့ဘူးဆိုရင် အမေရိကန်အနေနဲ့ ဖယ်ရှားခဲ့သမျှ အရေးယူပိတ်ဆို့မှုတွေအားလုံးကို အီရန်အပေါ် ပြန်လည်ချမှတ်ပြီး အီရန်ရဲ့ စည်းကမ်းချိုးဖောက်မှုမှန်သမျှကို အပြစ်ပေးအရေးယူဖို့ရာအတွက် သမ္မတ အိုဘားမားလက်ထက် နျူကလီးယားသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်ကို ပြန်လည်အသက်ဝင်အောင် ကြိုးပမ်းမှာဖြစ်တယ်လို့ သတိပေးထားတာ ဖြစ်ပါတယ်။

အီရန်အတွက် တုန်လှုပ်စရာ

အဲဒီပြဋ္ဌာန်းချက်ထဲမှာ လက်နက်ကုန်သွယ်မှုတွေကို ပိတ်ပင်ရုံသာမက ရေနံရောင်းချမှုတွေနဲ့ ငွေကြေးစုဆောင်းမှု သဘောတူညီချက်တွေကိုပါ ပိတ်ပင်တားမြစ်မှုတွေ ပါဝင်လာဖွယ်ရှိပါတယ်။ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်မှုကို ဆိုးဆိုးရွားရွား ရင်ဆိုင်နေရတဲ့ အီရန်အတွက် အဲဒီပြဋ္ဌာန်းချက်ဟာ သွေးပျက်တုန်လှုပ်စရာ ဖြစ်လာနိုင်ပါတယ်။

ယခင်ပြဋ္ဌာန်းချက်ကို ပြန်လည်အသက်သွင်းဖို့ ကြိုးစားနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ထရမ့်ရဲ့အစိုးရအဖွဲ့က အမေရိကန်မဟာမိတ်တွေနဲ့လည်း သဘောထားကွဲလွဲမှုတွေဖြစ်နေပါတယ်။မဟာမိတ်တွေက အဲဒီပြဋ္ဌာန်းချက်ဟာ သံသယဖြစ်စရာကောင်းသလို ဒေသတွင်းတည်ငြိမ်မှုကိုလည်း ပျက်ပြားစေနိုင်တယ်လို့ ထောက်ပြပြီး ဒီကိစ္စကို အပြင်းအထန်ကန့်ကွက်နေကြတယ်လို့ သိရပါတယ်။

အခွင့်အရေးရှိ

အီရန်ရဲ့လက်နက်ကုန်သွယ်ခွင့်ကိစ္စနဲ့ပတ်သက်ပြီး မဲခွဲဆုံးဖြတ်မှုပြုလုပ်ခဲ့တဲ့ ဩဂုတ် ၁၄ ရက်က ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ကယ်လီခရက်ဖ်က အမေရိကန်ပြည်ထောင်စုဟာ ယခင်ပြဋ္ဌာန်းချက်ကို ပြန်လည်စတင်ဖို့ ဘယ်လိုအခွင့်အရေးမျိုးမဆိုရှိတယ်လို့ ပြောကြားခဲ့ပါတယ်။

လာမယ့် ရက်တွေအတွင်း အီရန်အပေါ်လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုကို သက်တမ်းတိုးဖို့ အမေရိကန်က အဟန့်အတားမရှိ လုပ်ဆောင်တော့မယ်လို့ ဆိုပါတယ်။ အမေရိကန်ရဲ့ မဟာမိတ်တွေက အားပေးထောက်ခံမှုမပါဘဲ တစ်ဖက်သတ် အရေးယူပိတ်ဆို့မှုတွေကိုလည်း ပြန်လည်ချမှတ်တော့မယ့် အခြေအနေကို တွေ့ရပါတယ်။

အီရန်အပေါ် လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်ထားသည့် အချိန်ထပ်တိုးရေးအတွက် လုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်နေစဉ်။

အမေရိကန်လက်လျှော့မည်မဟုတ်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကတော့ အီရန်ရဲ့လက်နက်ကုန်သွယ်ခွင့်ကိစ္စမှာ လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်ကို ဝေဖန်ရှုတ်ချထားပြီး ဩဂုတ် ၁၄ ရက်ညနေပိုင်းက ကိစ္စဟာ ခွင့်လွှတ်နိုင်စရာမရှိတဲ့ ကိစ္စလို့ ပြောကြားလိုက်ပါတယ်။ သမ္မတထရမ့်အစိုးရအဖွဲ့ဟာ အီရန်ရဲ့လက်နက်အရေးကိစ္စနဲ့ပတ်သက်ပြီး ဘယ်သောအခါမှ လက်လျှော့အရှုံးပေးသွားမှာ မဟုတ်ဘူး။ ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသနဲ့ နိုင်ငံတချို့အပေါ် ခြိမ်းခြောက်နေတဲ့ လက်နက်ဝယ်ယူမှုကိုရော ရောင်းချမှုကိုပါ အီရန်ကဘယ်သောအခါမှ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်မရှိတာသေချာအောင် ကျွန်ုပ်တို့က ဆက်လက်ကြိုးပမ်းသွားမှာဖြစ်တယ်လို့ နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုက ပြောကြားခဲ့ပါတယ်။

အဓိကအကြောင်းအရာဖြစ်

ဩဂုတ် ၁၄ ရက်က ပြုလုပ်ခဲ့တဲ့ မဲခွဲဆုံးဖြတ်မှုဟာ လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှု အချိန်ကာလနဲ့ပတ်သက်ပြီးလုပ်ဆောင်တာဖြစ်ပေမယ့် အဲဒီမဲခွဲဆုံးဖြတ်မှုဟာ လုံခြုံရေးကောင်စီမှာ အမေရိကန်ပြည်ထောင်စုနဲ့ အတိုက်အခံတွေအကြား အငြင်းပွားမှုဖြစ်စေတဲ့အဓိကအကြောင်းရင်းကတော့ နျူကလီးယားသဘောတူစာချုပ် ဖြစ်ပါတယ်။

၂၀၁၅ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ နျူကလီးယားသဘောတူစာချုပ်အရ အီရန်အနေနဲ့ ၎င်းရဲ့ နျူကလီးယားအစီအစဉ်တွေကို ရပ်တန့်မယ်ဆိုရင် ၎င်းအပေါ်ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုတွေကို ဖယ်ရှားပြီး စီးပွားရေးဆိုင်ရာ လွတ်မြောက်ခွင့်ပေးဖို့ဆိုပြီး ချုပ်ဆိုခဲ့တာပါ။ အဲဒီသဘောတူစာချုပ်ဟာ အမေရိကန်သမ္မတဟောင်း ဘားရက်အိုဘားမား လက်မှတ်ရေးထိုးခဲ့တဲ့ သံတမန်ရေးရာ အောင်မြင်ဖြစ်ထွန်းမှုတစ်ခုအနေနဲ့ဖြစ်ခဲ့ပြီး ဒီစာချုပ်ကို အမေရိကန်ရဲ့ အနီးကပ်ဆုံးမဟာမိတ်တွေအပါအဝင်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတွေသာမက အင်အားအကြီးဆုံး ယှဉ်ပြိုင်ဘက်နိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ ရုရှားကပါ ထောက်ခံခဲ့တာ ဖြစ်ပါတယ်။

တင်းမာမှုတွေပေါက်ဖွားစေခဲ့

ဒေါ်နယ်ထရမ့် သမ္မတအဖြစ်နဲ့ တာဝန်ယူချိန်မှာ ၎င်းဟာ ယခင်သမ္မတလက်ထက် နျူကလီးယားသဘောတူစာချုပ်ကိုပျက်ပြယ်စေဖို့ အလေးပေးခဲ့သလို ၎င်းအနေနဲ့ ဒီထက်ပိုကောင်းတဲ့ နျူကလီးယားသဘောတူစာချုပ်တစ်ခုဖြစ်မြောက်လာအောင် လုပ်နိုင်တယ်ဆိုပြီးတော့လည်း အခိုင်အမာပြောခဲ့ပါတယ်။ ဒါပေမယ့်လည်း နောက်ဆုံးမှာတော့ သမ္မတထရမ့်က ၂၀၁၈ ခုနှစ်မှာ နျူကလီးယားသဘောတူစာချုပ်ကနေ အမေရိကန်ကို ဖယ်ထုတ်လိုက်တဲ့အခါ သံတမန်ရေးမှာ မီးပွားတစ်ခုချလိုက်သလို စစ်မက်ဖြစ်ပွားမှုဆီကို ဦးတည်စေတဲ့ တင်းမာမှုတွေပေါက်ဖွားစေခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး အီရန်ဟာ နျူကလီးယားသဘောတူစာချုပ်ပါ သဘောတူညီချက်ဖြစ်တဲ့ ယူရေနီယံကန့်သတ်ချက်ပမာဏကို ကျော်လွန်တဲ့ ယူရေနီယံသန့်စင်ထုတ်လုပ်မှုလုပ်ဆောင်ခဲ့တဲ့အပြင် အမေရိကန်စစ်အခြေစိုက်စခန်းတွေကို တိုက်ခိုက်မှုတွေလုပ်ဆောင်ခဲ့သလို အမေရိကန်ကလည်း အီရန် တော်လှန်ရေးအစောင့်တပ်ဖွဲ့တပ်မှူးတစ်ဦးဖြစ်တဲ့ ကွာဆမ်ဆိုလန်မန်းနီကို တိုက်ခိုက်ရှင်းလင်းခဲ့ပါတယ်။

သက်တမ်းကုန်ဆုံးတော့မှာဖြစ်

လက်နက်ကုန်သွယ်ခွင့်ပိတ်ပင်မှုဟာ အီရန်ကို လေယာဉ်တွေ၊ တင့်ကားတွေအပါအဝင် စစ်လက်နက်တွေ ဝယ်ယူခြင်း၊ ရောင်းချခြင်းတွေ မပြုလုပ်နိုင်အောင် တားမြစ်ထားတဲ့အမိန့်ဖြစ်ပြီး အဲဒီပိတ်ပင်မှုဟာ လာမယ့်အောက်တိုဘာလထဲမှာ သက်တမ်းကုန်ဆုံးတော့မှာဖြစ်လို့ သမ္မတထရမ့်အစိုးရအဖွဲ့က အီရန်ရဲ့လက်နက်ရောင်းဝယ်တဲ့လှုပ်ရှားမှုတွေ ပြန်လည်စတင်လာမှာကို စိုးရိမ်နေရခြင်း ဖြစ်ပါတယ်။ကမ္ဘာ့အကြီးဆုံးအကြမ်းဖက်မှုကို စပွန်ဆာပေးနေတဲ့နိုင်ငံကို လက်နက်ရောင်းဝယ်ခွင့်မပေးနိုင်ဘူးလို့ အမေရိကန်ဘက်က အတိအလင်းဆိုထားပါတယ်။ ။

ကိုးကား-နယူးယောက်တိုင်းမ်

နိုင်ငံတကာသတင်းတိုထွာ

ဘရာဇီးနိုင်ငံ၌ ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ လေးသောင်းကျော်အထိရှိ

ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၆

ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၄၁၅၇၆ ဦးရှိပြီး ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၇၀၉ ဦးရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

သို့ဖြစ်ရာ ဘရာဇီးတစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူ အရေအတွက်မှာ ယခုအခါ ၃၃၁၇၀၉၆ ဦးအထိရှိလာပြီး သေဆုံးသူအရေအတွက် ၁၀၇၂၃၂ ဦးဖြစ်လာကြောင်း သိရသည်။ ဘရာဇီးနိုင်ငံသည် လက်တင်အမေရိကတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက်အမြင့်ဆုံးနှင့် အသေအပျောက်အများဆုံး နိုင်ငံဖြစ်သည်။

နိုင်ငံအတွင်းရှိ လူဦးရေအထူထပ်ဆုံးဖြစ်သည့် ဆော်ပိုလိုမြို့မှာ ရောဂါကူးစက်ပျံ့နှံ့ရာ ဗဟိုချက်မဖြစ်လျက်ရှိပြီး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း ၆၉၇၅၃၀ ဦးရှိကာသေဆုံးသူ ၂၆၇၈၀ ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၇၉ ဦး ထပ်မံတွေ့ရှိ

ဆိုးလ် ဩဂုတ် ၁၆

တောင်ကိုရီးယားနိုင်ငံတွင် ဩဂုတ် ၁၅ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၂၇၉ ဦး တိုးလာခဲ့ကြောင်း တောင်ကိုရီးယားအစိုးရက ပြောကြားခဲ့သည်။ ယင်းပမာဏသည် ငါးလအတွင်း ရောဂါကူးစက်မှုအမြင့်ဆုံးပမာဏ ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးအာဏာပိုင်များက ရောဂါထပ်မံကူးစက်ခံရသူအရေအတွက်ကို ဩဂုတ် ၁၆ ရက်တွင်ထုတ်ပြန်ကြေညာခဲ့သည်။ ပြီးခဲ့သည့်မတ်လအစောပိုင်းမှစတင်ကာ တောင်ကိုရီးယားနိုင်ငံတွင် ပထမဆုံးကိုဗစ်- ၁၉ ကူးစက်ခံရသူ အရေအတွက် ၂၅၀ ကျော်လွန်လာခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ရောဂါထပ်မံကူးစက်ဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းမှာ ဆိုးလ်မြို့နှင့် အနီးအနားရှိ ဂျယ်အွန်ဂျီပြည်နယ်တို့မှ ဖြစ်ကြောင်း သိရသည်။ ဆိုးလ်မြို့ရှိ ချာ့ချ်ကျောင်းများနှင့်ဆက်နွှယ်သည့် အစုလိုက်ကူးစက်ခံရမှုများလည်း တွေ့ရှိခဲ့ရကြောင်း အာဏာပိုင်များက ဖော်ပြသည်။ အစိုးရအနေဖြင့် ရောဂါကူးစက်ဖြစ်ပွားမှုကို ကိုင်တွယ်ဆောင်ရွက်ရန် အခက်အခဲများကို ကျော်လွှားနိုင်ရေး အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်နေကြောင်း တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန်

၈၃ ရက်သာ

လိုတော့သည်။

ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- ✤ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- ✤ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ✤ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- ➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- ➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- ➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- ➢ သာသနာ့ဝန်ထမ်း၊
- ➢ ထောင်ဒဏ်ကျခံနေရသူ၊
- ➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- ➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- ➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

ရွေးကောက်ပွဲများသည်-

- ➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ (ဃ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့. . . .

ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်းမဟုတ်

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို အသေလုပ်ထားခြင်း မဟုတ်ပါကြောင်း၊ နိုင်ငံ၏လိုအပ်ချက်အရ ပြောင်း၍ရပါကြောင်း၊ ပြောင်းလဲမည်ဆိုပါက အဘက်ဘက်ကို သုံးသပ်ရပါကြောင်း၊ စီးပွားရေးအရပြောရလျှင် Business Confidence ယုံကြည်မှုရှိရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ရပါကြောင်း၊ စီးပွားရေးလုပ်ရန် သင့်တော်သည့်၊ ကောင်းမွန်သည့် ပတ်ဝန်းကျင်ဖြစ်ရန် လိုပါကြောင်း၊ ဥပဒေနှင့်ဆက်စပ်ပြောရလျှင် တရားဥပဒေစိုးမိုးရေးသည် နိုင်ငံတိုင်းအတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို အင်မတန်မှ အလေးထားပါကြောင်း၊ တရားဥပဒေစိုးမိုးရေးရှိမှ နိုင်ငံတစ်နိုင်ငံက တည်ငြိမ်မည် ဖြစ်ပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၇-၂၀၂၀ ရက်နေ့တွင် COVID-19 နှင့် သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍအပေါ် သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

လဟယ်မြို့နယ်တွင် Cash For Work အစီအစဉ်ဖြင့် လမ်းသစ်ဖောက်လုပ်ခြင်းဆောင်ရွက်

လဟယ် ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်တွင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှု စီမံကိန်း Cash For Work အစီအစဉ်ဖြင့် မွန်နောက်ပြောင်ကျေးရွာ၌ လမ်းအရှည် ပေ ၂၁၁၂၀ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ **(ယာပုံ)**

ဆော်လော် နောက်အင်းကျေးရွာအုပ်စု မွန်နောက်ပြောင်ကျေးရွာ၌ လမ်းအရှည်ပေ ၂၁၁၂၀ ဖောက်လုပ်ခြင်းလုပ်ငန်းသည် ခန္တီးမြို့နှင့် လဟယ်မြို့သို့ ဆက်သွယ်ထားသော ကားလမ်းမကြီးဆီသို့ သွားရာလမ်းဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ် လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယခုလက်ရှိအချိန်တွင် လမ်းဖောက်လုပ်မှု ၃၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုင်းဝင်းဝင်းထွန်းက ပြောသည်။

အဆိုပါ Cash For Work စီမံကိန်းကို လဟယ်မြို့နယ်တွင် ကျေးရွာ ၁၃ ရွာဆောင်ရွက်မည်ဖြစ်ရာ အဆိုပါကျေးရွာများမှာ မွန်နောက်ပြောင်၊ လုံခင်၊ လန်တိုင်းနောက်ကုန်း၊ စံတုံနောက်အင်း၊ လောနောက်အင်း၊ ဂမ်းညရွာသစ်၊ ပွေထိုက်၊ ခမ္မလား၊ ဂမ်းဆာ၊ လကျန်းရွာမ၊ ကျွန်းခေါင်၊ စစ်ဖောင်နှင့် ထန်ခေါ်ဟေဖွန် စသည့် ကျေးရွာများဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

မွေးကြူဇင်

ရှမ်းပြည်နယ်မြောက်ပိုင်း နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၇၂ ဦးအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်ပေး

လားရှိုး ဩဂုတ် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၊ ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံ နယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှ မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၆ ရက်တွင် အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၇၂ ဦးတို့ကို ထပ်မံပို့ဆောင်ပေးနိုင်ခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၇၂ ဦးတို့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၅ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၃၁ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၀ ဦး၊ နေပြည်တော်မှ သုံးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ သုံးဦးတို့ ဖြစ်ကြသည်။

လွှဲပြောင်းပို့ဆောင်ပေး

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မေ ၆ ရက်မှ ဩဂုတ် ၁၆ ရက်အထိ နေရပ်ပြန် ပြည်သူအမျိုးသား ၉၂၁၅ ဦး၊ အမျိုးသမီး ၅၆၉၁ ဦး စုစုပေါင်း ၁၄၉၀၆ ဦးတို့အား လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

နန်းသန္တာဦး(ပြန်/ဆက်)

❊ ***ကျောဖုံးမှ***

လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အချိန်အထိ စင်ကာပူနိုင်ငံမှ ကယ်ဆယ်ရေးလေယာဉ် ၁၄ ကြိမ်တိုင် ပျံသန်းပြေးဆွဲခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

COVID – 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၁၆

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန်အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID – 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။

ဩဂုတ် ၁၆ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၅ ဦး ရှိသွားပြီ

နေပြည်တော် ဩဂုတ် ၁၆

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ တစ်ဦး ထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၃၇၅ ဦး ရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူတစ်ဦးမှာ ခရီးသွားရာဇဝင်မရှိကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၃၇၅ ဦးအနက် သေဆုံးသူ ၆ ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၃၂၉ ဦးရှိပြီး ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၃၂၀ ဦးရှိကြောင်းနှင့် ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီမှ ဩဂုတ် ၁၆ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၉ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၃၅၄၀၂	၃၇၅

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၃၂၉	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၇၀၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၃၂၀ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၈၆	၅
၂	ချင်း	၁၇	
၃	ရခိုင်	၁၇	
၄	ပဲခူး	၉	၁
၅	စစ်ကိုင်း	၉	
၆	မွန်	၇	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၂	
	စုစုပေါင်း	၃၇၅	၆

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၆–၈–၂၀၂၀ ရက်၊ ည (၈) နာရီ

၁၆-၈-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုး ကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၅၅၃၇၀၄၇	၂၉၀၄၄၁၇	၁၇၂၇၄၁
၂။	ဘရာဇီး	၃၃၁၇၈၃၂	၂၄၀၄၂၇၂	၁၀၇၂၉၇
၃။	အိန္ဒိယ	၂၆၁၉၁၇၇	၁၈၉၁၄၇၂	၅၀၄၇၀
၄။	ရုရှား	၉၂၂၈၅၃	၇၃၂၉၆၈	၁၅၆၈၅
၅။	တောင်အာဖရိက	၅၈၃၆၅၃	၄၆၆၉၄၁	၁၁၆၇၇
၆။	ပီရူး	၅၂၅၈၀၃	၃၅၉၇၈၁	၂၆၀၇၅
၇။	မက္ကဆီကို	၅၁၇၇၁၄	၃၅၁၃၇၂	၅၆၅၄၃
၈။	ကိုလံဘီယာ	၄၅၆၆၈၉	၂၇၄၄၂၀	၁၄၈၁၀
၉။	ချီလီ	၃၈၃၉၀၂	၃၅၆၉၅၁	၁၀၃၉၅
၁၀။	စပိန်	၃၅၈၈၄၃	၆၀၈၁၉	၂၈၆၁၇

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၆– ၈ – ၂၀၂၀

	COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဖိလစ်ပိုင်	၁၅၇၉၁၈	၇၂၂၀၉	၂၆၀၀
အင်ဒိုနီးရှား	၁၃၉၅၄၉	၉၃၁၀၃	၆၁၅၀
စင်ကာပူ	၅၅၇၄၇	၅၁၉၅၃	၂၇
မလေးရှား	၉၂၀၀	၈၈၅၉	၁၂၅
ထိုင်း	၃၃၇၇	၃၁၉၄	၅၈
ဗီယက်နမ်	၉၆၂	၄၅၆	၂၄
မြန်မာ	၃၇၅	၃၂၉	၆
ကမ္ဘောဒီးယား	၂၇၃	၂၃၈	၀
ဘရူနိုင်း	၁၄၂	၁၃၈	၃
လာအို	၂၂	၁၉	၀

ဘူးသီးတောင်နှင့် မောင်တောမြို့နယ်ရှိ တောင်သူများအတွက် ငါးသားပေါက်များထောက်ပံ့

မောင်တော ဩဂုတ် ၁၆

မောင်တောခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်များမှ ငါးမွေးတောင်သူများအား CERP ပါ Action Plan အရ ငါးမွေးမြူရေးလုပ်ငန်း ပြန်လည်ဦးမော့လာစေရေးအတွက် ငါးမွေးတောင်သူများအား ငါးသားပေါက်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မောင်တောခရိုင်ငါးလုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ဘူးသီးတောင်မြို့နယ်မှ ငါးမွေးတောင်သူ ၂၆ ဦး၊ ငါးမွေးမြူကေ ၄၇ ကေအတွက် ငါးသားပေါက်ကောင်ရေ ၉၄၀၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးအားလည်းကောင်း၊ မောင်တောမြို့နယ်မှ ငါးမွေးတောင်သူ ၁၆ ဦး၊ ငါးမွေးမြူကေ ၂၅ ကေအတွက် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၅၀၀၀၀ ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးအောင်အား လည်းကောင်း လွှဲပြောင်းပေးအပ်သည်။ (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဦးနိုင်ဝင်းသိန်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးညီထွေး၊ ဘူးသီးတောင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ငါးမွေးတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကိုဗစ်- ၁၉ စီးပွားရေးကုစားမှုအရ မျိုးစေ့ထုတ်တောင်သူများအား ထောက်ပံ့

လှိုင်လင် ဩဂုတ် ၁၆

ကိုဗစ်– ၁၉ စီးပွားရေးကုစားမှု CERP အစီအစဉ်အရ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်သည့် တောင်သူများသို့ ထောက်ပံ့ငွေနှင့် သွင်းအားစုပေးအပ်ပွဲကို လှိုင်လင်ခရိုင် မိုင်းရှူးမြို့နယ် မိုင်းအော့ကျေးရွာ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောလွင်၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ မိုင်းရှူးမြို့နယ်ဦးစီးမှူး ဦးမျိုးခိုင်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းကောင်ခမ်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးခိုင်က ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မျိုးစေ့ထုတ်လုပ်ငန်းများ အရှိန်အဟုန်မြှင့်စေရန်နှင့် တောင်သူများ အထွက်ကောင်း၊ အရည်အသွေးကောင်း မျိုးစေ့များ ဒေသတွင်းသက်သာစွာ အလွယ်တကူ ဝယ်ယူရရှိနိုင်ရန် မျိုးစေ့ထုတ်ကေ ၁၅ ကေအတွက် တောင်သူငါးဦးအား ကွန်ပေါင်းမြေဩဇာ ၁၅ အိတ်နှင့် ပုလဲ ၁၅ အိတ်၊ မျိုးစေ့ဖိုးနှင့် စိုက်ပျိုးပြုစုစရိတ် ငွေကျပ် ၁၂၅၂၅၀၀ အား တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။ (အောက်ပုံ)

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနက ရွှေရင်အေး စပါးမျိုးစေ့ထုတ် RS–CS လယ်ကွက်တွင် လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ရာ ကြည့်ရှုခဲ့ကြပြီး တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၁၅–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်–

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ စစ်ဆေးပြီးစီးခဲ့သည့် (ဒုတိယအသုတ်) ဓာတ်ခွဲနမူနာ (၁၄၅) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၈၀)ခု
- စုစုပေါင်း (၂၂၅)ခု စစ်ဆေးခဲ့ရာ
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၁၅–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၉၄) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၁၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)(PHL– MDY) မှ ဓာတ်ခွဲနမူနာ (၂၁၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်)မှ ဓာတ်ခွဲနမူနာ (၃၁၄) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀)မှ ဓာတ်ခွဲနမူနာ(၈၀)ခု၊
- စုစုပေါင်း (၁၆၁၀)ခုအား စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၃။ (၁၆–၈–၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၄) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ

(၁၆-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၁၅-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL)မှ (ဒုတိယအသုတ်) ထပ်မံ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၅) ခု
(၁၅-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၈၀) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive)	(၀) ဦး

COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၆–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၁၆–၈–၂၀၂၀) ရက်နေ့အတွက် COVID–19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် –

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၃၇၄)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၁၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၄၅) ခု၊
- စုစုပေါင်း (၆၃၄)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ –
- • COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရပါသည်။

၂။ (၁၆–၈–၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၇၅) ဦး ရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၅)ဦး (Case– 332, 334, 335, 354, 355) ရှိသဖြင့် စုစုပေါင်း (၃၂၉) ဦးရှိပါသည်။ ၎င်းတို့အနက် (၃၂၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၅–၈–၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၆–၈–၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၉) ဦးရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၁၆-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၇၄) ခု
(၁၆-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၁၅) ခု
(၁၆-၈-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၄၅) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၁) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်

(၁၆-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၁) ဦး	(၃၇၅) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၅) ဦး	(၃၂၉) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

(၁၆-၈-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

လူနာအမှတ်စဉ်	အသက်	ကျား/မ	နေရပ်လိပ်စာ	COVID-19 ရောဂါ အတည်ပြုလူနာများနှင့်ထိတွေ့မှု	ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ	ဆေးကုသမှု ခံယူစေမည့် ဆေးရုံ	COVID-19 ဓာတ်ခွဲအဖြေ	မှတ်ချက်
375	၂၆ နှစ်	မ	စစ်တွေမြို့၊ ရခိုင်ပြည်နယ်	မရှိ	မရှိ	ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	တွေ့ရှိ	စောင့်ကြည့်လူနာ

နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ Patient Monitor နှစ်လုံးလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်–၁၀၀၀)သို့ ဦးစံသိန်း သံအမတ်ကြီး(ငြိမ်း)၊ ဇနီး ဒေါ်အေးနွဲ့၊ သမီး မချိုချိုစိုး မိသားစုက ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Patient Monitor တစ်လုံးနှင့် ဖခင်ကြီး ဦးစိုးတင်အားရည်စူး၍ မိခင်ကြီး ဒေါ်ခင်ပိုနှင့် သမီး မခင်နီလာစိုးမိသားစုက ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Patient Monitor တစ်လုံးတို့ကို ယနေ့တွင် ပေးအပ်လှူဒါန်းရာ ကျွမ်းကျင်သူ ဒေါက်တာပပက အမှာစကား ပြောကြားပြီး ဒုတိယဆေးရုံအုပ်ကြီး/ဆေးရုံအုပ်ကြီး (ပူးတွဲတာဝန်)ဒေါက်တာအောင်လင်းအေးက မှဒိတာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်

ထို့နောက် ဦးစံသိန်း သံအမတ်ကြီး(ငြိမ်း)က လှူဒါန်းရသည့် အကြောင်းရင်းနှင့်ပတ်သက်၍ ပြောကြားပြီး Patient Monitor အား လှူဒါန်းရာ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်–၁၀၀၀)မှ တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပါမောက္ခဒေါက်တာရဲသူရိန် (ဦးနှောက်နှင့်အာရုံကြောခွဲစိတ်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သတင်းစဉ်

မူးယစ်ဆေးဖြတ်သူများအား အထောက်အကူပြုရန် မက်သဒုံးဆေးခန်း ကန့်ဘလူမြို့၌ဖွင့်လှစ်မည်

ကန့်ဘလူ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့တွင် မူးယစ်ဆေးဖြတ်သူများအား အထောက်အကူပြုရန်နှင့် မူးယစ်ဆေးသုံးစွဲမှုလျှော့ချနိုင်ရန် ရည်ရွယ်ချက်ဖြင့် မက်သဒုံးဆေးခန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုတင် ၁၀၀ ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်က စတင်ဖွင့်လှစ်ခဲ့ပြီး တိုက်ကျွေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"မက်သဒုံးဆေးဆိုတာ ဘိန်းအမျိုးအစား မူးယစ် ဆေးစွဲသူ(ဥပမာ-ဘိန်း၊ ဘိန်းဖြူ) တို့ စွဲလမ်းတောင့်တနေမှုကို လျော့ပါးစေတဲ့ ဆေးဝါးတစ်မျိုး ဖြစ်ပါတယ်။ မူးယစ်ဆေးစွဲခြင်းကို ပျောက်ကင်းအောင် ကုသနိုင်တဲ့ဆေး မဟုတ်ပါဘူး။ မက်သဒုံးတစ်နေ့တစ်ကြိမ်သောက်ရုံနဲ့ ဆေးဖြတ်ခြင်းကြောင့် ခံစားရတဲ့အရာတွေ၊ မူးယစ်ဆေးကြောင့် ကုန်ကျရတဲ့ ဆေးဖိုးတွေ မကုန်တော့ပါဘူး။ မက်သဒုံးဆေးသောက်ပြီး မိမိတို့ရဲ့ လုပ်ငန်းတာဝန်တွေကို ပုံမှန်အတိုင်း ဆက်လက်လုပ်ကိုင်နိုင်ပါတယ်။ မက်သဒုံးတိုက်ကျွေးခြင်းဟာ အခမဲ့တိုက်ကျွေးခြင်း ဖြစ်ပါတယ် "ဟု ခုတင် (၁၀၀) ဆေးရုံအုပ် ဒေါက်တာနေမိုးက ပြောသည်။

မက်သဒုံးဆေးဝါးကို တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်သည် မူးယစ်ဆေး(အကြောအတွင်းထိုးသွင်း)သုံးစွဲသူများနှင့် ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသည့် လူ့အဖွဲ့အစည်းအတွင်း၌တရားမဝင် မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းလာစေရေး၊ ရောဂါကူးစက်မှုလျော့နည်းလာစေရေး၊ ဆေးလွန်ပြီး သေဆုံးမှုနှင့် ရာဇဝတ်မှုပြဿနာများ လျော့နည်းလာစေရေး၊ အန္တရာယ်အလွန်မြင့်မားသည့် ဆေးထိုးပြွန်မျှဝေသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာသည့် အိတ်ချ်အိုင်ဗွီကူးစက်ခံရမှု၊ အသည်းရောင်အသားဝါရောဂါ ကူးစက်ခံရမှုနှုန်းတို့ လျော့နည်းလာစေရေးတို့အတွက် ရည်ရွယ်ခြင်း ဖြစ်သည်။

ဆေးသောက်သုံးသူများအနေဖြင့် ဆေးဖြတ်ပြီးစ ကာလကို အဆင်ပြေပြေကျော်လွှားသွားနိုင်ရန်နှင့် မူးယစ်ဆေး တစ်ဖန်ပြန်လည်သုံးစွဲမှု မပေါ်ပေါက်စေရန်အတွက် စာနာနားလည်ပြီး ထောက်ကူပေးနိုင်သော မိသားစု၊ အလုပ်အကိုင်အတည်တကျရှိမှု၊ မူးယစ်ဆေးဝါးသုံးစွဲနေမှုကို တွန်းလှန်လိုသည့် ပြင်းထန်သောဆန္ဒရှိရန် အလွန်အရေးကြီး ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း (ကန့်ဘလူ)

စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) သုံးတန်အောက်ယာဉ်များ ဖြတ်သန်းခွင့်ပြု

ရေတာရှည် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အရှေ့ဘက် ခြောက်မိုင်ခန့်အကွာရှိ ရေတာရှည်-ကရင်ချောင်း-လိပ်သိုမြို့ကို ဆက်သွယ်ဖောက်လုပ်ထားသော စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်) သည် ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်၍ သုံးတန်အောက်ယာဉ်ငယ်များ ဖြတ်သန်းခွင့်ပြုထားပြီ ဖြစ်သည်။

ရာနှုန်းပြည့်ပြီးစီး

"ဩဂုတ် ၄ ရက်က မိုးတွေရွာပြီး စစ်တောင်းမြစ်ရေ တိုးလာတော့ အထက်ဘက်မှာရှိတဲ့ ယာယီမြစ်ကူးတံတားက ကျိုးပြတ်ပါသွားတယ်။ ခရီးသွား ပြည်သူတွေ အခက်အခဲလည်း ဖြစ်နေတယ်။ တံတားအသစ်ကြီးကလည်း ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်လို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြခဲ့ပြီးတော့ ခွင့်ပြုချက်ရတာနဲ့ သုံးတန်အောက် ယာဉ်ငယ်တွေကို ဖြတ်သန်းခွင့်ပြုခဲ့တာပါ"ဟု တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့ (၆) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်သူများလွယ်ကူစွာသွားလာနိုင်

စစ်တောင်းမြစ်ကူး တံတားကြီးအား ၂၀၁၈- ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၃၇၉၀၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၅၂ သန်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့ (၆)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသနေ ပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ကြပြီဖြစ်၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် များစွာ ဖွံ့ဖြိုးလာကြမည်ဖြစ်ကြောင်း သိရသည်။

သန်းလွင်

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၆ - ၈ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၅၅၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၂၅၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၈၃၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၅၅၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၂၈၂၅၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၁၈၃၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၅၀/၅၉၀	ကျပ်	၅၈၀/၆၀၀	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၆၀/၆၀၅	ကျပ်	၅၉၀/၆၁၅	ကျပ်
အောက်တိန်း ၉၂	၅၀၀/၅၄၀	ကျပ်	၅၆၀/၅၈၀	ကျပ်
အောက်တိန်း ၉၅	၆၃၀/၆၅၅	ကျပ်	၆၈၅/၇၁၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၆၀ . ၉
ဥရောပ	တစ်ယူရို	ကျပ်	၁၆၀၈ . ၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၉၁ . ၈၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၇၈၀ . ၂
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၇၅ . ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၇၃ . ၀၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၅ . ၈၁
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၈ . ၁၇၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၄ . ၇၃
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၂၄ . ၂၂
ထိုင်း	တစ်ဘတ်	ကျပ်	၄၃ . ၇၅၉

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၀၀၀	၁၀၅၀၀	၁၃၆၁	၁၃၆၁၅၀၀၀
MTSH	၃၇၅၀	၃၇၅၀	၅၈၇၈	၂၂၀၄၂၅၀၀
MCB	၈၀၀၀	၈၀၀၀	၅	၄၀၀၀၀
FPB	၂၂၀၀၀	၂၂၀၀၀	၉	၁၉၈၀၀၀
TMH	၂၇၅၀	၂၇၀၀	၂၁၈၄	၅၉၀၂၀၅၀
EFR	၃၁၀၀	၃၁၀၀	၁၈၅၆	၅၅၂၈၃၅၀

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ကျွန်တော်နဲ့အနာဂတ်အတွက် အဆင်သင့်ဖြစ်တဲ့ ပညာရေး

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

ဒီခေတ်မှာ ၄.၀ ဆိုတာ အလွန်ခေတ်စားတဲ့အသုံးအနှုန်း ဖြစ်တာတွေ့ရတယ်။ နေရာတကာမှာသုံးစွဲနေကြတယ်။ လူသိများတာက စက်မှုတော်လှန်ရေးနဲ့ ပတ်သက်လို့ ဖြစ်တယ်။ ၁၈၀၀ ပြည့်နှစ်များက ပေါ်ပေါက်လာတဲ့ စက်မှုတော်လှန်ရေးကို စက်မှု (၁.၀) ဆိုပြီး သတ်မှတ်ခဲ့တယ်။ အင်္ဂလန်နိုင်ငံမှာ စတင်ခဲ့ပြီး ရေနွေးငွေ့ကို အသုံးပြုကာ စက်ရက်ကန်းတွေနဲ့စက်ရုံတွေကို ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ ၁၈၀၀ ပြည့်နှစ်များမှာ ပေါ်ပေါက်လာတာ။ ဥရောပနိုင်ငံတွေမှာလည်း ထွန်းကားခဲ့တယ်။ စက်ရက်ကန်းက ထွက်လာတဲ့ အထည်အလိပ်တွေကို ဈေးပေါပေါနဲ့ အာရှနဲ့ အာဖရိကနိုင်ငံတွေကို တင်ပို့ရောင်းချခဲ့တယ်။ ဒါတွေကြောင့် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ရောင်းချလျက်ရှိတဲ့ အထည်အလိပ် ဈေးကွက်ကို ချေဖျက်နိုင်ခဲ့တယ်။ ဒါကြောင့်လည်း အိန္ဒိယနိုင်ငံရေးခေါင်းဆောင်ကြီး ဂန္ဒီဟာ နေ့စဉ်ကိုယ်တိုင်ချည်ငင်ပြီး ပြည်တွင်းဖြစ်အဝတ်အထည်တွေကို အားပေးခဲ့တယ်။ ဒီစက်မှုတော်လှန်ရေး စက်မှု (၁.၀) ကြောင့် မီးရထားတွေဟာ ခရီးသွားလုပ်ငန်းတွေအတွက် အရှိန်အဟုန်မြင့်မားစွာနဲ့ အားကောင်းခဲ့တယ်။ မီးရထားတင်မက တစ်ချိန်က ရွက်တိုက်လှေတွေကို ရေနွေးငွေ့နဲ့ မောင်းနှင်တဲ့ ပင်လယ်ကူးသင်္ဘောတွေလည်းပေါ်လာပြီး တစ်ကမ္ဘာလုံးကုန်သွယ်မှုကို အားပေးခဲ့တယ်။

ပညာရေး (၄.၀) ပေါ်ပေါက်လာ

စက်မှုတော်လှန်ရေး စက်မှု(၁.၀) ကြောင့် တစ်ချိန်က လယ်ယာလုပ်ငန်းတွေမှာ လုပ်ကိုင်နေတဲ့ တောင်သူလယ်သမားတွေဟာ မြို့ပြဒေသတွေရွှေ့ပြီး စက်ရုံအလုပ်ရုံတွေမှာ အလုပ်လုပ်ခဲ့ကြတယ်။ ၁၉ ရာစုနှစ်တွေမှာ လျှပ်စစ်ဓာတ်အားတွေကတစ်ဆင့် ဒုတိယစက်မှုတော်လှန်ရေး စက်မှု (၂.၀) ပေါ်ပေါက်လာခဲ့တယ်။ စက်ရုံအလုပ်ရုံတွေမှာ ကုန်ပစ္စည်းတွေကို အရေအတွက်အမြောက်အမြားနဲ့ ထုတ်လုပ်နိုင်ခဲ့တယ်။ တတိယစက်မှုတော်လှန်ရေး စက်မှု (၃.၀) ကတော့ ကွန်ပျူတာစက်တွေပေါ်ပေါက်လာချိန်ကစတင်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်များတွင် အရှိန်အဟုန်ရခဲ့တယ်။ မျက်မှောက်ခေတ်မှာတော့ စတုတ္ထစက်မှုတော်လှန်ရေး စက်မှု (၄.၀) ထွန်းကားနေတာဖြစ်တယ်။ တချို့က ပဉ္စမစက်မှုတော်လှန်ရေး စက်မှု(၅.၀) ပေါ်ပေါက်နေတာကို သုံးသပ်လျက်ရှိကြပါတယ်။ စက်မှု (၄.၀) ရဲ့ တိုးတက်ဖွံ့ဖြိုးမှုတွေကြောင့် လူတွေရဲ့အနေအထိုင်အဆင့်အတန်းတွေဟာ ပြောင်းလဲလာခဲ့ရုံမက ကမ္ဘာကြီးတစ်ခုလုံးကို ပြောင်းလဲခဲ့တယ်။ အလုပ်အကိုင်အခွင့်အရေးသစ်တွေ ပေါ်ပေါက်ခဲ့တာမို့ ကျောင်းသူ ကျောင်းသားတွေအတွက် အခွင့်အရေးအသစ်တွေရခဲ့တယ်။ အထူးခြားဆုံးပြောင်းလဲမှုက စက်မှု (၄.၀) နဲ့ လိုက်လျောညီထွေရစေဖို့ ပညာရေး (၄.၀) ပေါ်ပေါက်လာခဲ့ပြန်တယ်။

ပညာရေး (၄.၀) ကြောင့် ကျောင်းတွေ၊ ကောလိပ်တွေ၊ တက္ကသိုလ်တွေအနေနဲ့ စက်မှု (၄.၀) မှာ ယှဉ်ပြိုင်လှုပ်ရှားနိုင်မယ့် နည်းပညာကို ရင်းနှီးကျွမ်းကျင်တဲ့ လုပ်သားတွေကို ထုတ်ပေးရမှာ ဖြစ်တယ်။ တစ်ဖက်ကလည်း အလုပ်ခွင်မှာ ပါဝင်လှုပ်ရှားနေတဲ့ လုပ်သားတွေရဲ့ အရည်အသွေးတွေ၊ အသိတွေ၊ ပညာတွေ၊ ကျွမ်းကျင်မှုတွေကို တိုးတက်မြင့်မားလာအောင် ဆောင်ရွက်ရမှာ ဖြစ်တယ်။ နည်းပညာအသစ်တွေကရလာတဲ့ အခွင့်အရေးတွေကိုယူနိုင်မယ့် အတတ်ပညာရှင်တွေ၊ အသိပညာရှင်တွေကို မွေးထုတ်ပေးရမှာဖြစ်တယ်။

ပညာရေးစနစ်အဆင့်ဆင့်ပြောင်းလဲမှု

အမှန်တော့ စီးပွားရေးစနစ်၊ စီးပွားရေးအဆောက်အအုံနဲ့ ပညာရေးစနစ်ဟာ တိုက်ရိုက်ဆက်စပ်မှုရှိတာကို သတိပြုရမှာဖြစ်တယ်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့စီးပွားရေးအဆောက်အအုံအသိုင်းအဝိုင်းမှာ ပညာရေးစနစ်ရဲ့ ပုံစံကတစ်မျိုးဖြစ်ပြီး စက်မှုတော်လှန်ရေးပေါ်ပေါက်လာချိန်မှာ ဒီစီးပွားရေးအဆောက်အအုံကို အထောက်အကူဖြစ်စေမယ့် ပညာရေးစနစ်ရှိဖို့ လိုအပ်ပါတယ်။ ၂၀ ရာစု အသိပညာကို အခြေခံတဲ့ စီးပွားရေးအဆောက်အအုံအတွင်း ဆီလျော်တဲ့ ပညာရေးစနစ်ကို ဖော်ဆောင်ရမှာဖြစ်တယ်။ ဒါကြောင့်လည်း စက်မှု (၄.၀)နဲ့ ကိုက်ညီမယ့်ပညာရေး (၄.၀) ပေါ်ပေါက်လာတာ ဖြစ်တယ်။ ပညာရေး (၁.၀) မှာ သင်ယူမှုတွေ၊ သိကြားသမျှကို မှတ်သားမှုတွေ၊ အာဂုံဆောင်မှုတွေကို အခြေခံခဲ့တယ်။ ပညာရေး (၂.၀)မှာတော့ ပြောင်းလဲလာတဲ့ နည်းပညာကိုအခြေခံပြီး အင်တာနက်ကို အားကိုးခဲ့ရတယ်။ ပညာရေး (၃.၀) မှာ အသိပညာကို ဖော်ထုတ်တဲ့ဖန်တီးတဲ့အနေထားဖြစ်ပြီး မျက်မှောက်ခေတ် ပညာရေး (၄.၀) မှာ တီထွင်မှုကိုဖော်ထုတ်တဲ့ ပညာရေးစနစ်ဖြစ်တာ တွေ့ရတယ်။

> “ပညာရေး(၄.၀) မှာ ကျောင်းသူ ကျောင်းသားတွေဟာ ကျောင်းနဲ့ အလုပ်ခွင် ဒီလောကနှစ်ပါးကို အပြန်အလှန်ကူးချည်သန်းချည် လုပ်ခွင့်ရှိတယ်။ ကျောင်းတက်ရင်းအလုပ်လုပ်၊ အလုပ်လုပ်ရင်း ပညာသင်တဲ့ပုံစံ။ အမှန်တော့ ကျောင်းမှာပညာဆည်းပူးနိုင်သလို အလုပ်ခွင်မှာလည်း ပညာယူနိုင်တာ ဖြစ်”

ပညာရေး (၄.၀)ကို မောင်းနှင်စေတဲ့တွန်းအားပေးမှု မျိုးစုံရှိပါတယ်။ ပညာကိုသတ်မှတ်ထားတဲ့နေရာ သတ်မှတ်ထားတဲ့အချိန်မှာ ဆည်းပူးရယူနိုင်တာသာ မဟုတ်တော့ဘဲနှစ်သက်တဲ့နေရာ၊ နှစ်သက်တဲ့အချိန်မှာ ရယူနိုင်ခဲ့ပြီဖြစ်တယ်။ လက်ထဲမှာ လက်ကိုင်ဖုန်းတစ်လုံး သို့မဟုတ် ကွန်ပျူတာတစ်လုံးရှိရင် သင်ယူမှုကို ဆောင်ရွက်နိုင်မှာဖြစ်တယ်။ တစ်ဖက်ကလည်း ကျောင်းသားတစ်ဦးချင်း၊ တစ်ယောက်ချင်းကိုအာရုံပြုပြီး သင်ကြားပေးရမှာ ဖြစ်တယ်။ ကျောင်းသူ ကျောင်းသားတွေဗဟိုပြုပြီး သူတို့ရဲ့ လိုအပ်ချက် တွေကို ဖြည့်ဆည်းပေးဖို့ လိုအပ်ပါတယ်။

တစ်သက်လုံးပညာရှာမှုကို အထောက်အကူပြုစနစ်

အမှန်တော့ ပညာရေး (၄.၀) ဟာ တော်လှန်ရေးတစ်ရပ်ဖြစ်တယ်။ ပညာရေးအတွက်ကျောင်းတက်နေတာမဟုတ်ဘဲ အလုပ်အတွက် ပြင်ဆင်မှုတွေဖြစ်ပြီး အနာဂတ်အတွက် လုံခြုံမှုပေးနိုင်မယ့် ပညာရေးအတွေ့အကြုံကို ဖြည့်ဆည်းနိုင်တဲ့ပညာရေးစနစ်အသစ်ဖြစ်တယ်။ ဒါကြောင့်လည်း တက္ကသိုလ်တွေဟာ ကျောင်းသူ ကျောင်းသားတွေရဲ့ အနာဂတ်ကို အာမခံနိုင်တဲ့ပညာရေးကို ပေးနိုင်ဖို့ ကြိုးစားရမှာ ဖြစ်တယ်။ ဒါကြောင့်လည်း ပညာရေး (၄.၀)ဟာ ပညာရေးစနစ်ကို လေးနက်တဲ့ပြုပြင်ပြောင်းလဲမှုတွေကို ဖြစ်ပေါ်စေခဲ့တယ်။ ပညာရေးလမ်းခရီးဟာ ကျောင်းပြီးချိန်မှာ ပြီးဆုံး၊ လမ်းဆုံးသွားတာမဟုတ်ဘဲ တစ်သက်လုံး ပညာရှာမှုကို အထောက်အကူဖြစ်ရတဲ့ စနစ်သစ်ဖြစ်တယ်။ ဆရာ ဆရာမတွေက ကျောင်းသူ ကျောင်းသားတွေကို သင်ကြားပို့ချရုံမက ကျောင်းသူကျောင်းသားအချင်းချင်း ဆက်သွယ်ဆက်ဆံပြီး ဆောင်ရွက်ရမှာ ဖြစ်တယ်။ ခေတ်မီနည်းပညာကိုအခြေခံပြီး ပညာကို ကျောင်း/ တက္ကသိုလ်များသာမက အလုပ်ခွင်မှာလည်း ရှာဖွေနိုင်စွမ်းရှိတာကိုအားပေးရမှာဖြစ်တယ်။

ပညာရေး (၄.၀) ကြောင့် ကျောင်းသူကျောင်းသားနဲ့ ဆရာ ဆရာမတွေရဲ့ အယူအဆ၊ အတွေးအခေါ်အပြုအမူတွေဟာလည်း ပြောင်းလဲရမှာဖြစ်တယ်။ ကျောင်းသူကျောင်းသားတွေအနေနဲ့ ကျောင်းပြီးချိန်မှာ အနာဂတ်အတွက် အဆင်သင့်ဖြစ်နေဖို့ ပြင်ဆင်လေ့ကျင့်သင်ယူရမှာဖြစ်ပါတယ်။ သင်ကြားရေးပုံစံတွေလည်း ယခင်နဲ့မတူဘဲ ခေတ်သစ်နည်းပညာတွေကို အသုံးချရမှာသာ ဖြစ်တယ်။

ကိုဗစ်ကြောင့် မဖြစ်မနေလုပ်ကြရ

ကျောင်းသူ ကျောင်းသားတွေကို မိမိဆည်းပူးတဲ့ ဘာသာရပ်နဲ့ပတ်သက်ပြီး ကျွမ်းကျင်လိမ္မာအောင် ပြုစုဖို့ လိုအပ်သလို တစ်ဖက်မှာလည်း “အပျော့” လို့ ပြောတဲ့ ပေါင်းသင်းဆက်ဆံမှု၊ စဉ်းစားတွေးခေါ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်မှု စတဲ့ကျွမ်းကျင်မှုတွေကိုလည်း ပြုစုဖို့လိုအပ်တယ်။ ပြဿနာဖြေရှင်းနိုင်မှု၊ တီထွင်နိုင်မှု၊ ဖန်တီးနိုင်မှု စတဲ့ပညာတွေကိုလည်း ပြုစုပျိုးထောင်ရမှာဖြစ်တယ်။ ပညာရေး (၄ .၀) မှာ ကျောင်းစာသင်ခန်းတွေမှာ သင်ယူခံယူမှုသာမက ခေတ်မီနည်းပညာတွေရဲ့ အကူအညီနဲ့ အွန်လိုင်းသင်တန်းတွေကတစ်ဆင့် ဆည်းပူးနိုင်မှာဖြစ်တယ်။ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့အသီးသီးမှာ ပြောင်းလဲမှုတွေရှိခဲ့တယ်။ အထူးခြားဆုံးပြောင်းလဲမှုတစ်ရပ်ကတော့ ပညာရေးကဏ္ဍ ဖြစ်တယ်။ ရောဂါပြန့်ပွားမှုအန္တရာယ်တွေကြောင့် သင်ခန်းစာတွေကို ကျောင်းတွင်းမှာ ပို့ချရုံမဟုတ်ဘဲ အင်တာနက်ကတစ်ဆင့် သင်ခန်းစာတွေကို သင်ယူနိုင်ပြီ ဖြစ်တယ်။ နိုင်ငံတကာမှာရှိတဲ့ နာမည်ကြီးတက္ကသိုလ်တွေမှာ အွန်လိုင်းကတစ်ဆင့် သင်တန်းတွေ ဖွင့်လှစ်လျက်ရှိတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အွန်လိုင်းကတစ်ဆင့် ပညာရေးဝန်ဆောင်မှုတွေ ပို့ချမှုတွေ လုပ်လျက်ရှိတယ်။ ဒီနည်းပညာတွေဟာ ယခင်ကတည်းက ရှိခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ထဲထဲဝင်ဝင်မသုံးဖြစ်ခဲ့ဘူး။ ဆင်ခြေအမျိုးမျိုးပေးခဲ့တာ။ အခုတော့ ကိုဗစ်-၁၉ ရဲ့ ကျေးဇူးကြောင့် မဖြစ်မနေလုပ်ခဲ့ရတယ်။

တစ်ဖက်မှာလည်း ပညာရေး (၄.၀) ကြောင့် ပညာရေးဝန်ဆောင်မှု “အထုပ်” ကို ဖြည်ထုတ်ဖို့လိုတယ်။ တက္ကသိုလ်ပညာရေးနဲ့ ပတ်သက်လာရင် ကျောင်းသူကျောင်းသားတွေဟာ လေးနှစ်သင်တန်းကို အချိန်ပြည့်တက်ပြီး လေးနှစ်လုံးလုံးစာသင်ခန်းမှာ အချိန်ကုန်ခဲ့ရတယ်။ လေးနှစ်ပြီးဆုံးချိန်ဘွဲ့ရပြီးတဲ့ အခါမှာလည်း အလုပ်ခွင်ထဲရောက်ပြီး ကျောင်း/တက္ကသိုလ်ကို ပြန်မကြည့်တော့ဘူး။ အလုပ်လုပ်တဲ့ အချိန်ကစပြီး ပညာရေးနဲ့ ဝေးခဲ့တယ်။ ဒီသမားရိုးကျပုံစံဟာ သဘာဝမကျတော့တာ တွေ့ရတယ်။ ပညာရေး(၄.၀) မှာ ကျောင်းသူ ကျောင်းသားတွေဟာ ကျောင်းနဲ့အလုပ်ခွင် ဒီလောကနှစ်ပါးကို အပြန်အလှန်ကူးချည်သန်းချည် လုပ်ခွင့်ရှိတယ်။ ကျောင်းတက်ရင်းအလုပ်လုပ်၊ အလုပ်လုပ်ရင်း ပညာသင်တဲ့ပုံစံ။ အမှန်တော့ ကျောင်းမှာပညာဆည်းပူးနိုင်သလို အလုပ်ခွင်မှာလည်း ပညာယူနိုင်တာ ဖြစ်တယ်။ လေးနှစ်ပြီးမှ ဘွဲ့လက်မှတ်ရတာမဟုတ်ဘဲ ပညာရေးခရီးရှည်ကို အပိုင်းပိုင်းဖြတ်ပြီး အဆင်သင့်သလို ကာလတိုပညာရေးကြိုးပမ်းမှုတွေကတစ်ဆင့် အသိအမှတ်ပြုလက်မှတ်တွေ ရယူပြီး စုဆောင်းနိုင်မှာဖြစ်တယ်။ ဒီပြောင်းလဲမှုတွေကိုကျောင်းသူကျောင်းသားတွေ၊ ဆရာ ဆရာမတွေကလက်ခံရုံမက မိဘတွေနဲ့အလုပ်ရှင်တွေကလည်း ကျေနပ်ဖို့ လိုအပ်ပါတယ်။ ပညာရေး (၄.၀) မှာ အတန်းထဲမှာသာ ပညာဆည်းပူးနိုင်ရုံမဟုတ် အတန်းပြင်ပအဆင်ပြေတဲ့ နေရာဌာနကနေ လေ့လာခွင့်ရှိတယ်။

ပညာရေး (၄.၀) ဟာ ပညာရေးအပေါ် ရှုမြင်သုံးသပ်မှုတွေပြောင်းလဲခြင်း ဖြစ်တယ်။ ရှုပါရုံအသစ်နဲ့ ပညာရေးစနစ်ကို သုံးသပ်ဖို့လိုအပ်တယ်။ ကျောင်းသူ ကျောင်းသားတွေအနေနဲ့ ရွေးချယ်ခွင့်အပြည့်ရှိတယ်။ ကိုယ်ပိုင်ရွေးချယ်ခွင့် ကတစ်ဆင့် မိမိရဲ့အနာဂတ်ကို ဖန်တီးနိုင်တယ်။ ဖော်ဆောင်နိုင်တယ်၊ ဆရာဆရာမတွေအနေနဲ့ စာသင်ပေးတဲ့သူတွေမဟုတ်တော့ဘဲ ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေးခရီးရှည်ရဲ့ အဖော်ကောင်းလို လမ်းညွှန်ရမှာဖြစ်တယ်။ ကိုဗစ်-၁၉ ကြောင့် တစ်ဦးနဲ့တစ်ဦး ခပ်ခွာခွာနေထိုင်ဆက်ဆံရမှာမို့ ကျောင်းစာသင်ခန်းတွေကိုလည်း ပုံစံအသစ်နဲ့၊ အစီအစဉ်အသစ်နဲ့ ဖော်ထုတ်ဖို့ လိုအပ်မှာဖြစ်တယ်။

တွဲဖက်သွားသင့်သော အလုပ်ခွင်နှင့် ပညာရေး

ပညာရေး (၄.၀) နဲ့ပတ်သက်လို့ ပညာရေးလောကနဲ့ ပတ်သက်နေတဲ့ ကျောင်းသူကျောင်းသားတွေ၊ ဆရာ၊ မိဘတွေ၊ အလုပ်ရှင်တွေ၊ သက်ဆိုင်ပတ်သက်သူတွေ ဆွေးနွေးတိုင်ပင်ရမှာဖြစ်တယ်။ ရှုထောင့်အမျိုးမျိုးကတစ်ဆင့် သုံးသပ်ဆင်ခြင်ပြီး ကိုယ့်နိုင်ငံအတွက် အဆင်ပြေမယ့်စနစ်ကို ဖော်ထုတ်သွားရမှာသာ ဖြစ်တယ်။ အခုလိုဆောင်ရွက်တဲ့နေရာမှာ အတွေးအခေါ် အယူအဆတွေ၊ အမြင်တွေသုံးသပ်မှုတွေကို ရဲရဲဝံ့ဝံ့စဉ်းစားပြီး ဆုံးဖြတ်ရမှာသာ ဖြစ်တယ်။

အများလက်ခံနိုင်တဲ့အားပေးမယ့် ပညာရေး (၄. ၀) ဖော်ထုတ်ရမှာဖြစ်တယ်။ အလုပ်ခွင်လောကနဲ့ ပညာရေးလောကတွေဟာ ဆက်သွယ်ဆက်ဆံပြီး အားလုံးလက်ခံနိုင်မယ့် ပုံစံတစ်ခုကို ဖော်ထုတ်ဖို့ လိုအပ်တယ်။ အတွေးအမြင်အသစ်တွေကို အသုံးချဖို့ အရေးကြီးတယ်။ ကျွန်တော်တို့နိုင်ငံမှာ တာဝန်ရှိသူတွေအနေနဲ့ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှုကို ဦးခိုက်ပြီး အာရုံပြုနေကြတယ်။ အခုလို ဆောင်ရွက်တဲ့နေရာမှာ ပညာရေး(၄.၀) ကိုအခြေခံပြီး စဉ်းစားရမှာသာ ဖြစ်တယ်။ ။

ရေဝတီတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီး ဟင်္သာတအကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို စစ်ဆေး

ဟင်္သာတ ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်မိုးမိုးအေး၊ ရုံးအဖွဲ့မှူး ဒေါ်လဲ့လဲ့ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးဒေါ်သိန်းသိန်းဌေး၊ ခရိုင်တရားသူကြီး ဦးညီညီအေးနှင့် မြို့နယ်တရားသူကြီး ဒေါ်မျိုးမာလာခင်တို့သည် ဩဂုတ် ၁၄ ရက်က ဟင်္သာတအကျဉ်းထောင်နှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုသို့စစ်ဆေးစဉ် ဟင်္သာတ အကျဉ်းထောင်မှူး ဦးညွန့်ဘိုဝင်းက အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှုတို့ကို ပရိဂျက်တာဖြင့် ရှင်းလင်းတင်ပြသည်။

လိုအပ်သည်များညှိနှိုင်း

ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးနှင့်အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေရသူများ၊ အချုပ်ကျနေသူများနေထိုင်သည့် အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများ၏ နေရာထိုင်ခင်းသက်သာချောင်ချိမှုရှိ မရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့်ရ မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ မရှိ၊ အစားအသောက်နှင့်အာဟာရစားသုံးရသည့် အခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့်အခွင့်အရေးများ ရ မရ တို့ကို မေးမြန်းခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ကျော်ကျော်(ပြန်/ဆက်)

Friendship and Cooperation ဗီဒီယိုဇာတ်လမ်းတို ပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်များ ဖိတ်ခေါ်ထား

ရန်ကုန် ဩဂုတ် ၁၆

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် ပူးပေါင်း၍ ပထမဆုံးအကြိမ်အဖြစ် "Friendship and Cooperation Short Video" ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်၍ ဗီဒီယိုထုတ်လုပ်သူများ၊ လူမှုကွန်ရက်မီဒီယာများ၊ ဘလော့ဂါများနှင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှတစ်ဆင့် ဖိတ်ခေါ်ထားသည်။

အဆိုပါ ဗီဒီယိုပြိုင်ပွဲတွင် (၁) ASEAN-China Co-operation in Fighting COVID-19 (၂) ASEAN-China Practical Cooperation (၃) People-to-people exchanges between ASEAN and China နှင့် (၄) Favorite cities in China or ASEAN စသည့် ခေါင်းစဉ်လေးမျိုးအနက် နှစ်သက်ရာခေါင်းစဉ်တစ်ခုနှင့် ကိုက်ညီသည့် အနည်းဆုံး ငါးမိနစ်ကြာသော ဗီဒီယိုကလစ်ကို ရိုက်ကူး၍ ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ဗီဒီယိုတွင် ကြိုက်နှစ်သက်ရာ ဘာသာစကားကို သုံးနိုင်သော်လည်း အင်္ဂလိပ် သို့မဟုတ် တရုတ်ဘာသာဖြင့် စာတန်းထိုးပေးရမည်ဖြစ်ကြောင်း၊ ဗီဒီယိုများတွင် ညစ်ညမ်းသော၊ အကြမ်းဖက်သော၊ ဘာသာရေးနှင့် လူမျိုးရေး ခွဲခြားဆက်ဆံသော ရုပ်ပုံများ မပါဝင်ရဘဲ လူနေမှုဘဝ အစစ်အမှန်များအပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ ပါဝင်ယှဉ်ပြိုင်သူများသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက် သို့မဟုတ် ကုမ္ပဏီအနေဖြင့် ဗီဒီယို သုံးခုအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း၊ ဗီဒီယိုဖိုင်များကို အလျားလိုက်မျက်နှာပြင် orientation ဖြင့် ပြုလုပ်ရမည်ဖြစ်ပြီး resolution မှာ 1280x720 pixel ရှိရမည်ဖြစ်ကာ ဖိုင်အမျိုးအစားအနေဖြင့် MPG, MPEG, AVI, MOV, WMV, MP4 အမျိုးအစားများဖြင့် ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအနေဖြင့် Registration Form ကို https://chinareportasean.com/friendship-and-cooperation/ ဝက်ဘ်ဆိုက်လိပ်စာတွင် ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်ပြီး Registration Form ကို ဖြည့်စွက်၍ ပြိုင်ပွဲဝင် ဗီဒီယိုဖိုင်နှင့်အတူ ACvideocontest@qq.com အီးမေးလ်လိပ်စာသို့ အီးမေးလ်ခေါင်းစဉ်တွင် Country-participant name-entry's title တို့ကို ရေးသား၍ စက်တင်ဘာ ၃၀ ရက်နောက်ဆုံးထားပြီး ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်ရုံး၊ အဆောင် (၉)၊ မြေညီထပ်၊ MICT Park ၊ ဖုန်း-၀၁-၆၅၂၃၀၇၊ ၀၁-၂၃၀၅၂၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

အဆိုပါ ဗီဒီယိုပြိုင်ပွဲတွင် Honorable mentions ဆု ၅၀၊ Excellent Award winner ဆု ၂၀ နှင့် winners of the grand prize ဆု ငါးဆုကို ပေးအပ်သွားမည်ဖြစ်ပြီး အနိုင်ရရှိသူများကို အောက်တိုဘာလအတွင်း ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ Excellent Award winner ဆုနှင့် winners of the grand prize ဆု ရရှိသူများအနေဖြင့် Suzhuo မြို့တွင် ကျင်းပပြုလုပ်မည့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်မှ သိရသည်။

သူရဖြိုး

MPT က ဖုန်းငွေဖြည့်လက်ဆောင်အစီအစဉ်အရ ဖေ့စ်ဘုတ်အတွက် ဒေတာလက်ဆောင်များပေးအပ်

ရန်ကုန် ဩဂုတ် ၁၆

MPT သုံးစွဲသူများအနေဖြင့် ဖုန်းငွေဖြည့်ရုံဖြင့် ဖေ့စ်ဘုတ်နှင့် မက်ဆင်ဂျာကို အသုံးပြုနိုင်မည့် ဒေတာလက်ဆောင်များ ရရှိမည့် "Facebook ဒေတာအတွက် ဖုန်းငွေဖြည့်လက်ဆောင်" အစီအစဉ်သစ်ကို MPT က ဩဂုတ် ၅ ရက်မှစ၍ မိတ်ဆက်ထားကြောင်း သိရသည်။

သုံးစွဲသူများသည် ဖုန်းငွေဖြည့်သည့်အခါ MPT4U မှတစ်ဆင့် ဖုန်းငွေဖြည့်လိုက်ရုံဖြင့် ငွေပမာဏအလိုက် ဒေတာလက်ဆောင်များကို ရရှိမည်ဖြစ်ကြောင်း၊ ကျပ် ၁၀၀၀ ဖြည့်လျှင် သက်တမ်းသုံးရက်ရှိသော ဒေတာ 600 MB၊ ကျပ် ၃၀၀၀ ဖြည့်လျှင် သက်တမ်း ခုနစ်ရက်ရှိသော ဒေတာ 1400 MB၊ ကျပ် ၅၀၀၀ ဖြည့်လျှင် သက်တမ်း ၁၅ ရက်ရှိသော ဒေတာ 3000 MB နှင့် ကျပ် ၁၀၀၀၀ ဖြည့်လျှင် သက်တမ်း ရက် ၃၀ ရှိသော ဒေတာ 6000 MB တို့ကို ရရှိမည်ဖြစ်ကာ အဆိုပါ ဒေတာများကို ဖေ့စ်ဘုတ်နှင့် မက်ဆင်ဂျာအတွက် သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် မက်ဆင်ဂျာမှ ဗွီဒီယိုနှင့် အသံကောလ် ခေါ်ဆိုခြင်းများအတွက် အဆိုပါဒေတာများကို အသုံးပြုနိုင်မည်မဟုတ်ဘဲ ဝယ်ယူထားသော ဒေတာများမှ ဖြတ်တောက်မည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲသူများအနေဖြင့် နေ့စဉ် အကန့်အသတ်မရှိ ဖုန်းငွေဖြည့်နိုင်မည်ဖြစ်ပြီး ငွေဖြည့်သည့် ပမာဏနှင့်အတူ ရရှိလာမည့် ဒေတာလက်ဆောင်များမှာလည်း ပေါင်းစည်းသွားမည်ဖြစ်ကာ နောက်ဆုံးရရှိအသုံးပြုနိုင်သည့် ငွေဖြည့်သက်တမ်းအတိုင်း ကုန်ဆုံးမည်ဖြစ်ကြောင်း၊ ဒေတာလက်ဆောင် အစီအစဉ်ကို MPT ၏ ကြိုတင်ငွေဖြည့်ကတ်စနစ်ဖြင့် သုံးစွဲနေသူတိုင်း ရယူနိုင်မည်ဖြစ်သည့်အပြင် အဆိုပါအစီအစဉ်ဖြင့် ဖုန်းငွေဖြည့်သူများအနေဖြင့် ငွေမိုးဖြိုင်ဖြိုင်ကံစမ်းမဲ အစီအစဉ်တွင်လည်း အလိုအလျောက် ပါဝင်မည်ဟု သိရသည်။

ကျော်ဇင်ဦး

အူရီဒူးမြန်မာက Supernet Fiber အစီအစဉ်အတွက် ပရိုမိုးရှင်းအစီအစဉ်များ ပြုလုပ်ထား

ရန်ကုန် ဩဂုတ် ၁၆

အူရီဒူးမြန်မာ၏ အိမ်သုံး ဖိုက်ဘာအင်တာနက်လိုင်းဖြစ်သည့် Supernet Fiber လိုင်းကို သုံးစွဲနေသူများအတွက် အပိုဆောင်းအမြန်နှုန်းနှင့် လစဉ် အပိုဆောင်း မိုဘိုင်းဒေတာအပြင် အခြားအကျိုးခံစားခွင့်များ ရရှိမည့် ပိုရပိုသုံး အစီအစဉ်ကို ဩဂုတ် ၁၀ ရက်က စတင်မိတ်ဆက်ပေးထားကြောင်း သိရသည်။

အူရီဒူး Supernet Fiber သည် လက်ရှိအချိန်တွင် ရန်ကုန်မြို့တွင်း မြို့နယ် ၃၁ ခုနှင့် မန္တလေးမြို့တွင်း မြို့နယ် ခြောက်ခုတွင် ရယူသုံးစွဲနိုင်သော ဖိုက်ဘာအင်တာနက် ဝန်ဆောင်မှုဖြစ်ပြီး အိမ်သုံးနှင့် ရုံးသုံး နှစ်မျိုးလုံးအတွက် Supernet Fiber ကို ၂၅ Mbps အမြန်နှုန်းမှ ၁၂၀ Mbps အမြန်နှုန်းအထိ ရွေးချယ်စရာ အမြန်နှုန်းအမျိုးမျိုးဖြင့် လစဉ် ကျပ် ၄၀၀၀၀ မှ ကျပ် ၁၂၀၀၀၀ အထိ ဈေးနှုန်းအမျိုးမျိုးဖြင့် သုံးစွဲနိုင်သည့် ဝန်ဆောင်မှုဖြစ်သည်။

ယခု ပြုလုပ်ထားသည့် ပိုရ ပိုသုံး ပရိုမိုးရှင်းအစီအစဉ်အရ 40Mbps, 50Mbps နှင့် 100Mbps အမြန်နှုန်းများကို ရယူသုံးစွဲနေသူများသည် အမြန်နှုန်း ၂၀ ရာခိုင်နှုန်းစီ ပိုမိုရရှိမည်ဖြစ်သလို ရွေးချယ်ရယူထားသော အမြန်နှုန်းအပေါ် မူတည်၍ လစဉ် မိုဘိုင်းဒေတာကိုလည်း 2GB, 10GB, 15GB ပိုမိုရရှိမည်ဖြစ်ကြောင်း၊ အူရီဒူးအချင်းချင်း ဖုန်းခေါ်ဆိုနိုင်သော On-net voice ၂၀၀ မိနစ်နှင့် အူရီဒူးအချင်းချင်း အကန့်အသတ်မရှိ SMS ပေးပို့နိုင်သော On-net SMS များကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။

ပရိုမိုးရှင်းအစီအစဉ် ကာလမှာ ဩဂုတ်လကုန်အထိဖြစ်ပြီး ပရိုမိုးရှင်းကာလအတွင်း ဝယ်ယူသူများသည် အပိုဆောင်းအမြန်နှုန်း ၂၀ ရာခိုင်နှုန်းနှင့် ဒေတာခံစားခွင့်များကို စတင် စာရင်းသွင်းသည့်နေ့မှစ၍ တစ်နှစ်အထိ ရရှိမည်ဖြစ်ကြောင်း၊ Supernet Fiber အစီအစဉ်ကို စတင် တပ်ဆင်သုံးစွဲရန်အတွက် ဝန်ဆောင်မှုမှာယူခြင်းပုံစံကို http://ore.do/fsrorm လိပ်စာတွင် ဖြည့်စွက်၍ မှာယူနိုင်ပြီး နေအိမ်တွင် အသုံးပြုမည့်သူများအတွက် မှတ်ပုံတင်မိတ္တူ သို့မဟုတ် ပတ်စ်ပို့စ် လိုအပ်ကာ စီးပွားရေးလုပ်ငန်းသုံးအတွက် စီးပွားရေးလုပ်ငန်းလိုင်စင်လိုအပ်ကြောင်း၊ မှာယူပြီး သုံးရက်မှ ငါးရက်အတွင်း အူရီဒူးအရောင်းအဖွဲ့က လာရောက်တပ်ဆင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇင်ဦး

New Product

ကမ္ဘာ့အကောင်းဆုံးကင်မရာနဲ့အတူ စမတ်ဖုန်းလောကကို လှုပ်ခတ်သွားစေတဲ့ Xiaomi Mi 10 Ultra

ဆမ်ဆောင်း၊ ဟွာဝေးနဲ့ Apple တို့ပြီးရင် စတုတ္ထအကြီးဆုံး စမတ်ဖုန်းထုတ်လုပ်သူနေရာရောက်နေတဲ့ Xiaomi ဟာ သက်တမ်း ၁၀ နှစ်ပြည့်ချိန်မှာ flagship လို့ ဆိုနိုင်တဲ့ စမတ်ဖုန်း မော်ဒယ်သစ်တစ်ခုကို ထုတ်လုပ်ခဲ့ပြီး ဩဂုတ် ၁၁ ရက်က စတင် မိတ်ဆက်ပြသခဲ့ပါတယ်။ MI 10 Ultra လို့ နာမည်ပေးထားတဲ့ ဒီစမတ်ဖုန်း မော်ဒယ်သစ်ဟာ မထွက်ခင်ကတည်းက နာမည်ကျော်နေသလို ကမ္ဘာ့အကောင်းဆုံး ကင်မရာ ပါဝင်လာခြင်းနဲ့အတူ မြင့်မားတဲ့ စွမ်းဆောင်ရည်သစ်များစွာနဲ့ စမတ်ဖုန်းလောကကို လှုပ်ခတ်သွားစေခဲ့ပါတယ်။

Xiaomi MI 10 Ultra ကို ဩဂုတ် ၁၁ ရက်က စတင်ပြသပြီး သုံးရက်အကြာမှာပဲ နိုင်ငံတကာဈေးကွက်မှာ စတင်ရောင်းချခဲ့ပေမယ့် ပြည်တွင်းဈေးကွက်ကိုတော့ လက်ရှိအချိန်မှာ ရောက်မလာသေးဘဲ အချက်အလက်တွေကို နိုင်ငံတကာက Review တွေရဲ့ ဖော်ပြချက်အရပဲ သိရတာဖြစ်ပါတယ်။ ပြည်တွင်းက ဖုန်းဆိုင်တွေအနေနဲ့တော့ အမြန်ဆုံး တင်သွင်းရောင်းချနိုင်အောင် ကြိုးစားနေကြပါတယ်။

MI 10 Ultra ရဲ့ ကင်မရာပိုင်းဟာ ၄၈ မဂ္ဂါပစ်ဇယ်(Ultra-clear Primary Lens)၊ ၄၈ မဂ္ဂါပစ်ဇယ်(Periscope Telephoto lens)၊ ၂၀ မဂ္ဂါပစ်ဇယ်(Ultra-Wide Lens-128°)နဲ့ ၁၂ မဂ္ဂါပစ်ဇယ်(Telephoto Portrait Lens)တွေ ပါဝင်တဲ့ Quad Cam ဖြစ်ပါတယ်။ Periscope Telephoto lens ကြောင့် Digital Zoom ကို အဆပေါင်း ၁၂၀ ဆွဲနိုင်ပြီး Optical Zoom ကိုတော့ ၁၀ ဆ ဆွဲနိုင်ပါတယ်။ ဟာ့ဒ်ဝဲပိုင်း အကောင်းဆုံးဖြစ်တဲ့အပြင် optical image stabilization(OIS)နဲ့ electronic image stabilization(EIS)တွေကြောင့် ကင်မရာအကောင်းဆုံးဖုန်းတွေကို ရွေးချယ်ပေးနေတဲ့ DXO MARK ရဲ့ ထိပ်ဆုံးနေရာမှာ အမှတ် ၁၂၈ မှတ်နဲ့ ရှိနေတဲ့ ဟွာဝေးရဲ့ P40 Pro ကို ကျော်လွန်ပြီး အမှတ် ၁၃၀ နဲ့ ကမ္ဘာ့ ကင်မရာအကောင်းဆုံးဖုန်း ဖြစ်လာခဲ့တာ ဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာဟာလည်း ၂၀ မဂ္ဂါပစ်ဇယ်ရှိလို့ အရည်အသွေးမြင့်မားပေမယ့် အများ ကြိုတင်မျှော်လင့်ခဲ့သလို Screen အောက်ဘက်မှာ ကင်မရာပါတဲ့ ကမ္ဘာ့ပထမဆုံး under-screen အမျိုးအစား မဟုတ်ခဲ့ဘဲ screen မှာ အပေါက်ဖောက်ထည့်ထားတဲ့ punch-hole ဒီဇိုင်းပဲ ဖြစ်ခဲ့ပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၆၇ လက်မ ရှိပြီး OLED screen အမျိုးအစား ဖြစ်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေကနေ ကာကွယ်နိုင်ဖို့ Gorilla Glass 5 နဲ့ အုပ်ထားသလို ကျောဘက်ဖန်သားကိုယ်ထည်ကိုလည်း Gorilla Glass 6 နဲ့ အုပ်ထားပါတယ်။ ကိုယ်ထည်က aluminum frame ဖြစ်ပါတယ်။ ရုပ်ထွက်အရည်အသွေးက 1080x2340 pixels ရှိတဲ့ HDR10+ အရည်အသွေးဖြစ်လို့ အထူးကောင်းမွန်တဲ့အပြင် 120Hz refresh rate ဖြစ်လို့ ဂိမ်းတွေနဲ့ ရုပ်ရှင်တွေကို ကြည့်ရှုတဲ့အခါ သာမန်ဖုန်းတွေထက် ပိုကောင်းတဲ့ ရုပ်ထွက်အရည်အသွေးကို ရရှိနိုင်မှာဖြစ်ပါတယ်။

Android ဗားရှင်းအနေနဲ့ Android 10 ကို အသစ်ထွက် MIUI 12 နဲ့တွဲပြီး အသုံးပြုထားပါတယ်။ Chipset က Qualcomm SM8250 Snapdragon 865 ကို သုံးထားသလို 2.84 GHz CPU တစ်လုံး၊ 2.42 GHz CPU တစ်လုံးနဲ့ 1.80 GHz CPU လေးလုံးတို့ ပါဝင်တဲ့ Octa-core CPU ကြောင့် မြင့်မားတဲ့အမြန်နှုန်းကို ရရှိမှာဖြစ်ပါတယ်။ RAM နဲ့ အင်တာနယ်မင်မိုရီပိုင်းမှာတော့ 8/128 GB က အနိမ့်ဆုံးဖြစ်ပြီး 8/256, 12/256 နဲ့ 16/512 လို့ အမျိုးမျိုး ထွက်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးဖို့တော့ အပေါက် မပါဝင်ပါဘူး။

အခြား ထူးခြားချက်ကတော့ ဒီဇိုင်းပိုင်းဖြစ်ပါတယ်။ ဒီဇိုင်းဟာ အမြင်မှာတင် ထူးထူးခြားခြား လှပသလို ကိုယ်ထည်အရောင်မှာလည်း ရိုးရိုးအနက်ရောင်နဲ့ အတွင်းပိုင်းကို ဖောက်မြင်နေရတဲ့ Transparent black ဆိုတဲ့ အရောင်နှစ်မျိုးနဲ့ ထွက်ထားပါတယ်။ ဒါ့အပြင် Bright Silver ဆိုတဲ့ ငွေရောင်တစ်မျိုးကလည်း RAM 16/ROM 512 တစ်မျိုးတည်းနဲ့ Limited အနေနဲ့ ထပ်ထွက်လာမယ်လို့ သိရပြီး ပြည်တွင်းဈေးကွက်ကို ရောက်/မရောက်တော့ မသေချာသလို ရောက်ရင်တောင် အလုံးရေနည်းနည်းပဲ ရောက်နိုင်ပါတယ်။

ဘက်ထရီပိုင်းမှာဆိုရင် 4500 mAh ပမာဏရှိတဲ့ Li-ion ပါဝင်လို့ အစစအရာရာ အမြင့်ဆုံးဖြစ်နေတဲ့ ဖုန်းတစ်လုံးအနေနဲ့ နိမ့်နေတယ်ထင်ရပေမယ့် လက်ရှိမှာ အမြန်ဆုံးနှုန်းဖြစ်တဲ့ 120W fast charging စနစ်နဲ့ အားသွင်းနိုင်မှာဖြစ်ပါတယ်။ ၁၀၀ ရာခိုင်နှုန်း ပြည့်တဲ့အထိကို ၂၃ မိနစ်နဲ့တင် အားသွင်းနိုင်မယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် ကြိုးမဲ့အားသွင်းစနစ်ကိုလည်း ထောက်ပံ့ပေးထားပြီး ကြိုးမဲ့စနစ်မှာတောင် 50W အမြန်နှုန်းနဲ့ အားသွင်းနိုင်မှာဖြစ်ပါတယ်။ USB က 2.0, Type-C 1.0 reversible connector ဖြစ်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ထားပါတယ်။

ဈေးနှုန်းအနေနဲ့တော့ ပြည်တွင်းဈေးကွက်ကို မရောက်သေးတာကြောင့် လက်ရှိအချိန်မှာ ကျပ်ငွေနဲ့ အတိအကျ မသိရသေးပါဘူး။ တရုတ်နိုင်ငံမှာ ယွမ်ငွေနဲ့ရောင်းချတဲ့ ဈေးနှုန်းအပေါ်မှာ မြန်မာငွေနဲ့ တွက်ချက်မှုအရတော့ 8/128GB က ကျပ် ၁၁ သိန်းခန့်၊ 8/256 GB က ကျပ် ၁၁၆၀၀၀၀ ခန့်၊ 12/256 GB က ကျပ် ၁၂၅၀၀၀၀ ခန့် ရှိနိုင်ပါတယ်။ အမြင့်ဆုံးဖြစ်တဲ့ 16/512 GB ပါဝင်ပြီး Limited Edition အနေနဲ့ ထွက်လာမယ့် Bright Silver အရောင်ကတော့ ကျပ် ၁၄၅၀၀၀၀ ခန့် ရှိနိုင်ပါတယ်။ ဒီဈေးနှုန်းတွေဟာ ငွေလဲနှုန်းအရ တိုက်ရိုက်တွက်ချက်မှုတွေဖြစ်ပြီး တကယ်တမ်း ပြည်တွင်းဈေးကွက်ထဲ စဝင်လာချိန်မှာ ဒီထက်ပိုပြီး ဈေးများနိုင်ပါတယ်။

သူရဖြိုး

ယနေ့တောင်သူများ ကြုံတွေ့နေရသည့် မွှားပင့်ကူပြဿနာ

ဒေါက်တာထားထားနိုင်(ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)

မွှားပင့်ကူဆိုသည်မှာ

မွှားပင့်ကူများသည် စိုက်ပျိုးသီးနှံပင်များတွင် အပင်ရည်ကို စုပ်ယူစားသောက်ဖျက်ဆီးသော အလွန်သေးငယ်သည့်အကောင်များ ဖြစ်သည်။ ခြေထောက်လေးစုံပါသော မွှားကောင်များသည် ပင့်ကူများကဲ့သို့ ၎င်းတို့၏ ခန္ဓာကိုယ်မှ ပင့်ကူမျှင်ကဲ့သို့ ပိုးချည်မျှင်များ ထုတ်လုပ်သည့်အတွက် ၎င်းတို့ကို မွှားပင့်ကူဟု ခေါ်ဆိုခြင်းဖြစ်သည်။ မျိုးပေါင်းစု(Phylum)အားဖြင့် Arthropoda၊ မျိုးပေါင်း(Class)အားဖြင့် Arachnida တွင် ပါဝင်ပြီး Acarine အုပ်စုဝင် ဖြစ်သည်။ အဏုကြည့်မှန်ပြောင်းဖြင့်သာ ထင်ရှားစွာမြင်ရပြီး အရွယ်အစားအားဖြင့် မျိုးစိတ်အပေါ်မူတည်၍ ၀ ဒသမ ၂ မီလီမီတာမှ ၀ ဒသမ ၅ မီလီမီတာအကြား ရှိတတ်သည်။

မွှားပင့်ကူ အမများ၏ ခန္ဓာကိုယ်သည် ဘဲဥပုံသဏ္ဌာန် လုံးဝန်းပြီး အထီးများသည် ခန္ဓာကိုယ် ရှည်မျောမျောရှိ၍ အဖျားပိုင်းချွန်သည်(ပုံ-၁)။ အမများ၏ အရွယ်အစားသည် အထီးများထက် ပိုမိုကြီးမားပြီး အထီးနှင့် အမ အရွယ်အစား လွန်စွာကွာခြားသည်။ အပ်သွားကဲ့သို့ ချွန်ထက်ပြီး အင်္ဂလိပ်အက္ခရာ ဂျေ(J) ပုံသဏ္ဌာန် ပါးစပ်အစိတ်အပိုင်း(J-Shaped Stylet)ဖြင့် အပင်၏ အရွက်များ၊ ရိုးတံများနှင့် ပင်စည်နုများပေါ်တွင် အပင်ရည်ကို စုပ်ယူစားသောက် ဖျက်ဆီးလေ့ရှိသည်။ မွှားပင့်ကူများသည် အစုအဝေးဖြင့် နေထိုင်စားသောက်ကြသော အကောင်များ ဖြစ်သည်။

(ပုံ-၁) မွှားပင့်ကူ အမနှင့် အထီး

ဖျက်ဆီးမှုနှုန်း

မွှားပင့်ကူကောင်များသည် အရွယ်အစားအားဖြင့် အလွန်သေးငယ်လှသော ဖျက်ပိုးများပင် ဖြစ်သော်လည်း ၎င်းတို့၏ ဖျက်ဆီးမှုနှုန်းမှာ မြင့်မားသည်။ ဖျက်ဆီးသည့်နှုန်း မြင့်မားလာသည်နှင့်အမျှ အရွက်တွင် စိမ်းရောင်ခြယ်ဆဲလ်များ ပျက်စီးမှုကြောင့် အပင်၏ အစာချက်နှုန်းကို ထိခိုက်စေပြီး သီးနှံအထွက်နှုန်းကို သိသာစွာ လျော့နည်းစေသည်။ သီးနှံမရွေး၊ အချိန်အခါမရွေး၊ ရာသီဥတုမရွေး ကျရောက်တတ်သော ဤပိုးကောင်ငယ်များအား အရွက်များ၏ အပေါ်မျက်နှာပြင်တွင်လည်းကောင်း၊ အောက်ဘက်မျက်နှာပြင်တွင်လည်းကောင်း မျိုးစိတ်အပေါ် မူတည်၍ အမျိုးမျိုးတွေ့ရတတ်သည်(ပုံ-၂)။ ဆိုးရွားစွာကျရောက်သည့် အခြေအနေတွင် အရွက်မျက်နှာပြင် နှစ်ဖက်လုံး၌ ကျရောက်သည်ကို တွေ့ရသည်။

ဘဝစက်ဝန်းမှာ ဥအဆင့်မှ အကောင်ကြီးအဆင့်အထိ(ကြားအဆင့်များ အပါအဝင်) စုစုပေါင်း ရှစ်ဆင့်ရှိသည်။ အပူချိန်အပေါ် မူတည်၍ ရှင်သန်နိုင်သည့်သက်တမ်း ကွာခြားသည်။ အကြမ်းအားဖြင့် အပူချိန် ၂၅ ဒီဂရီနှင့် ၃၀ ဒီဂရီကြားတွင် ကောင်းစွာပွားများကြသည်။ အပူချိန်နိမ့်ပါက နှစ်ပတ်ကျော်ခန့် ရှင်သန်နိုင်ပြီး မြင့်မားသောအပူချိန်တွင် တစ်ပတ်ခန့်သာ ရှင်သန်နိုင်သည်။ အရွယ်ရောက်ပြီး အမတစ်ကောင်သည် မျိုးစိတ်အပေါ် မူတည်၍ နေ့စဉ်ပျမ်းမျှ ဥအရေအတွက် ငါးဥမှ ၂၂ ဥအထိ ဥနိုင်သည်။

စီးပွားရေးအရထိခိုက်မှု

၎င်းတို့၏ သဘာဝအရ မျိုးပွားနှုန်း အလွန်လျင်မြန်ခြင်း၊ လိင်မဲ့ မျိုးပွားနိုင်ခြင်း၊ ဘဝစက်ဝန်း အလွန်တိုတောင်းခြင်း၊ အစုလိုက် အဖွဲ့လိုက် နေထိုင်စားသောက်တတ်ခြင်း၊ လေနှင့်အတူပါပြီး တစ်နေရာမှတစ်နေရာသို့ အလွန်လျင်မြန်စွာ ပျံ့နှံ့လွယ်ခြင်းတို့ကြောင့် ဆိုးရွားစွာကျရောက်ပါက အရွက်များတွင် အစိမ်းရောင်ပျောက်ပြီး သီးနှံအထွက်နှုန်းကို ကျဆင်းစေသည်သာမက အပင်သေဆုံးသည်အထိပင် ဖြစ်စေနိုင်သည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၌ ပဲတီစိမ်း၊ မတ်ပဲတို့တွင် ကျရောက်သော မွှားပင့်ကူနီများ(Red spider mites) သိပ္ပံအမည် - Tetranychus truncatus(Ehara)သည် အလွန်ဆိုးရွားကြောင်း တွေ့ရှိရသည်။

ထို့အပြင် အလှစိုက် ဝါးပင်များတွင်လည်းကောင်း၊ စိုက်ပျိုးသီးနှံပင်များ ဖြစ်သည့် ကြံ၊ စပါး၊ စပါးလင်၊ ပီလောပီနံ၊ ခရမ်း၊ ခရမ်းချဉ်၊ ကန်စွန်း၊ ဝါ၊ နှင်းဆီ၊ စတော်ဘယ်ရီနှင့် အခြား ပင်ပျော့အနွယ်ဝင် အပင်များတွင်လည်းကောင်း အများအပြား တွေ့ရတတ်ပြီး အပင်ကြီးများဖြစ်သည့် မဲဇလီ၊ သဘော်၊ ရှောက်၊ သံပရာ၊ သရက်နှင့် ဗာဒံပါ မကျန် ကျရောက်တတ်သည်ကို တွေ့ရသည်။ အပင်ကြီးများတွင်မူ ထိခိုက်မှုနှုန်းမှာ မပြောပလောက်သော်လည်း အပင်ငယ်များတွင် ကျရောက်ပါက ထိခိုက်မှု ဆိုးရွားစွာ ဖြစ်စေနိုင်သည်။ အလှစိုက်အပင်များတွင်မူ အရွက်မျက်နှာပြင်တွင် ၎င်းတို့ဖျက်ဆီးထားသည့် ပျက်စီးမှု လက္ခဏာများကြောင့် မူလအရောင်အဆင်းများ ပျက်ယွင်းသွားတတ်သည်။


(ပုံ-၂) အရွက်အောက်မျက်နှာပြင်တွင် တွေ့ရသော မွှားပင့်ကူ အစုအဝေးနှင့် ပျက်စီးမှုလက္ခဏာ

အပင်ရောဂါများ ကူးစက်စေနိုင်

မွှားပင့်ကူများသည် အခြား ဗိုင်းရပ်စ်ရောဂါဖြစ်စေသော သက်ရှိများကို သယ်ဆောင်ကြသူများဖြစ်သည့်အားလျော်စွာ သီးနှံပင်များတွင် တစ်ပင်မှ တစ်ပင်၊ တစ်နေရာမှတစ်နေရာ ကူးပြောင်းသွားလာ စားသောက်ခြင်းဖြင့် ရောဂါများ ပြန့်ပွားစေနိုင်သည်။

ရောဂါဖြစ်စေသော သက်ရှိများဖြစ်သည့် "The Potato Virus Y" ခေါ် အာလူးဗိုင်းရပ်စ်ရောဂါ ဖြစ်စေသောသက်ရှိ(အာလူး၊ ခရမ်းချဉ်၊ ဆေးရွက်ကြီးနှင့် အခြား ခရမ်းနှင့် ခရမ်းမျိုးရင်းဝင် အပင်များတွင် ရောဂါဖြစ်စေသည်)၊ "The Tobacco Ring Spot Virus"/ "The Tobacco Mosaic Virus" ခေါ် ဆေးရွက်ကြီးမိုစိပ် ဗိုင်းရပ်စ်ရောဂါဖြစ်စေသောသက်ရှိ၊ "The Southern Bean Mosaic Virus" ရောဂါဖြစ်စေသောသက်ရှိနှင့် "The Cotton Curliness" ရောဂါဖြစ်စေသောသက်ရှိတို့ကို သယ်ဆောင်ကြောင်း အချက်အလက်များအရ သိရှိရသည်။

မည်သို့ ကာကွယ်နှိမ်နင်းနိုင်မည်လဲ

ဓာတုဆေးများအသုံးပြု၍ ကာကွယ်နှိမ်နင်းခြင်း

Vertimic (သို့) Nioron ကဲ့သို့သော မွှားသတ်ဆေးများကို နှစ်ပတ်ခြားလျှင် တစ်ကြိမ်နှုန်းဖြင့် သုံးကြိမ် ဖျန်းပေးခြင်းအားဖြင့် မွှားပင့်ကူဥများကိုပါ သေစေနိုင်သည်။ မွှားပင့်ကူဥများကို သေစေနိုင်သော ဥသတ်ဆေးနှင့် အကောင်ကြီးအဆင့်ကို သေစေနိုင်သောဆေး နှစ်မျိုးရောနှောပြီး နှစ်ကြိမ်မှ သုံးကြိမ်အထိ အသုံးပြုနိုင်သည်။

Malathion, Cloropyrefos, Lambda cyhalothrin တို့သည် အင်းဆက်များကို သေစေနိုင်သော ပိုးသတ်ဆေးများဖြစ်သည့်အပြင် မွှားများကိုလည်း သေစေနိုင်သည့် အစွမ်းအာနိသင်ရှိသည်။ Bayer ကုမ္ပဏီ(ဂျာမနီ)မှ ထုတ်လုပ်သော အိုဘီရွန်(Oberon) (ဆေးအုပ်စု - Speromesifen 240sc)အသုံးပြု၍လည်း ကောင်းစွာနှိမ်နင်းနိုင်သည်။ အိမ်သုံးဆပ်ပြာမှုန့်ကို ရေဖျော်ပက်ဖျန်းပေးခြင်းဖြင့်လည်း အရေအတွက် လျှော့ချနိုင်သည်။

စိုက်နည်းပျိုးနည်းစနစ်များဖြင့်နှိမ်နင်းခြင်း

မှန်လုံအိမ်၊ ပလတ်စတစ်အိမ်များဖြင့် စိုက်ပျိုးသော သီးနှံများတွင် ရေမှုန်များပက်ဖျန်းပေးခြင်းဖြင့် စိုထိုင်းဆကို မြင့်စေပြီး မွှားပင့်ကူများကို သေစေနိုင်သည်။ မွှားပင့်ကူ ကျရောက်ဖျက်ဆီးမှုကြောင့် သေဆုံးသည့် အပင်အစိတ်အပိုင်းများကို စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်သင့်သည်။

သက်ရှိများအားအသုံးပြု၍ ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း

သဘာဝတွင် မွှားပင့်ကူများနှင့် အတူတကွ ယှဉ်တွဲတွေ့ရှိရသော သားရဲကောင်များဖြစ်သည့် ခြောက်ပြောက်ပါလှေးပိုး(6 Spotted Thrips)၊ အနက်ရောင် လိပ်ခုံးကျိုင်းငယ်(Stethorus spp.)၊ အခြား အကျိုးပြု လိပ်ခုံးကျိုင်း၊ သားရဲမွှားပင့်ကူများ(Predatory mites)(ပုံ-၃)နှင့် အစိမ်းရောင် ဇာတောင်ပိုး(Green lacewing)၏ အရွယ်မရောက်ကောင်အဆင့်(ပုံ-၄)တို့ကို အသုံးပြုခြင်းအားဖြင့်လည်း နှိမ်နင်းနိုင်သည်။ သို့သော် ဤနည်းမှာ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၌ အသုံးမပြုနိုင်သေးပေ။

သဘာဝတွင် မွှားပင့်ကူများနှင့်အတူ ဤသားရဲကောင်များကို ယှဉ်တွဲတွေ့ရှိရသော်လည်း အရေအတွက်များစွာ ပွားများမွေးမြူခြင်း မရှိသေးပါ။ ထိုင်း၊ အိန္ဒိယ၊ နယ်သာလန်နှင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အစရှိသည်တို့တွင်မူ ယင်းသဘာဝမိတ်ဆွေပိုးများအား အသုံးပြု၍ ကာကွယ်နှိမ်နင်းလျက်ရှိကြောင်း လေ့လာသိရှိရသည်။ သားရဲမွှားပင့်ကူများ(Predatory mites)ကို ပုဂ္ဂလိကကုမ္ပဏီများမှ အဆင်သင့် ဝယ်ယူသုံးစွဲ၍ နှိမ်နင်းနိုင်ကြောင်း လေ့လာသိရှိရသည်။

(ပုံ-၃) သားရဲမွှားပင့်ကူ(Predatory mites)

(ပုံ-၄) အစိမ်းရောင်ဇာတောင်ပိုး (Green lacewing) ၏ အရွယ်မရောက်ကောင်အဆင့်က မွှားပင့်ကူကို စားသောက်ပုံ

မြန်မာနိုင်ငံနှင့် မွှားပင့်ကူ

မြန်မာနိုင်ငံတွင် ဤမွှားပင့်ကူများ၏ ပြင်ပရုပ် သွင်ပြင်လက္ခဏာများကို အခြေခံ၍ အမျိုးအစားခွဲခြားခြင်း မှတ်တမ်းများ မရှိသေးပါ။ နေရာဒေသတစ်ခုအတွင်း မွှားပင့်ကူများ မျိုးစုမည်မျှရှိသည်၊ မည်သည့်မျိုးစိတ်ဖြစ်သည် ဆိုသည့် မျိုးရိုးဇီဝ ပျံ့နှံ့စွာတည်ရှိမှု(Biodiversity)နှင့် ပတ်သက်၍လည်း အချက်အလက်မှတ်တမ်းများ မရှိသေးပါ။ ၎င်းတို့အား ကာကွယ်နှိမ်နင်းနိုင်သည့် သဘာဝအတိုင်း အတူယှဉ်တွဲရှိနေသည့် သားရဲကောင်များ ရှိနေသော်လည်း မှတ်တမ်းအချက်အလက် မရှိသေးပါ။

၎င်း သေးငယ်လှသော မွှားပင့်ကူများနှင့်ပတ်သက်ပြီး ယခုအခါ ကမ္ဘာနှင့်အဝန်း သုတေသနပြုနေကြသည့် ပညာရှင်များ အများအပြားရှိနေပြီး မျိုးစိတ်အသစ်များအားလည်း ရှာဖွေမှတ်တမ်းတင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း သီးနှံပင်များအလိုက် တွေ့ရှိရသော မွှားပင့်ကူ မျိုးစိတ်များကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ကိမိလနှင့် သတ္တဗေဒဌာနတွင် ဆက်လက် ရှာဖွေမှတ်တမ်းတင်လျက်ရှိနေပြီး တောင်သူပညာပေးအစီအစဉ်အဖြစ်လည်း သင်တန်းများဖွင့်လှစ် ပညာပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် ယခုလက်ရှိတွေ့နေရသော မွှားပင့်ကူမျိုးစိတ်များနှင့် ၎င်းတို့၏ လက်ခံပင်များ၊ အနက်ရောင် လိပ်ခုံးကျိုင်းငယ် သားရဲကောင်ကို အသုံးပြု၍ ဇီဝနည်းလမ်းဖြင့် ကာကွယ်နိုင်ရန်အတွက် ဓာတ်ခွဲခန်းအတွင်း သုတေသနပြုလုပ်ဆောင်ရွက်နေခြင်းမှ ရရှိသည့် ရလဒ်များအား မှတ်တမ်းထားရှိပြီး သုတေသနစာစောင်များအဖြစ် ဖော်ပြနိုင်ရန် စီစဉ်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

"မွှားပင့်ကူများသည် အစုအဝေးဖြင့် နေထိုင်စားသောက်ကြသောအကောင်များ ဖြစ်သည်။ မွှားပင့်ကူကောင်များသည် အရွယ်အစားအားဖြင့် အလွန်သေးငယ်လှသော ဖျက်ပိုးများပင် ဖြစ်သော်လည်း ၎င်းတို့၏ ဖျက်ဆီးမှုနှုန်းမှာ မြင့်မားသည်။ ဖျက်ဆီးသည့်နှုန်း မြင့်မားလာသည်နှင့်အမျှ အရွက်တွင် စိမ်းရောင်ခြယ်ဆဲလ်များ ပျက်စီးမှုကြောင့် အပင်၏ အစာချက်နှုန်းကို ထိခိုက်စေပြီး သီးနှံအထွက်နှုန်းကို သိသာစွာ လျော့ဆင်းစေသည်"

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းလွန်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၆

ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို မြန်မာ-ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်း၍ ကျေးရွာ ၁၁၀ ၌ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီလက စီမံကိန်းများ အောင်မြင်စွာ ပြီးမြောက်ခဲ့သော်လည်း အဆိုပါစီမံကိန်းတွင်ပါဝင်ခဲ့သည့် ရွာများရှိ ကျေးရွာခေါင်းဆောင်များ၊ ရွာသူရွာသားများ၏ ပူးပေါင်းမှုဖြင့် စီမံကိန်းလွန်ကာလ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသလို ကျေးရွာသစ်လှုပ်ရှားမှု မွမ်းမံသင်တန်းတစ်ရပ်ကိုလည်း ဩဂုတ်လ ဒုတိယပတ်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦး၊ သင်တန်းကျောင်းတာဝန်ခံနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းတွင် ကျေးရွာခေါင်းဆောင် သင်တန်းသား သင်တန်းသူ ၅၄ ဦး တက်ရောက်ပြီး သင်တန်းကို ငါးရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ကျေးရွာသစ်စီမံကိန်း၏ ရာနှုန်းပြည့်အောင်မြင်မှုများကြောင့် တိုင်းဒေသကြီး ရန်ပုံငွေများဖြင့် ကျေးရွာပေါင်း ၂၆ ရွာတွင် စီမံကိန်းကို တိုးချဲ့၍ အကောင်အထည်ဖော်လျက်ရှိရာ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းကလည်း ကျေးရွာခေါင်းဆောင်များအတွက် လိုအပ်သော ကိုယ့်အားကိုယ်ကိုးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လုံ့လဝီရိယ ရှိခြင်း စသည့် ကျေးရွာသစ်(SMU)စိတ်ဓာတ် အပါအဝင် အသိပညာနှင့် နည်းပညာပေးသင်တန်းများကို ဖွင့်လှစ်ပို့ချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်း၍ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ဒုတိယအကြိမ်အဖြစ် ကျေးရွာပေါင်း ၁၃၀ ၌ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိကြောင်း၊ ကိုရီးယားနိုင်ငံ ရာသီဥတုပြောင်းလဲမှု ဗဟိုဌာနနှင့် ပူးပေါင်း၍လည်း စွမ်းအားမြင့်မီးဖိုများဖြန့်ဖြူးခြင်း စီမံကိန်းမှ ရရှိသည့် ရန်ပုံငွေများဖြင့် ကျေးရွာပေါင်း ၁၀၅ ရွာ၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သိန်း

နမ္မတူမြို့နယ်၌ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧက စိုက်ပျိုးပြီးစီး

နမ္မတူ ဩဂုတ် ၁၆

ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်သော မိုးစပါး(RS-CS) မျိုးစေ့ထုတ်စိုက်ခင်း ၁၀ ဧကကို နားကျဲကျေးရွာ၌ စနစ်တကျ စိုက်ပျိုးခြင်းလုပ်ငန်းများ ဩဂုတ် ၁၄ ရက်တွင် ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

ကိုဗစ်-၁၉ ကာလအတွင်း စပါးစိုက်တောင်သူများ ဝင်ငွေတိုးတက်ရရှိခြင်းဖြင့် စားဝတ်နေရေး အခက်အခဲမရှိစေရန်၊ ဒေသနေ လက်လုပ်လက်စား စိုက်ပျိုးရေးလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်၊ တစ်ပိုင်တစ်နိုင် မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းစနစ်များကို တောင်သူများ ကျွမ်းကျင်တတ်မြောက်စေရန်၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်းဖြင့် ဝင်ငွေ ခိုင်မာ တိုးတက်ရရှိမှုကို လက်တွေ့ကျကျသိရှိလာစေရန်နှင့် ဒေသအတွင်း မျိုးကောင်းမျိုးသန့် စိုက်ခင်းများ တိုးတက်ဆောင်ရွက်လာနိုင်စေရန် ရည်ရွယ်ချက်များဖြင့် နားကျဲကျေးရွာနေ တောင်သူတစ်ဦး၏ လယ်မြေ ၁၀ ဧက၌ မျိုးကောင်းမျိုးသန့် မိုးစပါး မျိုးစေ့ထုတ် ပျိုးပင်များကို ခြောက်တန်း တစ်တန်းလှပ်စနစ်ဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဌေးနှင့် ဝန်ထမ်းများက အဆိုပါ စိုက်ခင်း ၁၀ ဧကသို့ ကွင်းဆင်း၍ ကြီးကြပ်စိုက်ပျိုးပေးခြင်းဖြစ်ပြီး နည်းပညာပိုင်းနှင့် လိုအပ်သည်များကိုလည်း ပေါင်းစပ်ကူညီပေးကြကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ခဝဲ ဗီဇမျိုးကွဲများအား စုဆောင်း၍ မျိုးသန့်ပွားများခြင်းသုတေသန ဆောင်ရွက်နေ

နေပြည်တော် ဩဂုတ် ၁၆

သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်ကောင်း မျိုးကောင်း၊ မျိုးသစ်များ ပြောင်းလဲစိုက်ပျိုးလာခြင်း၊ မြို့ပြဧရိယာ တိုးချဲ့ခြင်းကြောင့် စိုက်ပျိုးဧရိယာ လျော့နည်းလာခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်း စသည်တို့ကြောင့် ရေ၊ မြေ၊ ဒေသ အသီးသီးရှိ သီးနှံမျိုးများနှင့် ယင်းတို့နှင့် ဆက်နွယ်နေသော မျိုးရိုင်းများ၊ ဗီဇမျိုးကွဲများနှင့် ဗီဇလက္ခဏာများမှာ တစ်စတစ်စ ကွယ်ပျောက်ဆုံးရှုံးလျက်ရှိရာ ယင်း ဗီဇလက္ခဏာကောင်းများ မပျောက်ပျက်ရေးအတွက် မျိုးစေ့ဘဏ် သုတေသနဌာနစုမှ သုတေသနပညာရှင်များသည် ဟုမ္မလင်း၊ နာဂနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများသို့ သွားရောက်၍ ဒေသတွင်းရှိ ခဝဲ ဗီဇမျိုးကွဲ ၁၉ မျိုးအား စုဆောင်းရယူခဲ့ကြောင်း စိုက်ပျိုးရေးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းထံမှ သိရသည်။

အဆိုပါ စုဆောင်းရရှိလာသော ခဝဲဗီဇမျိုးကွဲ ၁၉ မျိုး၏ပမာဏမှာ မျိုးစေ့ထိန်းသိမ်းသိုလှောင်သည့် အအေးခန်းအတွင်း ထိန်းသိမ်းထားရန် မလုံလောက်ခြင်းကြောင့် မျိုးသန့်ရရှိရေးအတွက် ၂၀၁၉-၂၀၂၀ ပြည့်နှစ် မိုးရာသီတွင် မျိုးစေ့ဘဏ်သုတေသန ကွင်းစိုက်ခင်း၌ သုတေသနပြု ပွားများစိုက်ပျိုးလျက်ရှိပြီး ယင်းကဲ့သို့ သုတေသနပြု ပွားများ၍ ရရှိလာမည့် ခဝဲ ဗီဇမျိုးကွဲများကို ၂၀၂၀-၂၀၂၁ ခုနှစ်အတွင်း ဆက်လက် သုတေသနပြု စိုက်ပျိုးမည်ဖြစ်ကာ မျိုးတစ်ခုချင်းအလိုက် ပင်ပိုင်းဆိုင်ရာလက္ခဏာများကို မှတ်တမ်းတင်ကောက်ယူသွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေး သုတေသန ဦးစီးဌာနမှ သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ် သုတေသနဌာနစုအနေဖြင့် သီးနှံဗီဇမျိုးကွဲများအား လေ့လာခြင်း၊ စုဆောင်းခြင်း၊ မျိုးတင်သွင်းခြင်း၊ မျိုးသန့်ပွားများခြင်း၊ သွေးသစ်လောင်းခြင်း၊ မျိုးဗီဇလက္ခဏာများကို မှတ်တမ်းတင်ခြင်း၊ အကြို မျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အအေးခန်းတွင် နှစ်တို/နှစ်လတ် ထိန်းသိမ်း သိုလှောင်ခြင်းနှင့် အအေးခန်းအတွင်း သိုလှောင် ထိန်းသိမ်းထားသော မှတ်တမ်းအချက်အလက်များ စီမံခန့်ခွဲခြင်း စသည်တို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

မျိုးစေ့ဘဏ်သုတေသနဌာနစု၏ နှစ်တို/နှစ်လတ် အအေးခန်းအတွင်း သိုလှောင်ထိန်းသိမ်းထားသည့်သီးနှံ မျိုးရိုးဗီဇများမှာ စပါး (စပါး၊ စပါးရိုင်း)၊ ပဲမျိုးစုံ(မတ်ပဲ၊ ပဲတီစိမ်း၊ ပဲလွမ်း၊ ကုလားပဲ၊ ထောပတ်ပဲ၊ ပဲပုပ်၊ ပဲယင်း၊ ပဲလိပ်ပြာ၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲစင်းငုံ၊ စားတော်ပဲ၊ ပဲရာဇာ၊ ပဲရိုင်း)၊ အပါအဝင် အခြားနှံစားသီးနှံ (ပြောင်း၊ နှံစားပြောင်း၊ ဂျုံ၊ ဆတ်၊ လူး)၊ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆူးပန်း၊ ဆီမုန်ညင်း)နှင့် ဟင်းသီးဟင်းရွက် သီးနှံ(ကြက်ဟင်းခါး၊ ဘူး၊ ရွှေဖရုံ၊ ခဝဲ၊ သပွတ်၊ ရုံးပတီ၊ ချဉ်ပေါင်၊ မုန်ညင်း၊ သခွား၊ ဆလတ်၊ ကန်စွန်းရွက်၊ နံနံ၊ မုန်လာနှင့် အခြား)တို့ဖြစ်ပြီး စုစုပေါင်း သီးနှံ မျိုးရိုးဗီဇကွဲ ၁၃၀၀၀ ကျော်ကို ထိန်းသိမ်းထားကြောင်း သိရသည်။

ဇူလိုင်မိုး

စုဆောင်းရယူလာသော ခဝဲမျိုးကွဲများကို သုတေသနကွင်းစိုက်ခင်း၌ ပွားများစိုက်ပျိုးထားစဉ်။

မလှိုင်မြို့နယ်တွင် မိုးကြက်သွန်များ စတင်စိုက်ပျိုး

မလှိုင် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ်၌ ကြက်သွန်စိုက်ပျိုးရာတွင် ပျိုးထောင်စိုက်ပျိုးခြင်းနှင့် မြိတ်စားကြက်သွန် စိုက်ပျိုးခြင်းဟူ၍ နည်းလမ်းနှစ်မျိုးဖြင့် စိုက်ပျိုးလေ့ရှိပြီး ပျိုးထောင်စိုက်ခြင်းကို တန်ဆောင်မုန်းလတွင် စတင်လေ့ရှိကာ မိုးကြက်သွန် (ဒေသအခေါ် မြိတ်စားကြက်သွန်)များ စိုက်ပျိုးခြင်းကိုမူ လက်ရှိအချိန်တွင် စတင်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

"မိုးကြက်သွန်ကို ဝါခေါင်လမှာ စတင်စိုက်ပျိုးကြပါတယ်။ မနှစ်ကရတဲ့ မျိုးစေ့ကို ကြက်သွန်ဥသေးသေးလေးတွေလုပ်ပြီး ခုချိန်မှာ စစိုက်ပျိုးတာပါ။ တစ်ဧကမှာ ကောက်စိုက်သမ ၁၂ ဦးလောက် သုံးရပါတယ်။ ပထမဆုံး ထယ်ရေးအရင်လုပ်ရပြီး စိတ်တိုင်းကျရင် မြေဩဇာထည့်ရပါတယ်။ ပြီးတော့ ကောက်စိုက်သမနဲ့ စိုက်ရပါတယ်။ ကျွန်တော်တို့ဆီမှာ ရွှေဖလားထိပ်မောက် အမျိုးအစားကို စိုက်ပျိုးပါတယ်"ဟု လယ်ကြီးကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးမြင့်ဝေက ပြောသည်။

ကြက်သွန်ဈေးနှုန်းရရှိမှုနှင့် ပတ်သက်၍လည်း "မျိုးကြက်သွန်စိုက်ပျိုးတဲ့အခါမှာ ကြက်သွန်မျိုးဥက တစ်ဧကကို ၁၃ တင်းနဲ့ ၁၄ တင်းလောက် ကုန်ပါတယ်။ စိုက်ပျိုးချိန်ကာလအားဖြင့် သုံးလခွဲ၊ လေးလကြာမြင့်ပြီး ပေါင်းသတ်ဆေး၊ အားဆေး၊ ပိုးသတ်ဆေး စတာတွေလည်း ဖျန်းရပါတယ်။ ဒီကြားထဲမှာ ကြက်သွန်ဈေးမကောင်းရင်တော့ ရှုံးတာ များပါတယ်။ မိုးကြက်သွန်ကို တစ်ပိဿာငွေကျပ် ၉၀၀ ၁၀၀၀ ဝန်းကျင်ရမှ တောင်သူတွေ အဆင်ပြေပါတယ်" ဟု ၎င်းက ဆက်ပြောပြသည်။

မြိတ်စားကြက်သွန် စိုက်ပျိုးရာတွင် တစ်ဧကလျှင် ကြက်သွန်ပိဿာချိန် ၄၀၀၀ ဝန်းကျင်ခန့် ထွက်ရှိကြောင်း ကြက်သွန်စိုက် တောင်သူများထံမှ သိရသည်။

ဘိုဘို(မလှိုင်)

ရွာငံမြို့နယ်တွင် တောင်ယာဒေသဆန်နီမျိုးအစား ရွှေရင်အေးစပ်မျိုးများကို အစားထိုးစိုက်ပျိုးသူ များပြားလာ

ရွာငံ ဩဂုတ် ၁၆

ရွာငံမြို့နယ်သည် တောင်ပေါ်ဒေသဖြစ်သည့်အားလျော်စွာ လယ်မြေနည်းပါးပြီး တောင်ယာစိုက်ခင်းများဖြင့်သာ အဓိက အသက်မွေးလုပ်ကိုင်ကြရာ ယခင်က တောင်ယာများ၌ ကုန်မြင့်-၂ (ခေါ်) ဒေသ ဆန်နီစပါးမျိုးများကိုသာ အများအပြား စိုက်ပျိုးလာခဲ့ကြရာမှ ယခုနှစ် ကိုဗစ်ကာလတွင် လယ်စပါးမျိုးဖြစ်သော ရွှေရင်အေး စပ်မျိုးစပါးများကိုလည်း တောင်ယာများ၌ အစားထိုးစိုက်ပျိုးလာသူများပြားလာကြောင်း သိရသည်။

တောင်ယာများတွင် ဒေသ ဆန်နီစပါးမျိုး စိုက်ပျိုးရာတွင် တစ်ဧကလျှင် မျိုးစပါး ၂၄ ပြည်ခန့် အသုံးပြုရပြီး တစ်ဧကအထွက်နှုန်းမှာ ၄၅ တင်းမှ တင်း ၅၀ အထိသာ ထွက်ရှိကြောင်း၊ ရွှေရင်အေးစပ်မျိုးစပါး စိုက်ပျိုးလျှင် တစ်ဧကအတွက် မျိုးစေ့ ရှစ်ပြည်ခန့်သာ သုံးစွဲရပြီး တစ်ဧကမှ အထွက်နှုန်းမှာလည်း တင်း ၁၀၀ မှ ၁၂၀ ခန့်အထိရရှိ၍ တောင်သူများအနေဖြင့် မျိုးစေ့အတွက် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းလည်း ပိုမိုကောင်းမွန်သော ရွှေရင်အေးစပါးစပ်မျိုးများကို တောင်ယာများတွင် စိုက်ပျိုးမှု များပြားလာခြင်းဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ရွှေရင်အေး စပ်မျိုးစပါးသည် လယ်ယာမြေတွင်စိုက်သည့် စပါးမျိုးဖြစ်သော်လည်း တောင်ယာများတွင်ပါ စိုက်ပျိုးနိုင်ကြောင်း၊ တောင်ယာများတွင် ရွှေရင်အေး စပ်မျိုးစပါး စိုက်ပျိုးခြင်းဖြင့် တောင်သူများအနေဖြင့် အရည်အသွေး ပိုမိုကောင်းမွန်သော ဆန်ကို စားရသလို အထွက်နှုန်းလည်း တိုးတက်လာခြင်းကြောင့် ပိုလျှံရရှိလာသော ဆန်များကို ဈေးကွက်သို့ တင်ပို့ရောင်းချရာတွင်လည်း ဈေးကောင်းရသဖြင့် စီးပွားရေးအရလည်း တွက်ခြေကိုက်ကြောင်း သိရသည်။

ရွာငံမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင် အထက် ၄၀၈၂ ပေအမြင့်တွင် တည်ရှိပြီး တစ်နှစ်တာမိုးရေချိန်မှာ ပျမ်းမျှ ၁၂၇ ရက်တွင် ၈၁ ဒသမ ၂၉ လက်မခန့် ရွာသွန်းလေ့ရှိသောဒေသဖြစ်သည်။

ယခုနှစ် မိုးရာသီကာလတွင် ယာစပါး စိုက်ပျိုးရန် လျာထားဧကမှာ ၁၅၆၂၇ ဧကရှိခဲ့ရာမှ ကိုဗစ်-၁၉ ကာလအတွင်း တောင်သူများအနေဖြင့် တောင်ယာစပါး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား စိုက်ပျိုးလုပ်ကိုင်လာကြခြင်းကြောင့် မိုးရာသီမကုန်မီ လက်ရှိအချိန်တွင် လျာထားဧကထက် ကျော်လွန်၍ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လှည်းကူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး မိုးရာသီသစ်ပင်စိုက်ပွဲတော်ကို မင်္ဂလာဒုံမြို့နယ် လှော်ကားရေဝေရေလဲဒေသတွင် ယမန်နေ့က ကျင်းပသည်။

လှော်ကားရေဝေရေလဲဒေသရှိ မြေပြင် ၅၇၈၆ ဧကတွင် ၃၅၅၅ ဧက သစ်ပင်စိုက်ရန် ကျန်ရှိပြီး ယမန်နေ့က အသစ်စိုက်ပျိုးဧက ၅၀နှင့် အစားထိုးဖြည့်စွက်စိုက်ဧက ၁၅၅ ဧကတို့ပေါ်တွင် စည်သပြေ၊ ကျွန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ တယ်ကြီး၊ ပျဉ်းမ၊ ခရေ၊ ရေတမာပင် ၁၁၀၇၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တာဝန်ရှိသူများက စိုက်ပျိုးပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဆားတလင်း – ဒါးပိန် – ကျွဲကူးဆိပ်လမ်းနှင့် သပြု – ရှမ်းကန် – ကဝလမ်းကို ဆက်သွယ်တည်ဆောက်လျက်ရှိသည့် ပဲခူးမြစ်ကူးတံတား (ဒါးပိန် – သပြု) လှည်းကူးမြို့နယ်ဘက်ခြမ်း တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှု၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်နှင့် တံတားတည်ဆောက်ရေးတာဝန်ရှိသူများက တည်ဆောက်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

လှည်းကူးမြို့နယ် အားကစားခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးမှ သစ္စာစီမံချက်ဖြင့် မြို့နယ်အတွင်း ရပ်ကွက်ကျေးရွာများမှ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် မြို့နယ်ဦးစီးမှူးတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် လှည်းကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်း စက်မှုဥယျာဉ်စီမံကိန်း ဆောင်ရွက်မည့် Myanmar Singapore(Hlegu) Industrial Park JV (MSIP)Co.,Ltd. မှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေမှုကို ကြည့်ရှုစဉ်။

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

ပဲခူး ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အစည်းအဝေးခန်းမ၌ ယမန်နေ့က တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး Jinang Nan International Co.,Ltd. မှ တာဝန်ရှိသူတစ်ဦးက တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် အလှူငွေပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များထံ တိုင်းဒေသကြီး (အရှေ့)အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် တိုင်းဒေသကြီး (အနောက်)အတွက် အလှူငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ငူခရိုင်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး လူမှုရေးအသင်းအဖွဲ့များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တောင်ငူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမဆောက်လုပ်နေမှုကို လည်းကောင်း၊ တောင်ငူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် တောင်ငူ–လိပ်သို–ရာသိုလမ်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ ထုံးဘိုကြီးလမ်းဆုံတွင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်နိုင်ရန် ရဲကင်းဆောက်လုပ်မည့် မြေနေရာကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

တင်စိုး(ပဲခူး)

ကယားပြည်နယ်ဝန်ကြီးချုပ် မယ်စဲ့မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော ပြည်သူများအား (ဒုတိယအကြိမ်) ထောက်ပံ့

မယ်စဲ့ ဩဂုတ် ၁၆

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမော်မော်၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအံ့မော်တို့သည် ယမန်နေ့က မြို့နယ်ခန်းမ၌ မယ်စဲ့မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအား (ဒုတိယအကြိမ်) ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်–၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်နစ်နာမှုများရှိသည့်အတွက် နိုင်ငံတော်က ပုံမှန် ဝင်ငွေမရှိသည့် အခြေခံလူတန်းစားများအား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ စီ ထောက်ပံ့ပေးအပ်ရာ မယ်စဲ့မြို့နယ်အတွင်းရှိ ထောက်ပံ့မှုရရှိသည့် မိသားစုဝင်များအနေဖြင့် အတိုင်းအတာတစ်ခုအထိ အကျိုးရှိမည်ဟု ယုံကြည်ကြောင်း၊ ကယားပြည်နယ်တွင် ယခုအချိန်အထိ ကိုဗစ်–၁၉ ရောဂါပိုး မတွေ့ရှိသေးသည့်အတွက် ဆက်လက်၍လည်း နယ်စပ်အဝင်၊ အထွက်ဂိတ်များတွင် စစ်ဆေးရေးအဖွဲ့ဖြင့် စိစစ်ကြပ်မတ်ဆောင်ရွက်နေမှုများကို အားလုံးက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မယ်စဲ့မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၅၇၄ စုအတွက် ငွေကျပ် ၁၁၄၈၀၀၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

ကျောမြို့ဒေသရှိ သိုက်တောတမံ တည်ဆောက်နေမှု မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

ဂန့်ဂေါ ဩဂုတ် ၁၆

၂၀၂၀ ပြည့်နှစ်အတွင်း ဆောက်လုပ်လျက်ရှိသော ဂန့်ဂေါခရိုင် ကျောမြို့ဒေသရှိ သိုက်တောတမံ တည်ဆောက်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ဦးမြင့်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းညို၊ ဂန့်ဂေါမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမောင်မောင်အေး၊ ကျောမြို့အုပ်ချုပ်ရေးမှူး ဦးမြတ်ငွေဦးနှင့် တာဝန်ရှိသူများသည် ဩဂုတ် ၁၄ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါ သိုက်တောတမံသည် အလျားပေ ၆၀၀၊ အမြင့် ၄၄ ပေရှိပြီး အကျိုးပြုရေဂါလန် ၄၂ သန်းသိုလှောင်နိုင်မည် ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၉၂ သန်းဖြင့် ဆောက်လုပ်ခြင်းဖြစ်ကြောင်း၊ ကျောမြို့ဒေသတွင် အိမ်ခြေ ၁၁၅၆ အိမ်၊ လူဦးရေ ၄၈၀၀ ခန့်ရှိ၍ လုပ်ငန်းပြီးစီးသည့်အခါ နွေရာသီ၌ သောက်ရေရှားပါးသည့် ကျောမြို့နှင့်အနီး ပတ်ဝန်းကျင်ကျေးရွာများသို့ ဖြန့်ဝေပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါသိုက်တောတမံ၏ ရေဝင်ဆံ့နိုင်မှုပမာဏ၊ တမံ၏ကြံ့ခိုင်မှုအခြေအနေ၊ ဒေသအတွက် အကျိုးပြုမည့် အခြေအနေများကို မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း လက်ထောက် ညွှန်ကြားရေးမှူး ဦးညာဏ်စိုးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား ရှင်းလင်းတင်ပြခဲ့ရာ လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

ထင်အောင်နိုင်(ဂန့်ဂေါ)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံ

မြစ်ကြီးနား ဩဂုတ် ၁၆

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့နယ် နောင်နန်းကျေးရွာအုပ်စု (၁၀)မိုင်ကျေးရွာနှင့် (၈)မိုင် ကျေးရွာတို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပညာသင်ကြားမှု အဆင်ပြေစေရေးအတွက် လိုအပ်ချက်များကို ယမန်နေ့က ရပ်မိ ရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နောင်နန်းကျေးရွာအုပ်စု (၁၀)မိုင်ရွာ ဂျော်မဆပ်ဘုရားကျောင်း၌ နှစ်ခြင်းအသင်းတော်တာဝန်ရှိသူများနှင့် အသင်းသူ အသင်းသားများနှင့် တွေ့ဆုံပြီး အသင်းတော်တာဝန်ရှိသူများက ဘုရားကျောင်း ဝင်းအတွင်းလမ်းနှင့် တောင်ဘက်ရှိ ရွာတွင်းလမ်းနှင့်တံတားများဆောင်ရွက် ပေးနိုင်ရေး၊ အသင်းတော်သင်ကြားရေးအဆောင်ပြီးစီးနိုင်ရေးအတွက် ကူညီထောက်ပံ့ပေးနိုင်ရေး စသည်တို့ကို တင်ပြတောင်းဆိုကြရာ ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့အနေဖြင့် ပြည်သူများအား အလုပ်အကျွေးပြုရမည်ဟု ခံယူထားကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်များကို ဘတ်ဂျက်ခွဲဝေလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ တင်ပြတောင်းဆို မှုများအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နောင်နန်း (၈)မိုင်ကျေးရွာရှိ ဗေသာနိဘုရားကျောင်းဝင်း အတွင်း၌ အသင်းသူ အသင်းသားများ၊ ရပ်မိ ရပ်ဖများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံပြီး အသင်းတော်ပိုင် မူကြိုသုံးထပ်ဆောင် ဆောက်လုပ်နိုင်ရေး ကူညီပံ့ပိုးပေးရန်ကိစ္စ၊ နောင်နန်း(၃) အခြေခံပညာအလယ်တန်းကျောင်းနှင့် ဘုရားကျောင်းဝင်းကြားရှိ ကျေးရွာလမ်းခင်းကျင်းပေးနိုင်ရေး၊ ပညာသင်ကြားရေးအတွက် ကျောင်းဆောင်သစ်လိုအပ်ချက်နှင့် ကျောင်းဝင်း ခြံစည်းရိုးကာရံပေးရေး၊ သင်ထောက်ကူပစ္စည်းလိုအပ်ချက်များကို တင်ပြဆွေးနွေးမှုအပေါ် ပြည်နယ် ဝန်ကြီးချုပ်က လမ်းခင်းပေးနိုင်ရေးနှင့် ပညာသင်ကြားရေးအတွက် သင်ထောက်ကူပစ္စည်းလိုအပ်ချက်များကို အမြန်ဆုံး ဖြည့်ဆည်းပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားကာ ခင်းကျင်းဆောင်ရွက်ပေးရမည့်လမ်းအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ပြည်နယ်(ပြန်/ဆက်)

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း (၁၂) မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

၂၀၂၀ပြည့်နှစ်၊ ဇွန်လနှင့် ဇူလိုင်လအတွင်း သုံးစွဲရန်မသင့်ဟု စစ်ဆေးတွေ့ရှိသည့် အလှကုန်ပစ္စည်းများစာရင်း

စဉ် ။	အလှကုန်ပစ္စည်း အမည်	ထုတ်လုပ်သည့် ကုမ္ပဏီ	တွေ့ရှိချက်	ပစ္စည်းနမူနာ
၁။	NXY Pro Mineral Eyeshadow & Blusher – 03 (16g)	Made In P.R.C	Rhodamine (B)(+)	
၂။	Kiss Beauty 8 Color Eyeshadow + 2 Color Blusher (17g)	Made In P.R.C	Lead (+)	
၃။	ANYLADY Tokyo Makeup Palette Eye Shadow/ Eye Brow Powder/ Powder/ Lipstick Cream/ Blusher (56g)	Made In P.R.C	Rhodamine (B)(+)	
၄။	ANYLADY Eyeshadow Make Up Palette (No.01)(16g)	Made In P.R.C	Lead (+)	
၅။	ANYLADY Eyeshadow Make Up Palette (No.02)(16g)	Made In P.R.C	Lead (+)	
၆။	Kiss Beauty Matte Colorful Blush Finish Touch – 04 (6g)	ဖော်ပြမထားပါ။	Rhodamine (B) (+)	
၇။	NYX Soft Matte Lip Cream (4ml)	Made In China	Rhodamine (B) (+)	
၈။	Romantic May Liquid Matte Lip Gloss & Lipstick	ဖော်ပြမထားပါ။	Rhodamine (B) (+)	
၉။	Classic Kishow – 07	ဖော်ပြမထားပါ။	Rhodamine (B) (+)	
၁၀ ။	Lidanxiu Aloe Vera 92% Soothing Gel Lip Balm	Made In P.R.C	Rhodamine (B) (+)	
၁၁။	Pony Beauty Soothing & Moisture Aloe Vera 99% Powder + Blusher – 01 (35g)	Made In P.R.C	Lead (+)	
၁၂။	SHISEIDO Soft Powder Smooth And Delicate Skin	Made In P.R.C	Lead (+)	

၃။ တားမြစ်ဓာတုပစ္စည်းများသည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။ အရောင်ဆိုးဆေးများသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသော ဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နူတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)သင်တန်း မော်လမြိုင်၌ ဖွင့်လှစ်

မော်လမြိုင် ဩဂုတ် ၁၆

မော်လမြိုင်ခရိုင်အတွင်းရှိ တောင်သူများအနေဖြင့် မိမိတို့လက်ဝယ်ရှိ လယ်ယာသုံး စက်ကိရိယာများကို စနစ်တကျ ကိုင်တွယ်မောင်းနှင် အသုံးပြုနိုင်စေ ရန်၊ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ခြင်းလုပ်ငန်းကို ဒေသအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြစေရန်နှင့် ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို မော်လမြိုင်မြို့ ကြာအင်းကျေးရွာရှိ အမှတ်(၅၄) စက်မှုလယ်ယာ စခန်း၌ ဩဂုတ်လ ဒုတိယပတ်အတွင်းက စတင်ဖွင့်လှစ်လျက်ရှိသည်။

